www.burmeseclassic.com

Two Cats PUBLICATION

စိုင်းစိုင်းခမ်းလှိုင်

ကံကိုဆွဲ၍
မှုန်းသီခြယ်

# မင်ရည်ကျဲ၏ မကျဲ၏

BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com

စိုင်းစိုင်းခမ်းလှိုင်

ကံကိုဆွဲ၍မှုန်းသီမြွယ်

# မင်ရောကျဲ၏မကျဲ၏

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



၊ နိဒါန်း ၊

မီးပွိုင့်တွေ . . . မီးပွိုင့်တွေ . . . .

စိမ်းသည် ။ ဝါသည် ။ နီသည် ။

လမ်းပေါ်မှာ ကားတွေပြွတ်သိပ်ကြပ်ညပ်နေသည်ထိုယဉ် ကျောပိတ်ဆို့မှုအားလုံးကိုလစ်လျူရှု၍ ကားတစ်စီးကတော့ အတင်းကွေ့ပတ် ကျော်ဖြတ်မောင်းနှင်လျက်။ ကား၏ ခေါင်မိုးထက်ပေါ်တွင် အနီရောင်အချက်ပြ မီးတန်းကြီးက မှိတ်တုတ်လင်းနေသည်။ ဒဏ်ရာရ လူနာတစ်ယောက်ကဲ့သို့ ဥသြသံက ညည်းတွားလေသည်။

"တီးတူ . . . တီးတူ . . . တီး . . . . တူ"



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံကား ။ ဟုတ်ကဲ့ ။ အဖြူရောင်ဆေးရုံကားတစ်စီး ကမ္ဘာအေး ဘုရားလမ်းမကြီးပေါ်ရေးကြီးသုတ်ပြာ ပြေးလွှားလို့နေသည်။ ဦးတည်ရာမှာ လှိုင်သာယာသို့ ။ အကယ်၍ ဘုရင့်နောင်မီးပွိုင့်နှင့် ဘုရင့်နောင်တံတားပေါ်မှာသာ ကားတွေလှုပ်မရအောင် ပိတ်မနေဘူးဆိုလျှင် (၁၀)မိနစ်ခန့်အတွင်း ဆေးရုံသို့ ရောက်နိုင်ပါသည်။

ဆေးရုံကားပေါ်မှ အရေးပေါ်ဌာနသို့ ကွန်းထုတ်သွားသော လူနာတင် တွန်းလှည်းနောက်သို့လူငယ်လေးသုံးဦး ဒရောသောပါးပြေးလိုက်သွားသည်။



ဆေးရုံဝန်ထမ်းအချို့ တဒင်္ဂတော့ အလုပ်ရှုပ်သွားကြလေသည်။ တာဝန်ကျဆရာဝန်သည် အရေးပေါ်လူနာ အခန်းသို့ ခပ်သုတ်သုတ်လျှောက် သွားသည်။

စူဇူကီးဝယ်ဂွန်ကားလေးဖြင့် အမျိုးသမီးကြီးတစ်ဦးနှင့် အမျိုးသမီးငယ်တစ်ဦးထပ်ရောက်လာသည်။ ကားဖြင့်လာသည်နှင့်မတူ ။ ပြေးလာကြသည်နှင့်တူ၏။ မောဟိုက်နေကြပါသည်။

* * *





အချိန်အနည်းငယ် ကြာသွားပြီ။ လူနာအား အထူးကြပ်မတ်ကုသဆောင်သို့ ပြောင်းရွှေ့ထားလိုက်ကြသည်။ သူနှင့် သူ၏အသိစိတ်တို့ ဝေးကွာနေကြတုန်းပဲဖြစ်ပါသည်။ မျက်နှာတစ်ဝိုက်တွင် မည်သည့် အသက်ရှူကိရိယာမှ တပ်ဆင်မထားသော်လည်း သွေးပုလင်းတစ်လုံးနှင့်ဆေးပုလင်းကြီး တစ်လုံးတို့မှာ သူ၏လက်ဖျံနှင့်တိုက်ရိုက်ဆက်သွယ်လျက် . . .

သူသတိရလာပြီလား ။ ဝိုးတဝါးဖြစ်နေသည် ။ အသံဗလံတွေကြားသည်ဟုထင်သည်။အသံကို မြင်အောင်ကြည့်သည်။ ဟင့်အင်း ။ အသံအားလုံး အမှောင်ထဲမှာ ... ... ။

နောက်ထပ် လူတွေထပ်ရောက်လာကြသည်။ စိုးရိမ်သောကဖြင့် ပူပန်နေကြသည်။ လူတွေပြန်သွားကြပြန်သည်။ လူနာကုတင်ဘေးရှိ ကုတင်ငယ်လေးတွင် မိန်းကလေး(၃)ဦးထိုင်နေသည်။ တိတ်ဆိတ်စွာ . . . . . . .။ ထိုင်နေသည် ။ ယောက်ျားလေး(၂)ဦး နံရံကိုမှီ၍ ရပ်နေသည်။ စကားတီးတိုးပြောနေသည်။ အမျိုးသမီးကြီးမှာ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေသည်။ ကော်ဖီကို စတီးလ်ခွက်တစ်ခွက်တွင်ထည့်၍ လက်ကကိုင်ထားသည်။

* * *

BURMESE CLASSIC .com

သူ အနည်းငယ်မျှ . . . လှုးလွန့်သည်။
သူ .... ငြိမ်သက်သည်။

* * *

သူ့အား ညအိပ်ဝတ်စုံဝတ်ပေးထားကြသည်။ဤသို့ဆိုလျှင် သူ၏ရင်ဘတ် ပြင်ပေါ်၌ရေးထိုးထားသော တစ်ခုချင်းစီဖြစ်နေသည့် tattoo (ဆေးမင်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်)များကို သူတို့တွေ့သွားကြပေလိမ့်မည်။

"သတိမရသေးဘူးလားဟင်.."

တစ်ယောက်၏ အမေးကို တစ်ယောက်က ခေါင်းခါပြသည်။

"သူ သတိတော့ရလာမှာပါနော် ..."

မည်သူ့ထံကမှ အဖြေမရ။

* * *

အလင်းရောင်ရဖို့ မျက်ခွံများအား တွန်းဖွင့်ခြင်းငှာ သူမစွမ်းသာပါ။ ထို့ကြောင့် မျက်ခွံအပြင်ဘက်က လက်ရှိလောကကို သူ မထိတွေ့နိုင်ချေ။ ထိုအခိုက်မှာ မျက်ခွံ၏ အတွင်းဘက်ရှိမှတ်ဉာဏ်သိုလှောင်ရာဌာနမှ သိမ်းဆည်းထားသော အတိတ်စာအုပ်တစ်အုပ်ဆီ သူ့ရဲ့စိတ်များကမျောပါနေပြီ ။ အတိတ်စာအုပ်။ လူတို့၏ ဦးနှောက်၊ နှလုံးသားနှင့်သည်းခြေများထဲတွင် ဤကဲ့သို့ အတိတ်ကို မှတ်သားသော File ပေါင်း အလွန်များပြားစွာ ရှိပါလိမ့်မည်။ သူ့စိတ်ဝိဉာဉ်သည် အတိတ်စာရွက်တို့ကို တစ်ရွက်ချင်းလှန်လေသည်။

* * *

ဘဝဟာစာသင်ခန်းတစ်ခုဆိုပါစို့

အချစ်ဆိုတာ ဖတ်စာအုပ်တစ်အုပ်ဖြစ်လိမ့်မယ်။

ဖတ်စာအုပ်ကို ဖွင့်ကြည့်လိုက်တဲ့အခါ

အက္ခရာတွေ ခုန်ပေါက်ကစားတယ် .......





.A.

ကလေးတစ်ယောက်သည်ဤနေရာကို
တစ်ခုသောကစားကွင်းလို့ခေါ်ပါသည်

( မြင့်မိုးအောင် )

* * *



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဒီနေ့ ဖျားတယ်။ အဖျားဒီဂရီ ၁၀၂ တဲ့။ တုန်တုန်ချမ်းပြီးတော့ အဖျားတက်တာ။ ညီမလေးက Alexan နဲ့ Gelmeg တွဲတိုက်ပြီး ကျောင်းကိုသွားတယ်။တစ်အိမ်လုံးမှာကျွန်တော်တစ်ယောက်တည်းရယ်။ ဒီအချိန်မှာအိပ်ပျော်သွားတဲ့ ကျွန်တော်ဟာအိပ်မက် မက်ပါတယ် . . . .

⁂ ⁂ ⁂

Snow White လို့ ယူဆရတဲ့ ကောင်မလေးတစ်ယောက်ကိုတောကြီးမျက်မည်းထဲမှာကျွန်တော် တွေ့သတဲ့။လူပုလေးတွေမခြံရံထားပါဘူး။ ဖိနပ်မပါတဲ့ ခြေဗလာနဲ့မြက်ခင်းပြင်ပေါ် ပြေးဆော့နေတယ်။ရိုးရိုးမြက်ခင်းမဟုတ်ဘူး။သစ်ရွက်ခြောက်တွေကြဲပြန့်နေတဲ့မြက်ခင်း။ကျွန်တော်ကမြေနီလမ်းပေါ် လျှောက်သတဲ့။ ရိုးရိုးလမ်းမဟုတ်ဘူး။စိန်ပန်းပြာတွေ ကြွေတဲ့လမ်း။

နောက်တော့ ကျွန်တော်နဲ့မိန်းကလေးမျက်နှာချင်းဆိုင်ဖြစ်သွား တယ်။








(အိပ်မက်ဆိုတာရုပ်ရှင်ပြကွက်လိုပဲနော်။ မပြချင်တဲ့အခန်းဆိုရင်ကျော်ပစ်တယ်။ အံ့ရော) ပြီးကျတော့ကျွန်တော့်ကိုမိန်းကလေးကနမ်းသတဲ့။( အံ့ရော ) ။

. . . . . . .

. . . . . . . . (အံ့ရော) ။

နောက်တော့ ကျွန်တော်နဲ့ မိန်းကလေး ယှဉ်တွဲထိုင်နေရာ တောင်တောင်း

www.burmeseclassic.com



လေးပေါ်မှာ(ဘယ်လိုက ဘယ်လို တောင်ဆောင်းပေါ် ရောက်သွားပြန်သလဲမသိပါ) မိုးတွေရွာပါတယ်။ မိုးတကယ်ရွာတယ်။သို့ပေမယ့် ရွာတဲ့မိုးက မိုးပုတွေ။ မိုးတွေစိုရင်းကကျွန်တော်အိုက်လာတယ်။ ချွေးတွေတောင်ပျံလာသလိုပဲ။ မွန်းကြပ်လာတယ်။မိန်းကလေးက ကျွန်တော့်ကိုသိုင်းဖက်လိုက်တယ်။ ဟင့်အင်း။ ကျွန်တော်ပူအိုက်လွန်းလို့ပါ။ လွှတ်ပါ။ မရဘူး ….မိန်းကလေးကမိန်းကလေးမဟုတ်တော့ဘူး။ ဝါတွေ ဂွမ်းတွေ အစိုင်အခဲတွေ ဖြစ်လာတယ်။ကျွန်တော့်ကိုယ်ကို ထွေးလုံးရစ်ပတ်တယ်။ အရမ်းပူတယ်ဗျာ။ မိုးရေပူတွေ။ချွေးတွေနဲ့ ဝါဂွမ်းတွေထဲမှာကျွန်တော်သေရတော့မယ်။ ဂွမ်းဝါတွေကြားမှာမျက်လုံးတစ်စုံနဲ့ အကြည့်ချင်းဆုံတယ်။ အဲဒီမျက်လုံးဟာနူးညံ့ရာကကြမ်းရလာတယ်။ ကျွန်တော့်ကို မကြည့်ပါနဲ့။ကျွန်တော်အော်ပစ်တယ်။

ကိုယ်ပေါ်ကို ပိကျနေတဲ့ အရာအားလုံးကို ရှိရှိသမျှ ခွန်အားနဲ့ ကန်ကျောက်တွန်းထိုးလိုက်နိုင်ချိန်မှာ ကျွန်တော်လန့်နိုးပါတယ်။

အား ….. ….. …… တစ်ကိုယ်လုံးလည်း ချွေးတွေချည်းပဲ .

…ဝတ်ထားတဲ့ T- Shirt နဲ့ ဘောင်းဘီကို Pajama တစ်စုံနဲ့လဲလိုက်တယ်။ရေလည်းငတ်တယ်။ရေကိုဗူးလိုက်မော့ချလိုက်တော့ လည်ချောင်းက မခံနိုင်လောက်အောင်နာတယ်။

အား . . . .

သာမိုမီတာမှာ အပူချိန် ၁၀၀ လောက်ပဲရှိတော့တယ်။ လူကတော့နုံးချိနေတုန်းပဲ။ TV ကိုဖွင့်ကြည့်တော့ သရဲကားတစ်ကားပြနေတယ်

"ဟာကွာ . . ."

ကျွန်တော် သရဲကားကြည့်လေ့မရှိဘူး။ သာမာန်အားဖြင့်တော့





ကျွန်တော်မကြောက်တတ်ပါဘူး။ ဒါပေမဲ့ တချို့သောညတွေမှာဆို အိပ်ပျော်မှုပျော်ခင်ကလေးမှာ ခြောက်ခြားပြီးတော့ လန့်နိုးတတ်တယ်။ အသိစိတ်ပြန်ရတဲ့အချိန်မှလန့်တာပြေသွားတယ်။ ဒါဟာ အားငယ်တတ်တဲ့စိတ်တစ်မျိုးလို့ ကြားဖူးပေမဲ့ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကို အားငယ်တတ်သူလို့မထင်မိပါဘူး။အဖေနဲ့အမေ မရှိတော့ခြင်းဟာလည်း အားငယ်စရာတစ်ခုလို့ဘယ်တော့မှ ကျွန်တော်မသတ်မှတ်ဘူး။ တစ်ခုကလေးပါပဲ။ အဓောနတုန်းက ပြောတဲ့ ညအိပ်လို့မနှစ်ခြိုက်ခင်စပ်ကြား လန့်နိုးတတ်တာလေးတစ်ခုပဲ။

ဒီလိုနဲ့ ဝေါင်စင်းစင်းကြီး ပျင်းနေတော့လည်း computer ရှေ့ထိုင်မိတာပေါ့။ Online ပေါ်မှာ ကမ္ဘာတစ်ခုလုံးရဲ့ အတင်းအဖျင်းတွေ ရှာဖတ်ရတာ အပျင်း ပြေနည်းတစ်ခုပါပဲ။ ဒါမှမဟုတ် Chat room တစ်ခုခုမှာ အရည်မရ အဖတ်မရ လျှောက်ရှီးရင်း အချိန်ဖြုန်းနေလည်းရတယ်။

ဩော် ..ပြီးတော့ ကျွန်တော်က friendster သုံးတယ်လေ။ ကိုယ့်အကြောင်းကိုယ် မဟုတ်ကဟုတ်ကလျှောက်ရေးပြီး သူများတွေရဲ့ ဟုတ်မှန်း မဟုတ်မှန်းမသိတဲ့ အကြောင်းတွေဖတ်ရတာ မိုက်တယ်။ဟုတ်တယ်ဟုတ်? ။

Massage တွေဖတ်လို့ပြီးတော့ friend request ကိုဖွင့်လိုက်တယ်။ ကျွန်တော်ကမသိတဲ့သူတွေကို လက်ခံလေ့မရှိပါဘူး။ အခုတော့ friend request အသစ်တစ်ခုကို profile ဖွင့်မကြည့်ဘဲ ချက်ချင်း Accept လုပ်လိုက်မိပါတယ်။ ဘာလို့လဲသိလား။ ဒီတစ်ယောက်ရဲ့ ID က Snow White 89 တဲ့

Snow White 89



19, Female

Single

Location : Yangon



www.burmeseclassic.com

www.burmeseclassic.com



Hometown: Yangon

Skool : TTC , Ygn Uni , YCC

* * *

* * *

* * *

ကျွန်တော်နည်းနည်းပြန်ချမ်းလာပြီ။ ဒါပေမဲ့ ပေပြီးဆက်ထိုင်နေမိတယ် သူ့အကြောင်းတွေဖတ်ရတာ သိပ်စိတ်ဝင်စားစရာ မကောင်းပေမဲ့ ကျွန်တော်စိတ်ဝင်စားနေတဲ့ အချက်ကကျွန်တော့်ကိုဘယ်လိုသိသလဲဆိုတာပါ။ YCC မှာ ကျွန်တော်လည်းတက်ဖူးပေမယ့် ကျွန်တော်က သူ့ထက်ငါးနှစ်လောက်ကြီးတာဆိုတော့ အဲဒီမှာ ဆုံဖူးတာ မဖြစ်နိုင်ဘူး။ သိဘူးဗျာ။

ကျွန်တော် သူ့ရဲ့ email ကို Gtalk မှာ Add လိုက်တယ်။

အဲဒီအချိန်မှာ ညီမလေး ပြန်ရောက်လာပါတယ်

" ကိုကို "

" ဟမ် … "

" မအိပ်ဖူးလား ၊ ဘာလို့ထွက်ထိုင်နေတာလဲ "

" ဟာ .. မအိပ်နိုင်တော့ဘူး… ပျင်းတယ် … "

"မပျင်းနဲ့ … တော်ကြာနေ ဂရုမစိုက်ဘူးဆိုပြီးတော့ အန်တီဒေါက်တာက ဖူးဖူးကိုပဲဆူမှာ … သွား အိပ်ရာထဲသွားနေ … "

" အဲဒါဆို ငါ့ကို ကော်ဖီတစ်ခွက်ဖျော်ပေး .. "





" ကော်ဖီမသောက်ရဘူး ၊ ပြီးရင် ကိုကိုက မအိပ်တော့ဘူး ၊ မိုင်လိုပဲသောက် … "

" အေးပြီးရောဟာ … "




" ပြီးရောဆိုရင်လည်း အိပ်ရာထဲသွားတော့ ၊ဩော် .. ကိုကို့ Computer မပိတ်ခဲ့နဲ့နော် ဖူးဖူးဆက်သုံးမလို့ ၊ ဒီအချိန်ဆိုရင် connection ကကြပ်လွန်းလို့ "

အေးအေးဆေးဆေး အိပ်ရာထဲပြန်ဝင်ခွေနေလိုက်တယ်၊ခဏနေတော့ ခုတင်ဘေးက စားပွဲပေါ်ကို မိုင်လို ပူပူတစ်ခွက်ရောက်လာပါတယ်၊ခဏနေတော့



www.burmeseclassic.com

www.burmeseclassic.com



အပြင်ခန်းကနေ ညီမလေးကလှမ်းအော်တယ် ..

" ကိုကို . . မိုင်လိုသောက်ပြီး ဆေးထပ်သောက်ဦး ..."

ခဏနေတော့ ကျွန်တော်ပြန်ပြီးအိပ်ပျော်သွားခဲ့တယ်။ ဒီတစ်ခါတော့ လုံးဝ အိပ်မက်မမက်ဘူး .. (အံ့ရော)။

* * *





. B .

ဒုတိယအများက

လူသားမိန်းမကို ဖန်ဆင်းခဲ့ခြင်းဖြစ်တယ်

( ပရက်ဒရစ်နီရှေး)



www.burmeseclassic.com

www.burmeseclassic.com



ကန်တော်ကြီး မိုလ်ချုပ်ပန်းခြံ ရှေ့လောက်ရောက်တာနဲ့ ကားက ဆက်မောင်းလို့မရတော့ဘူး ‥ ဘီးလိမ့်တယ်ဆိုရုံလေးပဲရွေ့တော့တယ်။ရန်ကုန်ကရှိသမျှကားတွေဒီနားကိုရောက်နေပြီလား မသိဘူး။ ကားတွေရယ်၊လမ်းဆင်းလျှောက်နေတဲ့လူတွေရယ်ပြွတ်သိပ်ကြပ်နေလေရဲ့။ ဟုတ်ကဲ့ ။ ဒီနေ့ Hotel Nikko မှာ ဒိတ်ဒိတ်ကြဲအဆိုကျော်တွေပါဝင်တဲ့ မိုးရာသီပျော်ပွဲရွှင်ပွဲဆိုတဲ့ Stage Show ရှိပါတယ်။

"ဟေ့ကောင် ‥ ဒီနားမှာပဲရပ်တော့ကွာ ‥ လမ်းပဲဆင်းလျှောက်တော့မယ်"

"ဒီနားမှာလဲ ရပ်လို့မရဘူး ‥ အကုန်ပိတ်နေတဲ့ဟာကို ဘယ်လိုလုပ်မလဲ"

"ဒါဆိုလည်း ငါတို့ဆင်းလျှောက်တော့မယ် ‥ မင်း Parking





ရှာရပ်ပြီးလိုက်ခဲ့တော့"

"ဟေ့ကောင် ‥ ကျော်ကြီးကလည်း…အတူတူလာတဲ့ဥစ္စာကို"

ကျော်ကြီးက အမေရိကန်မင်းသားအိုကြီးတွေ ဒီဇိုင်းနဲ့ ပခုံးတွန့်ပြတယ်။ ဇီဇဝါက ကိုရီးယားမင်းသမီးတွေစကိုင်လ်နဲ့ မျက်စောင်းပြန်ထိုးတယ်။ ကျွန်တော်က tokyo Drift ထဲက ဂျပန်မင်းသား အက်တင်နဲ့ ကားကိုဆွဲကွေ့လိုက်တော့ အကုန်လုံးလန့်အော်ကြတယ်။

"အောင်မလေး"

"ဟေ့ …ဟေ့… အေးဆေးလုပ်ပါကွ … အကုန်လုံး ရောကုန်လိမ့်မယ်‥ဒါ T.V.GAME ဆော့နေတာမဟုတ်ဘူးနော်…"

"အေးပါကွ ‥ မင်းတို့ကလည်း …ဒီမှာ တစ်နေရာစာတွေ့လို့ အမြန်ဝိုက်လိုက်တာ ‥ မဟုတ်ရင် နောက်က ကားကဦးသွားမှာပေါ့"

စိုးစိုးက သောက်သည်ကပ်တဲ့လေသံနဲ့ ‥

"ဆရာကြီးလား …" လို့မေးတယ်။

ကျွန်တော် ဘာမှ ပြန်မပြောတော့ဘဲ ကားတံခါးဖွင့်ပြီးဆင်းလိုက်ပါတယ်။ ဟုတ်တယ်လေ။ ငြင်းနေရင်ပြီးမှာမှ မဟုတ်တာ…။

ဟိုမှာ Stage Show ကစနေပြီ။

* * *

" Stage Show ကစတောင်နေပြီဗျာ ၅၀၀၀ ထားပါ ‥"

ကုလားမကြီးက

" မရဘူးရှင့် ၇၀၀၀ ပဲ ‥ အပေါက်ဝမှာ မရနိုင်တော့ဘူး‥"

www.burmeseclassic.com



လို့ပြန်ပြောတယ်။

မတတ်နိုင်ဘူး။ ၇၀၀၀ ပဲပေးဝယ်ရတော့တာပေါ့။ အခုနောက်ပိုင်း ဒီလိုပဲအမြဲဖြစ်နေတယ်။ လက်မှတ်ကိုကြိုတင်ဝယ်ရင်ဝယ်၊မဝယ်ရင်တော့ ပွဲရောက်ရင် ဈေးကြီးပြီပဲ။ အင်းလေ‥ပွဲကလည်းလူတွေ ကြိတ်ကြိတ် တိုးနေတာကိုး …။ ဒါကလည်း လူငယ်တွေရဲ့ ထွက်ပေါက်တစ်ခုဆိုတော့။

×× ရင်မှာခံစား ×× သူမမြင်နိုင်ပေ ××

×× ငါ့အသည်းထဲက ×××× အတွင်းကြေ ××××

ကျော်ကြီးက ''ဟေး'' ဆိုပြီး ‥ ပြေးသွားတယ်။ သူသိပ်ကြိုက်တဲ့ အဆိုတော်ရဲ့ အစီအစဉ်ကိုး။ မိုးမိုးက ''ဟော့ကောင်‥ဟော့ကောင်''ဆိုပြီး နောက် ကလိုက်သွားတယ်။ ကျွန်တော်နဲ့ဇီဇဝါပဲအူကြောင်ကြောင်နဲ့ကျန်ခဲ့လေရဲ့ ။

ဒီအချိန်မှာ … … …

အဲဒီ ဒီအချိန်ဆိုတာ တော်တော်အရေးကြီးပါတယ်။ ဘာလို့ဆို ကျွန်တော်ဟာ ရင်ထဲမှာ ''ဟပ်''ကနဲဖြစ်သွားလို့ပါပဲ။ ဖြစ်ဖူးကြသလားမသိဘူး။ လည်ချောင်းက ပေါက်စုပ်ဟူလိုက်ပြီး ''ဟပ်'' လို့အသံ မြည်သွားချိန်မှာ ဘယ်ဖက်ရင်ဘတ်နားလေးမှာ ''ဆို့ကနဲ'' ကနဲဖြစ်သွားတာမျိုး။ ပြီးကျတော့ အစောနက ရှိုက်လိုက်တဲ့လေကိုလည်း ပြန်ရှူထုတ်ဖို့မေ့ပြီးကြောင်ငေးနေတာ မျိုးလေ။ စာရေးဆရာတွေကအဲဒါမျိုးကိုမင်သက်တယ်လို့ရေးလေ့ရှိတယ်လေ‥။

ဟုတ်။ ကျွန်တော် ဒီအချိန်မှာ ခဏကလေး မင်သက်သွားပါတယ်။ ဘာလို့ဆို ကျွန်တော့်ရဲ့အနေအထိုင်မတက်တဲ့မျက်လုံးကအမည်းတစ်စကို မြင်လိုက်လို့ပါ။ အမည်းက အမည်းချည်းပဲ မဟုတ်ဘူး။ အဖြူတွေ ရောနေတဲ့





အမည်း။ သို့မဟုတ် ၊ စန္ဒရားခလုတ်တွေလို အမည်းတွေရောနေတဲ့အဖြူ။

ဒီလောက်ဆိုရင် သဘောပေါက်ကြလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ မင်ဗျားတို့ထင်တာမှန်ပါတယ်။ ကျွန်တော် မိန်းကလေးတစ်ယောက်ကို မြင်လိုက် တာပါ။ ရုပ်ရှင်တွေမှာ မင်းသားကမင်းသမီးကို တွေ့လိုက်တဲ့အခါ ဘာလို့ အနှေးပြကွက်တွေ ဖြစ်ဖြစ်သွားလည်းဆိုတာ ကျွန်တော်နားလည်ပြီ။ ကျွန်တော့် အမြင်အာရုံရှေ့မှာ ခုန်ပေါက် မြူးထူးနေတဲ့ ကလေးမရဲ့ လှုပ်ရှားမှုတိုင်းဟာ ကျွန်တော့်အတွက် Slow Motion ချည်းပါပဲ။

''အံ့ရောဟယ် …'' လို့ဇီဇဝါကပြောတယ်။

''… … …''

'' အံ့ရောနော် ‥ သူ ‥ ဘာလို့ အဲလိုလုပ်တာလဲမသိဘူး…''

''ဟေ … ဘာ ‥ ဘာလဲ ‥ သူဘာလုပ်လို့လဲ …''

''ဟိုမှာလေ‥စင်ပေါ်မှာ‥ကျွတ်‥ကျွတ်‥လန့်ထွက်နေတာပဲ''

''ဟာ ‥ နင်ကလဲ …''

တော်သေးတာပေါ့ ၊ ပြန်လှည့်ကြည့်လိုက်တော့ သူရှိနေသေးတယ်။ ဖြူဖွေးလှတဲ့ သူ့အသားအရေပေါ်မှာ အနက်တွေတင်ထားတယ်။ T - Shirt အနက်ရောင် ၊ Jeans အနက်ရောင် ၊ All Star အနက်ရောင်၊ လက်နှစ်ဖက်လုံးမှာ ရာဘာကွင်း အနက်ရောင်တွေနဲ့ လက်ပတ်နာရီ အနက်ရောင်၊မျက်လုံးရဲ့အောက်မှာ eye shadow အနက်ရောင်၊အဲဒါကို Smoke eye လို့ခေါ်တယ်တဲ့။ ဆံပင်ကတော့အနက်ရောင်မှာ အနီရောင်ကျစ်ဆံမြီးနှစ်ချောင်းနဲ့ ၊ နားရွက်ကိုတော့ မတွေ့ရဘူး ၊ နောက်ပြီး နှာခေါင်းပေါ်မှာစိန်တစ်ပွင့်တွေ့တယ်။

''ချွတ်‥ချွတ်‥ချွတ် … ချွတ်ချွတ် …ဂျုန်း''

''ချွတ်‥ချွတ်‥ချွတ်‥ချွတ်ချွတ်…ဂျုန်း''

www.burmeseclassic.com



အသံချဲ့စက်က ထွက်လာတဲ့ တောင့်တင်းတဲ့ ဂစ်တာသံရဲ့အောက်မှာ သူမရဲ့ခေါင်းက စည်းချက်လိုက်တယ်။

ဘေးကို ဆတ်ကနဲလှည့်ကြည့်တော့လည်း ဇီဇဝါက ထိုနည်းလည်း ကောင်းပဲ။ ကျွန်တော်လည်း ရင်ခုန်သံတွေမြန်လာတယ်။ ဂီတ ကြောင့်လား၊ ဣတ္ထိယကြောင့်လား။ စင်ပေါ်မှာတော့အားမာန်အပြည့်နဲ့ အော်ဟစ်ပြေးလွှား တီးခတ်နေဆဲ။ ပရိသတ်က ယိမ်းထိုးခုန်ပေါက်နေကြတယ်။

ဟို ကောင်မလေးကို ပြန်ကြည့်တော့ မတွေ့တော့ဘူး။ ဩော် .. ညာဖက်ဘေးနှစ်ယောက်ကျော်လောက်မှာ၊ တော်သေးတာပေါ့။ လစ်သွားပြီလား လို့။ကကောင်းတယ်။ ဟာ .. မဟုတ်ဘူး။ ကဆိုးတာ။ ကျွန်တော့် ဘေးကို ဝေမှုးသွင်ဆိုတဲ့ ငနဲရောက်လာတယ်ဗျာ။ ဒီလူကစာရေးဆရာ (လို့သူ့ကိုယ်သူ ပြောဖူးတယ်)။

" အိခြွေ…ငါ့စာအုပ်အသစ်ကိုပန်းချီမသုံးဘဲငါ့ဓာတ်ပုံနဲ့ထုတ်မလို့ "

" ……. ……… "

" မနက်ဖြန် မနက်အားလား‥ဓာတ်ပုံရိုက်ဖို့မင်းနဲ့ဒီဇိုင်းကြိုတိုင်မလို့ "

" ……. ……… "

"ဟေ့ကောင်…ငါ့အကြံကောင်းတယ်မလား… ဒဂုံက ငါ့ကောင် မလေးကလည်း ကောင်းတယ်တဲ့ "

" ……… ……… "

ကျွန်တော်စိတ်ညစ်လာပြီ။ ဟုတ်တယ် ။ ဒီလောက် စနေနေ့ည သူများအားလပ်ချိန်ကြီးမှာ၊ဘယ့်နှယ် အလုပ်အကြောင်းတွေ လာပြောနေတယ်။ ပြောတဲ့ကိစ္စကိုလည်းကြည့်ဦး ၊ သူ့ပုံမျက်နှာဖုံးနဲ့များ စာအုပ်ထုတ်မယ်လေး ဘာလေးနဲ့ ။ ဒီပုဂ္ဂိုလ်က ဒီလိုပဲ။






" အိခြွေ ၊ မင်းဘေးက မင်းကောင်မလေးလား .. "

ဟော…လုပ်ချလိုက်ပြန်ပြီ၊သူများက ငမ်းနေပါတယ်ဆိုနေမှ၊အာပြဲကြီးနဲ့ မင်းကောင်မလေးလားတဲ့ … ဒုက္ခပဲ ..

" ရှူး "

' အသာနေ 'လို့ လေသံလေးနဲ့ပြောပြီး .. ဘေးကိုဖယ်ခိုင်းလိုက်ရ တယ်၊ ကျွန်တော့်မြင်ကွင်းရှေ့မှာ လာပိတ်နေတာကိုး ။ ကောင်မလေးကတော့ ဘာမှသိပုံမရပါဘူး ၊ သူ့သူငယ်ချင်းတွေနဲ့ လှည့်ပတ်ကခုန်နေလေရဲ့။ HARD ROCK ဂီတရဲ့ အမြင့်ဆုံး tempo အရောက်မှာပေါ့။ သူမမျက်လုံးတွေ မှိတ်သွားတယ်။ ပါးစပ်က စာသားကိုလိုက်အော်တယ်။ ခေါင်းကဆံနွယ်တွေကို





www.burmeseclassic.com

www.burmeseclassic.com



ခါယမ်းတယ်။ ခြေလှမ်းကညာဖက်ကိုရွှေ့တယ်။ တစ်လှမ်းနှစ်လှမ်းသုံးလှမ်း ...

" ဟာ ... "

" ဗွမ်း "

ရေကူးကန်ထဲကို သူမ ခြေချော်ပြီးကျသွားပါတယ်။ ကျွန်တော်လည်း ဘာမှ မမြင်တော့ဘူး။ ပါးစပ်က ' ဟာ ' လို့ထွက်သွားပြီးချိန်မှာ ဖိနပ်နှစ်ဖက်နဲ့ အပေါ်အင်္ကျီကို ချွတ်ပြီးသွားပြီ။ ရေတည့်တည့်မှာ ပိတ်နေတဲ့ ဝေမှုးသွင်ကိုတွန်းပြီး ရေထဲကို ခုန်ဆင်းလိုက်ပါတယ်။ကောင်မလေးကို ချက်ချင်းလှမ်းဆွဲဖက်လိုက်နိုင်တယ်။ ဒါပေမဲ့ ကျွန်တော်မေ့သွားတဲ့အချက်က Nikko Hotel ရေကူးကန်ဟာ လေးပေတိတိပဲနက်တယ်ဆိုတာပါပဲ။

အဲဒါကို သူကျွန်တော့်ကို ဆောင့်တွန်းပြီးချိန်ကျမှ ကျွန်တော်သတိထားမိတယ်။ သွားပြီဆိုတဲ့အသိနဲ့ စိုးရိမ်တကြီးမော့အကြည့်မှာ အရှိန်ပြင်းတဲ့ လက်သီးတစ်လုံးက ကျွန်တော့်မျက်နှာတည့်တည့်ကို ...

" ခွပ် "

" ဗွမ်း "

ကျွန်တော်ရေကန်ထဲဖင်ထိုင်ရက်ပြန်ကျသွားတယ်။ဧည့်ပရိသတ်တွေရောစင်ပေါ်ကဂီတသမားတွေပါ ဒီအဖြစ်အပျက်ကို မင်သက်ငေးလို့။ ကောင်မလေးက ကျွန်တော့်ကိုထိုးခဲ့တဲ့ သူ့လက်သူပြန်ခါပြီး အမုန်းမျက်လုံးနဲ့ တောက်တစ်ချက်ခေါက်တယ်။ ပြီးတော့ သူ့ သူငယ်ချင်းတွေက သူ့ကို ပြန်ဆွဲတင်သွားလေတယ်။

ကျွန်တော်တစ်ယောက်သာ ရေထဲမှာ ကြောင်စီစီနဲ့။

"ဟေး" ကနဲ လူတွေပိုင်းအော်လိုက်ချိန်မှာ Drummer ရဲ့ 1.2.3.4 Que သံနဲ့အတူ တီးလုံးတွေ ပြန်ဆူညံတယ်။ Hotel ဝင်းထဲမှာ လူတွေပြန်ပြီး







မြူးထူးတယ်။ Sound Box တွေက သီချင်းတွေပြန်ထွက်လာတယ်။

××× ငါလုံးဝ မုန်းနေပါပြီ ×××

××× ဘယ်တော့မှ ပြန်မလွမ်းဘူး ×××

××× အကြင်နာကိုနာတာတွေနဲ့ ဖုံးလွှမ်းလိုက်ပြော ×××

××× ရင်မှာ ပတ်သက်မှုမရှိတော့ဘူး ××× ×××

* * * * * * * * *



www.burmeseclassic.com

www.burmeseclassic.com

.၄.

ည ငေါက်နေတဲ့သူ

ဒီညကို မေတ္တာသက်ဝင်မဆုံးပေါ့

( မောင်သိန်းဇော် )

* * *







ကျွန်တော်ဟာ ဒီနေ့ညမှာတော့ ကြယ်ငေးသူ ...

အတွေးစတွေကို စက္ကူချပ်လို လှေ့ခေါက်ပြီး ကောင်းကင်ပြင်ထဲ မျှောကြည့်လိုက်တယ်။ တချို့သော အတွေးစတွေက အငွေ့ပျံသွားပြီး တချို့သော အတွေးစတွေက တဖျစ်ဖျစ်လောင်ကျွမ်းတယ်.. လောင်လို့မဆုံးနိုင်တဲ့ ကျွန်တော့် အတွေးတွေဟာ ကျွန်တော်ပိုင်တဲ့ ကြယ်တွေပေါ့ ..

ကျွန်တော့်လို ကံမကောင်းတဲ့(တနည်း) ကျွန်တော့်လို ကြယ်ပိုင်ဆိုင်မှု မရှိရှာတဲ့ လောကကြီးကတော့ အိပ်မောကျနေရှာလေရဲ့ ...

ဝရံတာပေါ်မှာက ကျွန်တော်တစ်ယောက်တည်းရယ် ..

တစ်ပွင့်တစ်လေများ ယောင်ယမ်းပြီး ကြွေကျရင်လည်း ဆုတောင်းဖို့ အသင့်ပြင်ထားတယ်..

ဟော . . . .



www.burmeseclassic.com

www.burmeseclassic.com





ကြယ်က ကြယ်ကိုနမ်းတယ် . . . .

ဒါကို ကျွန်တော်မကြည့်သင့်ဘူးလို့ ယူဆလို့များလားမသိ၊ တိမ်ဖြူနိုး တွေအုပ်ပစ်တယ်...

ဒါပေမဲ့ စက္ကူနံ့ပိုင်းလေးမှာပဲ ပြန့်ပြီးလွင့် ပျယ်တယ် ...

စိန်ပွင့်တွေလိုပဲ တဖျပ်ဖျပ်နဲ့ ..

နှာခေါင်း လုံးလုံးလေးပေါ်က စိန်ပွင့်လေးကိုသတိရတယ် ..

ကျွန်တော်ဟာ ဒီနေ့ညမှာတော့ ကြယ်ငေးသူ





* * *  * * *  * * *

"တုန်း တူး တူ  တုံး တူး တူ ....."

"....  ....  ...."

"တုန်း .. တူး .. တူ ... တုံး ... တူး .. တူ"

"....  ....  ...."

ညဦးပိုင်းလောက်က Game ဆော့ဖို့ ဖွင့်ထားတဲ့ computer ကထအော်တယ်။ နာရီကိုကြည့်တော့ မနက် ၃နာရီ၊ ဒီအချိန်ကြီး ဘယ်သူခေါ်တာလဲကွ .. ငါ့ရဲ့ညကို ဖြဲဆုတ်သူ .. ။



www.burmeseclassic.com



အင်တာနက်ကွန်ရက်ပေါ်က Chat Messenger တစ်ခုဖြစ်တဲ့ Gtalk ကအော်နေတာပါ . . .

ကျွန်တော်က Gtalk သုံးတယ်။ တခြား messenger တွေက သုံးလို့ သိပ်အဆင်မပြေဘူး။ ခေါ်နေတဲ့ call ကိုပိတ်ပစ်တဲ့ ignore ခလုပ်နှိပ်မ လို့ ကြည့်လိုက်တော့ နာမည်က Snow White တဲ့ ။

" အား ..... မိုက်လဲမရှိဘူး "

ကျွန်တော် ခပ်တိုးတိုး ရေရွတ်ရင်း key board ကနေပဲ type လိုက်တယ်။ ကျွန်တော့်နာမည်အင်္ဂလိပ်လိုပေါင်းရင် ဒီလိုရပါတယ်။

Andrew : ဟေး ..
Snow White : ဟုတ် .. . နေကောင်းလား ၊
Andrew : ကောင်းတာပေါ့ .. နင်ရော ?
အခုဘယ်ကပြောနေတာလဲ ?
ရန်ကုန် ?
Snow White : ဟုတ် ... နေကောင်းပါတယ် .. ရန်ကုန်ကပါ ...
Andrew : ဪ ... ဪ
ဒီအချိန်ထိ မအိပ်သေးဘူးလား ...
အသက်က (၁၉)နှစ်ဆိုတော့ ကျောင်းတက်နေတုန်းပေါ့။ မနက်ကျရင် ကျောင်းရှိမှာပေါ့ ...
Snow White : ဟင် ?
? ? ?





ဘယ်လိုလုပ်သိလဲ ?
Andrew : အမ်.. သူ့ပဲ friendster မှာ လာ add ထားပြီးတော့ ... အဲဒီမှာ ဖတ်ကြည့်ထားတာပေါ့ဟ
Snow White : သြ .. ဪ ... သိပါဘူး :P အဟီး ဒါဖြင့် ရှင်က ဘယ်သူလဲ ဘယ်ဝါလဲ
Andrew : အံမယ် .. နင်လည်း ငါ့အကြောင်းတွေ ဖတ်ထားပြီးလောက်ပါပြီ ..
Snow White : ဟဲဟဲ ... သိပ်မသိပါဘူး..
အမည်ရယ် .. အသက်ရယ်.. နေရပ်ရယ် .. ဒီလောက်ပဲ . . . .
အော .. မိုးကုတ်ကဆိုလား ..ဘာလား ...
Andrew : အခု ငါ့ profile ကိုဖတ်နေတာမလား . . .
Snow White : ဟုတ်တယ်
Andrew ဆိုတာ နာမည်အရင်းလား ၊
Andrew : ဟုတ်တာပေါ့ ..ဒါပေမဲ့ ဗမာလို အိန္ဒြေတဲ့ ...
Snow White : ဟင် . . မိန်းမနာမည်ကြီး
Andrew : မွေးတုန်းကတော့ Andrew ပါပဲ .. ကျောင်းသွားအပ်တော့ဗမာနာမည်ပေးရမယ်ဆိုတာနဲ့ ဆရာမက အိန္ဒြေလို့ ပြောင်းပေးလိုက်တာ ....
Snow White : Andrew ဆိုရင် အင်ဒရေ ဖြစ်ရမှာပေါ့ .. ဟုတ်ဖူးလား ..
Andrew : ဟင့်အင်း ..ငါ့နာမည်က အိန္ဒြေပဲ ... စိတ်ရှုပ်ကယ်



www.burmeseclassic.com

www.burmeseclassic.com



မှာရော အပြင်မှာရော .. သူငယ်ချင်းတွေခေါ်တာ
ရောအားလုံး .. အိန္ဒြေပဲ..
နင့်နာမည်အရင်းကရော ...

Snow White : မပြောပြပါဘူး ...
ကိုယ့်ဟာကိုယ်စုံစမ်း . . .

သေရော ၊သူကပဲ စပြီးလာဆက်သွယ်သေးတယ်၊ ကိုယ့်ဟာကိုယ်စုံစမ်းတဲ့။ မစုံစမ်းနိုင်ပါဘူး။

Andrew : တော်ပါပြီ.. မသိချင်ပါဘူး ..ဒါပဲ ..ဒါပဲ ..

Snow White : ဟိတ် ....
ယောက်ျားကြီးဖြစ်ပြီးအဲလို စိတ်မကောက်ရဘူး
လေ...ကလေးလည်းမဟုတ်ဘူး .. အသက်က
လည်း (၂၄)နှစ်တဲ့ ..ဟား ဟား ဟား ..
အတိုးကြီး

Andrew : မကောက်ပါဘူး .. စိတ်လည်းမကောက် တတ်
ပါဘူး ..
နာမည်မပြောရင်လည်း
မသိချင်တော့ဘူး လို့ ပြောတာပါ .. သိချင်တာ
တစ်ခုပဲရှိတယ်.. နင်ငါ့ကိုဘယ်လိုသိတာလဲ...

Snow White : ပုလဲဖင်တာက internet cafe ကိုသိ
တယ်ဟုတ် .. အောက်ထပ်ကတစ်ခု မဟုတ်ဘူး
.. အပေါ်ထပ်က ..





ဟို . . . ZORA ဆိုတာလေ ..

Andrew : သိတာပေါ့...ငါ့သူငယ်ချင်း နိုင်နိုင်တို့ဆိုင်ပဲ..

Snow White : အင်း ... အဲဒီမှာ .. ..

Andrew : ? ? ?

Snow White : အဲဒီမှာ ... လို့ ..အဲဒီဆိုင်မှာတွေ့ဖူးတာ ...

Andrew : ဪ ဂလိုလား ?

Snow White : အင်း...ပြီးတော့ ရှင့်ပုံကို friendster မှာတွေ့တာနဲ့
Addလိုက်တာ .... သိပြီလား .. .

Andrew : ... ...

Snow White : အိပ်တော့မယ်နော် .. ကျောင်းတက်ရမှာကွ ..
လစ်ပြီ . . .
ဪ . . . နာမည်မှတ်ထားနော် . . .
ဖလပ်ဖြူတဲ့ Bye .. ဝွတ်ညှ

(SnowWhite89@gmail,com is offline ...)

ဖလပ်ဖြူ . . . .

ဖလပ်ဖြူ . .. . ..

ဖလပ်ဖြူ . . . . .

ဖလပ်ဖြူ . . . . .

ဖလပ်ဖြူ

မလိုအပ်ဘဲနဲ့ ဒီနာမည်ကို ဘာလို့ အလွတ်ကျက်နေမိပါလိမ့် ...

* * *



www.burmeseclassic.com

www.burmeseclassic.com



**. D .**

အမှတ်တရဆိုတာ ဖြစ်လာဖို့

မတော်တဆ တစ်မျိုးမျိုးတော့ စွန့်ကြဲလည့် . . .

* * *





"ငါလည်း ရှက်ရှက်နဲ့ ကျွေးထည့်လိုက်တာပေါ့ . . ဟိုကောင်တော့ မသိဘူး . . ငါ့လက်တော့ အီစလံကိုဝေသွားတာပဲ . . . ' ++

"ဟား ဟား ဟား . . ."

"ဟင်း . . ဟင်း . . . ဟင်း "

"ဘာကောင်ကြီးမှန်းကိုမသိဘူး . . ."

"နင်ကလည်း . . ဟိုက နင့်ကို ရေနစ်ပြီဆိုပြီး ပြေးဖက် . . အဲလေ . . ပြေးကယ်တာနေမှာပေါ့ . . "

"ဘာလဲဟာ . . ဒီလောက်ရေတိမ်တိမ်လေးကို နစ်စရာလား . . . ငါက ကိုယ့်ဟာကိုယ်ပြုတ်ကျလို့ အရှက်ကကွဲနေရတဲ့ကြားထဲ . . . "

" ဟဲဟဲ . . . ဟီးရိုးဝင်လုပ်တာနေမှာပေါ့ . . ကြည့်လို့ကောင်းရဲ့လား မင်းသားက . . "



www.burmeseclassic.com

www.burmeseclassic.com



" ဩော် ... မသိလိုက်ပါဘူးလို့ ... ဆိုနေ ..."

ကျွန်တော် ဆံပင်မွှေးတွေထောင်သွားတယ် .. ကျွန်တော့် နောက်တည့်တည့်စားပွဲကကောင်မလေးတွေ ပြောနေကြတာ . . သေချာပါတယ်.. ကျွန်တော့်အကြောင်းပဲ.. ဒါဆို....ဟို Rocker မလေးပေါ့ ..ကျွန်တော် ရင်တွေတဒိုင်းဒိုင်းခုန်လာတယ် ..အိုက်ယား ...ဓိဇဝါကလည်း အခုထိ မလာသေးဘူး ..

ကျွန်တော်ဘာလုပ်ရမလဲ ... ဟိုတစ်နေ့ကကိစ္စကို တောင်းပန်ပါတယ်ဆိုပြီး sorry လိုက်ရမလား ၊ တော်တော်ကြောင်မှာပဲလို့ ကိုယ့်ဟာကိုယ်တွေးမိတယ် ။ ဒါဖြင့် သူတို့ဘက်လှည့်ထိုင်ပြီးတော့ပဲ မသိချင်ယောင်ဆောင်ကြည့်ရမလား ။ ကျွန်တော့်စိတ်ထဲမှာ သူ့ကိုမြင်ချင်နေတယ်ဆိုတာကို ဝန်ခံတယ်။

ဒါတစ်ခါတော့ မြားနတ်မောင်ရယ် အဆိုတော်ယောင်ဆောင်လေ၊ ဘာလို့လဲဆိုတော့ " ဒီပ " ကျွန်တော့်စားပွဲမှာ လာထိုင်လို့ပါ ၊ " ဒီပ " ရဲ့ ပွဲဦးထွက် ALBUM ကလူငယ်လောကမှာ ရေပန်းစားနေတယ် ၊ အဲဒီအခွေရဲ့ Garaphic Design ကို ကျွန်တော်လုပ်တာပေါ့။ ကျွန်တော်တို့ချင်းရင်းနှီးတာတော့ကြာပြီ။

" တစ်ဖွေတည်းလား .. "

" အင်း ... ထိုင်လေ .. ဒီပ . . . "

" ဘာထိုင်မျောနေတာလဲ . . . "

" ငါဘော်ဒါ ဓိဇဝါနဲ့ ဒီမှာချိန်းထားတာ ... နေပြည်တော်မှာ Ocean Thirteen သွားကြည့်မလို့ ... "

" ဟုတ်လား .... ငါလည်းမကြည့်ရသေးဘူး . . . ငါလိုက်လို့ရလား ..ဟို...အဲဒီဓိဇဝါနဲ့ မင်းနဲ့က ဘာညာလား .. နှစ်ယောက်တည်း







သွားရမယ့် ကိစ္စဆိုရင်တော့ ငါမလိုက်ဘူး ... "

" ကျွတ် .. ရပါတယ်ကွာ .. ဓိဇဝါက Just ဘော်ဘော်ပါ.. အေးဆေး .... "

အဲဒီအချိန်မှာ မိန်းကလေးနှစ်ယောက်က ဒီပကိုလာမိတ်ဆက်တယ် ..။

www.burmeseclassic.com



" အစ်ကို ...ကျေးဇူးပြုပြီး လက်မှတ်ထိုးပေးပါ... " တဲ့..

ဒီပ က သူ့အလုပ်သူလုပ်ပါတယ်။ ကျွန်တော့်မှာတော့ နောက်ပို လှည့်ကြည့်ခွင့်ရသွားတယ်။ ကျွန်တော့်ကောင်မလေး ။(ဆိုပဲ ...။ယောကျ်ား လေးတွေမလွယ်ဘူးနော် ၊ ဟိုဘက်ကဖြင့်သိတောင်မသိသေးဘူး ၊ ကိုယ့်မဒီလို့ အပိုင်သတ်မှတ်ပစ်လိုက်ကြတာ ။ချက်ချင်းကြီး ။) အဲဒီကျွန်တော့်ကောင်မလေး ကတော့ ဒီဘက်ဝိုင်းကို လှမ်းကြည့်နေတယ်။သူ့ဘေးမှာလည်းမှန်ကြောင် မလေးတစ်ယောက် ။ သြော် ...လာမိတ်ဆက်ကြတာ သူတို့ဝိုင်းက ကောင်မ လေးတွေပဲ . . . ။

ကျွန်တော့်ကောင်မလေး ( ဆက်ခေါ်ပါရစေတော့နော် ၊ နာမည်မသိ သေးလို့ပါ ) ကလည်း ဒီပကိုနှစ်လိုတဲ့ မျက်လုံးတွေနဲ့ကြည့်နေလေရဲ့။တဒင်္ဂတော့ သူငယ်ချင်းချင်းတောင် မနာလိုတယ်။

သူ့အကြည့်တွေ ဒီပ ကနေတဆင့် ဘယ်ဘက်ကို အရွေ့မှာ ကျွန်တော့် မျက်လုံးနဲ့ ခလုတ်တိုက်တယ်။ ပြုံးနေတဲ့ သူ့နှုတ်ခမ်းက ခပ်ဟဟလေး ဖြစ်သွား ပါတယ်။ နှုတ်ကလည်း..." သြော် .." လို့ ရေရွတ်ပြီးတော့မှမဲ့သွားလေရဲ့။ ဒါဆို . . ..

သူ ကျွန်တော့်ကို မှတ်မိတယ်ပေါ့ ... .... ။

ကျွန်တော် ပြုံးပြလိုက်တယ်။ သူကတော့ စိတ်ပုပ်တယ်ထင်ပါရဲ့ ။ အပြုံးကို အပြုံးနဲ့မတုံ့ပြန်ဘူး ။ လက်သီးဆုပ်ပြတယ်။

ကျွန်တော် ချစ်သွားတယ် (လို့ထင်ပါတယ်) ။

" ကိုဒီပ. . သမီးတို့ကိုမှတ်ထားနော် ..ဒီမှာ သမီးရဲ့ ကဒ်.. ဖုန်းနံပါတ်ရော ...Email ရော ...စန္ဒာနော် ... မှတ်ထားပါနော် ... "

" အင်းပါ...အစ်ကို မှတ်မိပါတယ်" လို့ ဒီပကပြန်ပြောတယ် ။





ကျွန်တော်ပျော်သွားတယ် ။ ဒီပကို အဲဒီစန္ဒာ့ဆီဆက်ခိုင်းပြီး ဟို ကောင်မလေး အကြောင်းစုံစမ်းခိုင်းရမယ်။ ဟာဟ .. အပိုင်ပဲ .. ကျွန်တော်ပြော ပါတယ်၊ မြွားနတ်မောင်က အဆိုတော်ယောင်ဆောင်တယ်လို့ ။

" MIN MA MIN BAE' ... "

" MIN MA MIN BAE' ..." လို့ တယ်လီဖုန်းက အော်တယ်။

ဇီဇဝါဆက်နေတာ ... ။

" ပြော . . . "

" အိခြေ ... အချိန်နောက်ကျနေပြီ ၊ ငါရုပ်ရှင်ရုံရှေ့မှာ လက်မှတ် ဝယ်ပြီး စောင့်နေမယ်ဒီနားရောက်နေပြီ "

" အေး ..ပြီးရော..ငါလာခဲ့မယ် ၊ နေဦး ၊ ဒီပ ပါလိုက်လာလိမ့်မယ် .. လက်မှတ်(၃)စောင်ဝယ်ထားလိုက် . . ."

" ဘယ်က ဒီပ ...."

" အဆိုတော် ဒီပ လေဟာ ... ဟိုတစ်ခါ ငါတို့ ... "

" အေး အေး ပြီးမှပြောတော့ ဒါပဲ ဒါပဲ လာခဲ့တော့..တာ့တာ " ဖုန်းချသွားပြီ ။ ဒီပ ကိုပဲ လစ်စို့ ဆိုတဲ့သဘော မေးဆတ်ပြလိုက်တယ်။

" ရှင်းမယ်ဟော့ ... ဘယ်လောက်ကျလဲ ..."

" နှစ်ထောင့်လေးရာ ... "

ငွေရှင်းပြီး လှည့်အထွက်မှာ ဟိုကောင်မလေးမရှိတော့ဘူး။အပြင်ကို ကမန်းကတမ်းလှမ်းကြည့်တော့ ထီးတစ်ချောင်းရဲ့အောက်မှာ ကောင်မလေးရယ်၊ နောက် ကောင်ငယ်လေးတစ်ယောက်ရယ် ... .

* * *



www.burmeseclassic.com

www.burmeseclassic.com





ရေကူးကန်ရဲ့ ဘောင်ပေါ်မှာ ကျွန်တော် စိမ်ပြေနပြေထိုင်နေတယ်။ ဂျပန်လူမျိုးကလေး ပိစိကွေးလေး နှစ်ယောက်ကလွဲလို့ ရေကူးကန်မှာ ကျွန်တော်တို့အဖွဲ့ပဲရှိတယ် ။ ကျော်ကြီးက သူ့ရဲ့ကိုယ်ခန္ဓာ မည်းမည်းဝဝကြီးကို အဆီကျလို ကျကြား ရေကန်ကိုပတ်ပြေးလိုက် လေ့ကျင့်ခန်းတွေလုပ်လိုက်နဲ့ ။ ဇီဇဝါက ဖျံလေးတစ်ကောင်လို ကူးခတ်နေတယ်။ ကျွန်တော် ရေကန်ထဲကို ခုန်ဆင်းလိုက်





တယ် ။

ကန်တစ်ဘက်ခြမ်းကို ကူးသွားလိုက်တော့ ဇီဇဝါက ဘောင်ကိုမှီပြီး စောင့်နေတယ်။ အဲဒီအချိန်မှာ မိုးကဖွဲဖွဲရွာတယ်။

"အား ... ချမ်းတယ်နော်"

တစ်နေကုန်နေကမပူထားတော့ ကန်ထဲကရေတွေကအေးစက်နေတာ။





www.burmeseclassic.com

www.burmeseclassic.com



မိုးကထပ်ရွာတော့ အေးတာပေါ့။ ဒါပေမဲ့ ဇီဇဝါက

“မချမ်းပါဘူးဟာ..နှင်ကလည်း.. နှစ်ခေါက်လောက် အမြန်ကူး လိုက် အဲဒါဆို မချမ်းတော့ဘူး...”

ကျော်ကြီးက “ငါရေချိုးပြီးစောင့်နေမယ်ဟေ့..သွားပြီ” လို့ အော်သွားတယ် ။ ဟိုဂျပန်လေးနှစ်ယောက်လည်း တက်သွားပြီထင်တယ် ။ ရေကူးကန်မှာ ကျွန်တော်တို့ နှစ်ယောက်တည်းကျန်ခဲ့တယ် ။

“တက်တော့မလား ဇီဇဝါ ...”

“ဟင့်အင်း . . ငါမတက်ချင်သေးဘူး...”

သူပြောပြီးတော့ ရေငုပ်ပြီးတစ်ဘက်ကို ကူးသွားပြန်တယ် ။ ကျွန်တော် လက်ပစ်ကူးပြီးလိုက်သွားတယ် ။ ကျွန်တော် သူ့ကိုပြောစရာတွေရှိတယ် ။ သူက ကန်ဘောင်ကိုလက်နဲ့ဆွဲထားပြီး အမောဖြေနေတယ်။

“ငါ သူ့ကိုသဘောကျတယ်”

“ဟင် ... ဘယ်သူ့ကိုလဲ ...”

ဇီဇဝါ ကိုယ်ကို တစ်ပတ်လှည့်ပြီး လိုက်ရှာတယ် ။ ပြီးတော့ ။

“ဘယ်သူမှလည်းမတွေ့ပါလား.. နှင်ဘယ်သူ့ကိုပြောတာလဲ..”

“ဟို ..အဖြူနဲ့အနက်နဲ့ ကောင်မလေး .. Rocker မလေးကိုပြောတာ ..”

ကျွန်တော် ပြောရင်း သူ့မျက်နှာကို အာရုံထဲမှာ ဖော်ကြည့်တယ်။ သူမကမိုက်တယ်။ ကျွန်တော်ခေါင်းကိုခါပစ်လိုက်ပြီးပစ္စုပ္ပန်ကိုပြန်ကြည့်တော့ ဇီဇဝါက နားမလည်သလို ကျွန်တော့်ကိုကြည့်နေတယ် ။ ဇီဇဝါ့ကို လှတယ်လို့ သူများတွေပြောကြတယ် ။ အထူးသဖြင့် သူ့ကိုလိုက်တဲ့ ကောင်လေးတွေပေါ့။ ဇီဇဝါကတော့ ဘယ်သူနဲ့မှ ပြန်အီနေတယ်လို့ ကျွန်တော်မကြားဖူးဘူး ။ ထား





ပါတော့ ။

“ဟိုနေ့က stage show မှာ ငါ့ကို ဆော်ပလော်တီးသွားတဲ့ ဟာမလေးလေကွာ ..”

“နှင်က လုပ်လာပြန်ပြီ”

“ဟုတ်တယ် .. ငါမနေ့တုန်းက သူ့ကိုကပ်ကျွေးသေးတယ်.. အဲဒီပုံစံလေးနဲ့ပဲ.. Hot တယ် ...”

“ဟမ်..နှင်နဲ့ငါ မနေ့ကပဲ ရုပ်ရှင်ကြည့်ကြသေးတယ်လေ ...”

“အေး...ရုပ်ရှင်ရုံမသွားခင်က ငါဒီပနဲ့ ကော်ဖီဆိုင်မှာထိုင်နေတုန်းတွေ့တာ ..ငါသဘောကျတယ်ဟာ ...”

“အိမ်ဖြေ .. ဟုတ်မှလဲလုပ်ဦးနော် ... နှင့်စိတ်ထဲကတကယ် သေချာပြီဆိုတော့မှယုပ် တော်ကြာ .. ဟင်း . . မကြိုက်တော့ဘူးဆိုရင် နှင့်အတွက်လည်းမကောင်းဘူး ... ဟို မိန်းကလေးအတွက်လည်းမကောင်းဘူး .. အရင်တစ်ခါကလည်း နှင် အဲလို ဖြစ်ပြီးပြီ ...”

“မပြောတတ်ဘူးကွာ .. ငါကတော့ စိတ်ဝင်စားနေပြီ .. ပြောရင်းဆိုရင်း သူ့မျက်နှာလေးတောင် မြင်ယောင်လာပြီ .. ငါလိုက်မယ်ကွာ .. .. နှင်တို့ ငါ့ကို ကူညီကြနော် ..”

ဇီဇဝါ ကျွန်တော့်ကို မသက်မသာကြည့်တယ်။ ပြီးတော့ ရေထဲငုပ်ပြီး ကူးခတ်သွားလေရဲ့။

“ဟေ့ကောင် . . ဇီဇဝါ ..”

ကျွန်တော် အတင်းလိုက်ဆွဲတယ် ။

“ဘာလဲ ...”

“ငါပြောတာ ပြီးအောင်နားထောင်ဦး .. ငါ ဒီပကို ဖုံးစမ်းမိုင်း

www.burmeseclassic.com


ထားတယ် ··တကယ်လို့ ကျောင်းတွေဘာတွေသိရရင် ငါ့ကိုကူလိုက်ပေးနော် ·· ငါတစ်ယောက်တည်း မဖြစ်ဘူးဟ··နင် ငါ့အကြောင်းသိပါတယ်··"

"ဟွန်း ···"

ဆိုပြီးတော့ မျက်စောင်းလှလှလေးနဲ့ထိုးတယ် ။ ကျွန်တော့်မှာ သူများတွေပြောတဲ့ဇီဇဝါ လှတယ်ဆိုတာကို သဘောမတူချင် တူချင်နဲ့သဘောတူရပါတယ်။ သူက ရေကူးကန်လှေကားပေါ်ကနေ တစ်လှမ်းချင်းလှမ်းတက်သွားလေရဲ့။





**. E .**

သူမရဲ့အိမ်နံပါတ်ကယ်

(၆၆၆) ဖြစ်သတဲ့

ကျွန်တော်ကျတော့

စေတန်နဲ့လည်းမပတ်သက်လိုသူ


www.burmeseclassic.com

www.burmeseclassic.com



* * *

ကျွန်တော်နဲ့ ဇီဇဝါ နဲ့ ဒီပတ္တမြားကြီးရဲ့အောက်မှာ လေးဆယ့်ငါး မိနစ်နီးပါးရှိနေပြီ။ ဒီပကောင်းမှုနဲ့ ကျွန်တော့်မှာ DATA သုံးခုရထားတယ်။

(၁) ဖြူ တဲ့

(၂) ခဂုဏာရွှသိုလ် တဲ့

(၃) အင်္ဂလိပ်စာ မေဂျာတဲ့ . . .

အချက်အလက်အပြည့်အစုံနဲ့ကို လာစောင့်နေတာနော် .. အင်္ဂလိပ်စာအဆောင် တစ်ဆောင်လုံးကိုပတ်မွှေပြီးပြီ။ မတွေ့ဘူး ။ ကင်တင်းတွေမှာ ပတ်ရှာပြီးပြီ မတွေ့ဘူး ။ တော်သေးတာပေါ့။ ကားနဲ့မို့လို့ ။ ပြီးတော့ ကိုယ်တစ်ယောက် တည်းသာဆို ရှုးပြီ။

နောက်ဆုံးကြံရာမရတာနဲ့ ဒီအပိုင်းကြီးမှာလာထိုင်နေတာ။ Probability








အဆော်နည်းပါတယ်။ တွေ့ဖို့ ။ ဒီကျောင်းက UFL မှာလို အဝင်တစ်ပေါက်၊ အထွက်တစ်ပေါက်တည်း မဟုတ်ဘူးလေ။ ကိုယ်ပိုင်ကားနဲ့လား၊ ကျောင်းဖယ်ရီနဲ့ လား ၊ဘတ်(စ)ကားနဲ့လားဆိုတာပါမသိတော့ ကားဝင်းမှာသွားစောင့်လို့လည်း မဖြစ်ပြန်ဘူး။

အင်္ဂလိပ်စာအဆောင်ဘက် ပြန်သွားကြည့်တော့ အတန်းတွေလွှတ်

www.burmeseclassic.com




ကုန်ပြီ။

စိတ်ပျက်လက်ပျက်။

ဇီဇဝါက မေးဆက်ပြတယ် ။ ပြန်မလား ၊ ဘယ်လိုလဲ ပေါ့လေ။ ကျွန်တော်လည်း ခေါင်းခါပြီး ထထွက်လာတယ်။ တော်တော်ကြာမှ ဇီဇဝါက နောက်ကပြေးလိုက်လာတယ်။

အိမ်ပဲ ပြန်တော့မယ်ကွာ .. ။

သို့သော်လည်းပေါ့လေ။ ဒဂုံတက္ကသိုလ်ရဲ့အထွက်လမ်းတစ်နေရာမှာ








Taxi တားနေတဲ့ Rocker မလေးကို ကျွန်တော်တွေ့ပါတယ်။ တော်သေးတာပေါ့ ။ ကျွန်တော်တွေ့တဲ့အချိန်မှာ Taxi ကိုတောင်တားပြီးနေပြီ ။ ငါးမိနစ်လောက် သာနောက်ကျခဲ့မယ်ဆို မီမှာမဟုတ်တော့ပါဘူး။ ကျွန်တော် Taxi နောက်ကနေ အသားကုန် လိုက်မောင်းရတော့တာပေါ့ ။ ဇီဇဝါက ထိုင်ခုံ ခါးပတ်ယူပတ်တယ်။

Taxi ကလည်းဗျာ ။ သူ့နောက်ကနေလိုက်လာတာကို သိနေတဲ့အတိုင်းပဲ ။ လှော်လိုက်တာ...တဆုံး ။ ကျွန်တော်လည်း လီဗာကို ဖိနင်းလိုက်တယ်။ ဇီဇဝါ က သူ့ခြေထောက်နှစ်ချောင်းနဲ့ ဒက်ရှဘုတ်ကို ကန်ထားတယ်။ မတော်တာဆတိုက်မိရင် သူ့ခေါင်းနဲ့ ရှေ့မှန်နဲ့မဆောင့်မိအောင်တဲ့။ ခါးပတ် ပတ်ထားတာပဲဥစ္စာ။ ပိုကိုပိုတယ်။

* * *

ပင်လုံဈေး ၊ ပြီးတော့ တံတား ၊ပါရမီ ၊ ချော်တွင်းကုန်း ၊ ကမ္ဘာအေး နဝဒေး၊ ၈ မိုင်၊ ၉ မိုင် Taxi က north point အဆောက်အဦးကြီးပေါ် တက်သွားတယ်။

" ဒီအပေါ်ထပ်မှာ နေတာနဲ့တူတယ် "

" အင်း . . . . "

ကျွန်တော်လည်း နောက်ကနေ ခပ်ခွာခွာလေး လိုက်မောင်းတက်သွားတယ် ။

" ဇီဇဝါ .. နင်လိုက်ကြည့်လိုက် .. ဘယ်အခန်းလဲ ၊ ဒီမှာနေတာလား ၊ ဒါမှမဟုတ် ကျူရှင်တွေ ဘာတွေလာတက်တာလားမသိဘူး "

" အေး .. နင် အောက်က ကော်ဖီဆိုင်မှာစောင့်နေ ... "

" ငါဗိုက်ဆာနေပြီဟ ..ပီဇာဆိုင်မှာစောင့်မယ် .. နင်ဘာစားဦးမလဲ "

www.burmeseclassic.com



" ဟိုမှာ ... ဟိုမှာ . . တက်သွားပြီ. . နင်ဒိုးတော့ .. ဟိုနင်း .. ဖုန်းဆက်မယ် "

ဇီဇဝါက လေ့ကားအတိုင်း ခပ်သွက်သွက် လိုက်သွားတယ် ။ ကျွန်တော်သူ့ကိုစိတ်ချပါတယ်ပေါင်းလာတာပဲ ကြာလှရှိနေပြီ။ ဇီဇဝါ ဘယ်လောက်သေချာတယ်ဆိုတာ ကျွန်တော်သိတယ်။

* * *

North Point Centre ကတော့ထုံးစံအတိုင်းပေါ့ ။အရမ်းကြီး ရှုပ်ပွမနေဘဲ လူစည်ကားပါတယ်။ ပီဇာဆိုင်မှာ အရင်ဝင်မှာပြီးတော့ Oceans ထဲလျှောက်ကြည့်နေလိုက်တယ်။ ဆံပင်ညှပ်ဆိုင်ထဲမှာတော့ လူတွေအများကြီးပဲ။







ဟိုငေးဒီငေးပေါ့ ။ ပီဇာဆိုင်ကို ပြန်ရောက်တော့ ဇီဇဝါ ရောက်နေပြီ။

"အဆင်ပြေလား ... "

"အင်း .. ပထမထပ်မှာပဲ .. (C/317) .. ... သော့ဖွင့်ပြီးဝင်သွားတာဟ .. သူ့အိမ်ပဲ "

" အေး thank you ..ငါနင့်ကို ပီဇာ ကျွေးမယ် "

"အံမယ်.. ဒါက နင်ဗိုက်ဆာလို့စားမှာလေ .. ငါကလိုက်စားပေးရတာ ..

နောက်တစ်ခေါက်ထပ်ကျွေးမှရမှာပေါ့ . . . "

" အင်းပါဟာ .. ကျွေးမယ် .. ကျွေးမယ် .. အခုဘာသောက်ဦးမလဲ "

" pepsi မှာပေး "

" အိုကေ .. အစ်မ ပက်စီတစ်ဗူး .. ဩော် .. နှစ်ဗူး .. ပက်စီနှစ်ဗူးပေးပါ .. "

ဇီဇဝါက ..

" Ph နံပါတ်ရရင်ကောင်းမယ်နော် "

" ဟမ် ... ဘာကိုလဲ "

" ဩော် .. ဟိုကောင်မလေးလေ .. သူ့ဖုန်းနံပါတ်ရရင်ကောင်းလိမ့်မယ်လို့ "

" အင်း .. ဟုတ်တယ် .. နောက်ပြီး သူ့ကျူရှင်တို့ ဘာတို့သိရရင်လည်းကောင်းမှာပဲ .. ဒဂုံကိုနေ့တိုင်းသွားနေရရင်မချောင်ဘူးဟ .. ပြီးတော့ရင်းနှီးအောင်လည်းလုပ်ရဦးမယ် .. ဒီတစ်ခါတကယ်ပျာတယ်ဟ ... "



www.burmeseclassic.com

www.burmeseclassic.com



" နေဦး .. သူ့မှာ သူငယ်ချင်းတွေဘာတွေတော့ရှိမှာပေါ့ .. အဲ .. ဒါနဲ့ ဘဲရှိမသိဘူးနော် "

" ပါးစပ်ပုပ်ကြီးနဲ့ ပြောမနေနဲ့ ..ရှိမှာမဟုတ်ပါဘူးကွာ .... "

ပြောသာပြောရတယ် ။ စိတ်ထဲမှာတော့ ဟိုတစ်နေ့က မဟာဗန္ဓုလပန်းခြံလမ်းမှာ ဆိုင်ထဲက စုံတွဲထွက်သွားတာကို မြင်ယောင်တယ်။ သက်ပြင်းကိုခိုးချရပါတယ်။

" ရှိရင်လည်း နင်ကလိုက်မှာပဲ မဟုတ်လား "

" ရည်းစားရှိရင်တော့ ငါမလိုက်ဘူးပေါ့ .. အခုက ရှိလား မရှိလားမှမသိတာ ..ငါ့လိပ်ပြာ ငါသန့်တယ်လေ "

" အေးပါ .. ပြီးတာပဲ .. နောက်မှ ကျိုင်တက်ရင်တော့ ငါက ထွက်ပြေးမှာ .. "

" အေး .. ပြေး .. ပြေး .. ကောင်းတယ် .. ရှုပ်လို့ "

ဇီဇဝါက မျက်စောင်းတစ်ချက်ထိုးတယ်။ လှလည်းမလှဘူး ။ ပြီးတော့...

" အဲလိုဆိုရင်လည်းပြီးရော .. နင့်ဟာနင်ဆက်လုပ် .. ငါမကူညီတော့ဘူး "

" ဟာ ... နင်ကလည်း .. အဲလိုမလုပ်နဲ့လေ .. နင်က မရှုပ်ပါဘူးဟာ..ဟို . .ငါ့မှာက မိန်းကလေးသူငယ်ချင်း ရင်းရင်းနှီးနှီးဆိုလို့ နင်ပဲရှိတာ .. ပြီးတော့ငါ..ငါက ဟို .. မလိုက်တတ်ဘူးဟ .. နင်သိသားနဲ့ .. ဟိုကောင်တွေကလည်း သိပ်အားကိုးရတာမဟုတ်ဘူး "

" အဲဒါဆို ဘာလို့ရှုပ်တယ်ပြောလဲ .. တစ်နေကုန် လိုက်လည်းလိုက်ပေးရသေးတယ် "





" အေးပါဟာ .. ငါနောက်ကို အဲလို မစတော့ဘူး .. ဟဲဟဲ "

ဇီဇဝါက နှုတ်ခမ်းကိုမဲ့ပြတယ်။ လှလည်းမလှဘူး ။

" ကဲ . .. မြန်မြန်စားပါ ကိုယ်တော် .. ဒီနေ့ အိမ်ပြန်နောက်ကျရင် အိမ်က ကန်ကိုချတော့မယ်ထင်တယ် "

" ဟင် . . . ငါလာခေါ်သွားတာ နင့်အမေသိရဲ့သားနဲ့ "

" သိသိပေါ့ .. ပြီးကျတော့ ငါပဲအဆူခံရမှာ .. နှင်ချရင် နင်က တာဝန်ယူနိုင်တာလည်းမဟုတ်ဘဲနဲ့ "

" တာဝန်ယူနိုင်ပါတယ် .. ငါ့ရဲ့အိမ်ရှင်မလေးနဲ့သာ တည့်အောင်ပေါင်း .. ဟီးဟီး "

" မပေါင်းနိုင်ပါဘူး..နင်နဲ့သာအတူနေရရင်လည်း အသက်တိုမှာပဲ"

ကျွန်တော် ဘာမှပြန်မပြောဘဲ ရယ်ပဲရယ်နေလိုက်တော့တယ် ။ ဇီဇဝါက ရယ်ရတယ်လေ ။

မုန့်စားလို့ ပြီးတော့မှ-

" ငါသူ့ရဲ့ မွေးနေ့သိချင်တယ် "

" ဘာလုပ်မလို့လဲ .. မွေးနေ့လက်ဆောင်ပေးပြီး မိတ်ဖွဲ့မလို့လား .. ရပါလိမ့်မယ် ..အားကြီးကြီး "

" ငါ . . သူ့ရဲ့ ရာသီခွင်ပုံ tattoo ထိုးချင်လို့ "

* * *

Snow White : ရှင့်မှာချစ်သူမရှိဘူးပေါ့

Andrew : ဟုတ်ပ ..


Snow White : မယုံဘူး .. ဒီအရွယ်ကြီးရောက်နေပြီ ..



www.burmeseclassic.com

www.burmeseclassic.com






ဟာဟ ..

Andrew : ရည်းစားမထားဖူးဘူးလို့ မပြောပါဘူး .. ထားဖူးပါတယ် .. အခုလက်ရှိမရှိဘူးလို့ပြောတာ ..

now White : သြော် သြော် .. တစ်ကိုယ်တည်း လူပျိုကြီးပေါ့လေ .. ယပင့်ပျိုလားယရစ်ပျိုလားတော့ မသိဘူး ခစ် ခစ် ခစ်

Andrew : နင့်မှာရော ၊ ရည်းစားရှိသလား ၊ ရှိခဲ့လား ၊ ရှိနေလား ၊ ရှိတော့မှာလား ၊ ,





Snow White : ဟေး . . . မေးခွန်းတွေကလဲ .. ခစ်ခစ် ..

Andrew : ဖြေပါ ..

Snow White : ဟာဟ .. ဘယ်ပြောမလဲ .. : P

Andrew : အင်းပါ .. မစပ်စုတော့ဘူး .. ညည့်သည်လာနေလို့ ပြန်လာခဲ့မယ် .. Online မှာရှိဦးမှာလား ၊

Snow White : အင်း . . .ရှိဦးမယ် .. အိမ်စာလုပ်ရင်းစောင့်နေမယ်လေ

Andrew : ပြီးရော

Bye Bye

ကျွန်တော့်အလုပ်က အချိန်အကန့်အသတ်မရှိပါဘူး။ ရုံးချိန်တို့ အလုပ်ချိန်တို့လည်းမရှိဘူး။ ကျွန်တော့်ဆီမှာ အလုပ်အပ်တဲ့သူတွေဆိုတာကလည်း နေ့မရှိ ညမရှိတဲ့ အဆိုတော်တို့ ဂီတသမားတို့များတယ် ။ ဒါပေမဲ့ အခုညည့်သည်ကတော့ ခေါင်းလျှော်ရည်ထုတ်တဲ့ ကုမ္ပဏီကပါ။ လည်းတန်းမှာ ထောင်မယ့်ကြော်ငြာဘုတ်အတွက် ဒီဇိုင်းလက်စသတ်ပေးရမှာ ။

ကျွန်တော် အလုပ်စားပွဲမှာ သုံးနာရီလောက်ကြာသွားပြီးတော့မှ ညည့်သည်က ပြန်သွားတယ်။ ဒီတော့မှ ဒီဘက်ကွန်ပျူတာရှေ့ကို ပြန်ထိုင်ရတယ်။ ဒီဘက် computer ဆိုတာအင်တာနက်ချိတ်ထားတဲ့ computer ကိုပြောတာ။ ကျွန်တော်အလုပ်လုပ်တဲ့ computer တွေကို အင်တာနက်မချိတ်ထားရဲဘူး။ VIRUS နှိပ်စက်ရင် အကုန်ဂန့်ကုန်မှာ ကြောက်တယ်။ ဒီတော့ ကျွန်တော့် computer တွေကို Network ချိတ်ထားပေမဲ့အင်တာနက်ချိတ်ဖို့တော့ သပ်သပ်ထားရတယ်။

" တား "



www.burmeseclassic.com

www.burmeseclassic.com



အိပ်ချင်လိုက်တာ ။ ဘယ်နှစ်နာရီ တောင်ထိုးပြီလဲ မသိဘူး . . .

" အားပါးပါး .. . တစ်နာရီခွဲနေပြီ "

Gtalk ထဲပြန်ဝင်လိုက်တယ် ။ Snow White ကရှိနေတုန်းပဲ ။

Andrew : ဟေး .. မအိပ်သေးဘူးလား ...

(ကျွန်တော် မြန်မာလို မရိုက်တတ်ပါဘူး။ အမှန်တကယ်က Hey .. ma 8 Thay Boo Lar လို့ရေးတာ ။ ဒါပေမဲ့ ဖတ်တဲ့သူ အဆင်ပြေအောင် မြန်မာလိုပဲ ရေးမယ်နော် ။ မဟုတ်ရင် တစ်အုပ်လုံး အဲလို Myanglish တွေ ဖြစ်ကုန်လိမ့်မယ် )

Snow White : ဟေး . . .

Andrew : မအိပ်သေးဘူးလား ..

Snow White : ဟင့်အင်း .. စောင့်နေမယ်လို့ ပြောသားပဲ ..

Andrew : အိမ်စာပြီးသွားပြီလား

Snow White : ပြီးတာဖြင့် ကြာလှရှိပြီ .. Game ဆော့နေတာ ..

Andrew : ဟုတ်လား .. ဘာ Game လဲ

Snow White : GENJI လေ .. ဓားခုတ်တာ .. မိုက်တယ်

Andrew : နင်က အဲလို ခုတ်တာ ထစ်တာလည်း ကြိုက်တာပဲလား ..

Snow White : တခြား GAME တွေတော့ မကြိုက်ဘူး .. ဒီတစ်ခုကဂျပန်မင်းသားချောလို့ဟီးဟီး ..

Andrew : ဟိုက်ရှားဘား . . .. ပေါတယ်ဗျို့

Snow White : ခစ်ခစ်





နေဦး။ ကျွန်တော့်မှာမေးစရာရှိတယ်။ ဒီတစ်ယောက်က ဇလပ်ဖြူတဲ့။ ဟိုတစ်ယောက်က ဖြူတဲ့ ။ ဘယ်လိုမေးရင်ကောင်းမလဲ ။ ဟိုတစ်ယောက်က Rocker ဆိုတော့ . . . .

Andrew : သီချင်းနားထောင်လား . .

Snow White : နားထောင်တာပေါ့ .. ဘာဖြစ်လို့လဲ၊

Andrew : ဘာမျိုးဇစ် အကြိုက်ဆုံးလဲ ..

Snow White : ဘာဖြစ်ဖြစ်အိုကေပါတယ် ..

Andrew : Rock ကြိုက်လား .. Avril Lavigne တို့ဘာတို့ ..

Snow White : အင်း .. မဆိုးပါဘူး .. rock လည်းနားထောင်တယ် .. HIP HOP တွေကို ပိုကြိုက်တယ် .. နားထောင်တာပဲဥစ္စာ .. ကောင်းရင်တော့ အကုန်ကြိုက်တာပဲပေါ့ ..ရှင်ရော ..

Andrew : ငါလည်း နင့်လိုပါပဲ ..

ဒီမိန်းကလေး နှစ်ယောက် ၊ တစ်ယောက်ချင်းစီပဲဖြစ်မှာပါ။ ဟိုတစ်ယောက်ပုံစံ ကြည့်ရတာတကယ့် Rock မှ Rock " မသိဘူးကွာ . . . " လို့ အသံထွက်ညည်းမိတယ် ။ ခေါင်းထဲမှာ ဖျတ်ကနဲပေါ်လာလို့ ဟိုအရင်အပတ်တုန်းက Nikko rSm Stage Show သွားကြည့်သေးလား ဆိုတော့ ...

" အင်း " တဲ့။

ဒီလိုပဲ ရောက်တတ်ရာရာ လျှောက်ပြောနေလိုက်ကြတာ မိုးလင်းရောမယ်။ သူ့အကြောင်းတွေဘာမှသိပ်မပြောပြပေမယ့် သူသိချင်တဲ့ ... အကြောင်းတွေတော့ ပြောပြဖြစ်ခဲ့တယ်။ မိုးအကြောင်း ၊ လေအကြောင်း။ ...



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ မရှိသလဲ ဆိုတဲ့အကြောင်း ။ ဆေးကျောင်းတက်နေတဲ့ ညီမလေးအကြောင်း။ အန်တီဒေါက်တာအကြောင်း။ထားခဲ့ဖူးတဲ့ ရည်းစား(၂)ယောက်အကြောင်းတစ်ခါတစ်လေ သွေးအားနည်းတယ် ၊ အနီးမီးယား (ANAEMIA) ရတတ်တယ် ဆိုတဲ့အကြောင်း။ သွေးသွင်းရတတ်တယ် ဆိုတဲ့အကြောင်း ။ စုံတကာစီနေရော ။

ဘာလို့ ဒီလောက်ရင်းနှီးသွားပြီး အကုန်လျှောက်ပြောမိမှန်းမသိပါဘူး။ ခင်မင်ဖို့ကောင်းတာတော့အမှန်ပဲ ။ ညဘက် တစ်ယောက်တည်း ငေါင်လေ့ရှိလို့ အဖော်ရတော့ ပျော်ပြီးလျှောက်ပြောနေမိတာနဲ့တူပါရဲ့။ ဒုတိယတစ်ယောက်နဲ့ ပြတ်ပြီးကတည်းက ညဘက်ဖုန်းမပြောတဲ့ အကျင့်လုပ်ထားမိတော့လည်း တစ်ခါတစ်ခါ အထီးကျန်တယ်။

ဒါပေမဲ့ ဖုန်းပြောခြင်း အတတ်ပညာရှင်တွေဆီမှာ ကျွန်တော့်အချိန်တွေကို နှောက်ယှက်မပူဇော်လိုတော့ဘူး။ ပြီးကျလို့ နှလုံးသားပါအဆစ်ပါသွားရင် ·· ··· ·· ခက်ရချည်ရဲ့။

* * *





. F .

ဖုန်းစာနတ်အလိုကျ
သူမနဲ့ငါ တွဲကခဲ့ပြန် · · ·

* * *



www.burmeseclassic.com

www.burmeseclassic.com



မြို့ပေါပန်မှာ ကျွန်တော်တို့ထိုင်နေတယ်။ ကျွန်တော်တို့ ဆိုတာ (၁) ကျွန်တော် ၊(၂) ဒီပ ၊ (၃) ကျော်ကြီး ၊ (၄) စိုးစိုး ၊ (၅) ပင့်ကူ ၊ (၆) ဇီဇဝါ ၊ (၇) အိအိထွန်း ။ Seven swords ဆိုပြီး တရုတ်သိုင်းကားတောင် ရိုက်လို့ရလုပြီ ။

ဒီပ တစ်ယောက်ကလွဲပြီး ကျန်တဲ့ သူတွေက အသက်ပေးပြီးပေါင်းတဲ့ သူငယ်ချင်းတွေ(နည်းနည်းတော့ပိုသွားပြီ။ ဟဲဟဲ။) ဒါပေမဲ့ ဒီမစ်ရှင်(MISSION) မှာ ဒီပ ကလည်း ကန့်လန့်ကန့်လန့်ပါနေပြီ ။ သူကလည်း အဆိုတော်ဆိုပေမဲ့ ပဲမများဘူး။ကျွန်တော်တို့အုပ်စုနဲ့ပေါင်းလို့ရတယ်။

ကျွန်တော်တို့အားလုံးက ကျောင်းပြီးသွားကြပြီ ။ ဒီပ ကတော့မ သိဘူး။ သူလည်းပဲပြီးလောက်ရောပေါ့။ ဒါနဲ့များ အလုပ်မလုပ်ကြဘဲ ဆယ် ကျော်သက်တွေလို ပျော်မြူးနေကြသလားလို့ အပြစ်တင်မစောပါနဲ့နော် ။ ကျော်ကြီးတစ်ယောက်ကလွဲလို့ ကျန်တဲ့သူတွေက အလုပ်နဲ့ အကိုင်နဲ့။ စိုးစိုးက





ရေဒီယိုအသံလွှင့်ဌာနမှာလုပ်တာ။ အစီအစဉ်ကြေငြာသူ ။ ပင့်ကူကလည်း သူ့ အဖေကုမ္ပဏီမှာ ရာထူးနာမည်အတည်မရှိပေမဲ့ နေ့တိုင်းအလုပ်ဆင်းရတယ်။ သူ့အဖေညွှန်ကြားတာလုပ်ပေါ့လေ။

ဇီဇဝါ က ကျောက်မျက်ရတနာဒီဇိုင်းဖော်တဲ့သူ။ ကျွန်တော်က Graphic Designer ဆိုတော့လိုင်း နည်းနည်းတူတယ်။အိအိထွန်းက လေယာဉ်မယ်။ ဒါပေမဲ့ အထင်မကြီးပါနဲ့။ လေယာဉ်မယ်တွေလှတယ်ဆိုတာ အိအိထွန်းနဲ့မဆိုင်ဘူး လို့ပြောတာ။ ကျော်ကြီးကတော့ကျောင်းတွေတက်နေတုန်း။ သူ့အဆိုအရတော့ အလုပ်လုပ်တယ်ဆိုတာ ထမင်းစားဖို့လုပ်တာတဲ့။ကျောင်းတက်နေ သေးသ၍အမေကထမင်းကျွေးနေမှာပဲဆိုတော့ မထူးပါဘူးတဲ့ ။တစ်မျိုးပဲနော် ။ သူပြောတော့လည်း ဟုတ်သလိုလို။

ပြောချင်တာကတော့ အားလုံးအလုပ်တွေနဲ့မအားတဲ့ကြားက ကျွန်တော့်ကိစ္စကို(သူတို့သဘောနဲ့ သူတို့ )ပျော်ပျော်ကြီးလာကူညီတာပါ။ (အံ့ရော)

အားလုံးကို ကျွန်တော်က-

" (၃)နာရီကျရင် သူဒီလမ်းကဖြတ်ပြီး YCC ကိုသွားလိမ့်မယ်။ ဒီတော့ ဇီဇဝါနဲ့အိအိထွန်းက ဒီမှာစောင့် .. ငါတို့ကဟံသာဝတီအဝိုင်း နားကသွားစောင့်မယ်။

သူက ခါတိုင်းတော့ ဦးဝိစာရလမ်းကသွားလေ့ရှိတယ် .. "

" နေပါဦး .. မင်းက အဲဒါတွေ ဘယ်လိုလုပ်သိလဲ .. "

" ဒီပရယ် ဇီဇဝါရယ် စုံစမ်းပေးထားတာ .. မနေ့ကငါတစ်ယောက်တည်း ဒိုင်လျှိုလေးစောင့်ကြည့်ပြီးသွားပြီ.. ဟုတ်တယ်ကွ .. "

" သေချာလို့လား မင်းဟာက " လို့ကျော်ကြီးကမေးတယ်။


"သေချာတယ်..ငါBlazonရှေ့ကနေ ဗိုလ်မြတ်ထွန်းလမ်းအထိစောက်



www.burmeseclassic.com

www.burmeseclassic.com









လျှောက်လိုက်သွားတာ ''

'' ဟွန်း . . . နင်အဲဒါဆိုလည်း ဘာလို့ငါတို့ကိုခေါ်သေးလဲ။ တစ်ယောက်တည်းသွားလည်းရတာပဲ ''

'' မရလို့ပေါ့ '' လို့ပြန်ဖြေပြီး နားထင်ကိုလက်ညှိုးနဲ့ ခေါက်ပြလိုက်တယ်။

'' ငါ့မှာ အိုင်ဒီယာတစ်ခုရှိလို့ ''

ဒီပက -

'' ငါက ဘာလုပ်ရမှာလဲ '' လို့ အားတက်သရောမေးတယ်။ ကျွန်တော်က -

'' မင်းမျက်နှာကြီး လူတိုင်းသိနေတော့ ဘာမှလုပ်လို့မရဘူး။ မင်းလုပ်လို့ရတာက ..

ငါတို့စားထားတာ .. ပိုက်ဆံရှင်းပေးလိုက် '' လို့။

ဒီပမျက်နှာ ရှုံ့မဲ့သွားတယ်။ ဒါပေမဲ့ '' ရပါတယ်ကွာ .. '' လို့တော့ပြောရှာတယ်။

'' မဟုတ်ပါဘူးကွာ .. ကျတဲ့ပိုက်ဆံကို လူအရေအတွက်နဲ့စားပြီး အညီအမျှရှင်းတာငါတို့ထုံးစံ '' လို့ ပြောလိုက်တော့မှ ပြုံးဖြီးဖြီးနဲ့

'' ငါကျွေးမလို့ဟာကို '' တဲ့။

* * *

ကား (၃)စီးပါတယ်။ ကျွန်တော့်ကားရယ်၊ ပင့်ကူကားရယ်၊ ဒီပကားရယ်။ ဒီပကားပဲပါတာ။ လူကိုတော့ ထားပစ်ခဲ့ပြီ။ ပြည်လမ်းပေါ်က




www.burmeseclassic.com

www.burmeseclassic.com



Sweety Home ဆိုတဲ့ပရိဘောဂ ဆိုင်ရှေ့မှာ ရပ်ထားကြတယ်။ ဒီပကားကိုကျော်ကြီးမောင်းတယ်။ ပင့်ကူကားပေါ်မှာ ပင့်ကူတစ်ယောက်တည်း။ ကျွန်တော့်ကားကို စိုးစိုးမောင်းတယ် ။ ကျွန်တော်က စိုးစိုးဘေးမှာ ။ အားလုံးရယ်ဒီပဲ။







" MIN MA MIN BAE'

MIN MA MIN BAE " (တယ်လီဖုန်းမြည်သံ)

" ဓိဓဝါ.. ပြော ... လာပြီလား .."

" အင်း .. စမိုင် မီးပွိုင့်ကျော်သွားပြီ.. ငါတို့ မြိုင်ဟေဝန်ထဲက စောင့်မယ် "

" အေးပြီးရော .. တာ့တာ .. တာ့တာ "

ကျွန်တော်အားလုံးကို လက်မထောင်ပြလိုက်တယ်။ ကျော်ကြီးက လမ်းမကြီးပေါ်ဖြည်းဖြည်းချင်းမောင်းထွက်သွားတယ်။ ရွှေအိုရောင်ကားလေးကိုလှမ်းမြင်နေရပြီ။ ကျော်ကြီးက အဝိုင်းကိုပတ်ပြီးဦးဝိစာရဘက်ကိုတက်သွားတယ်။ ကျွန်တော့်စိတ်ထဲမှာ ဒိတ်ကနဲ။ သူ.. မြေနီကုန်းဘက်ကိုထွက်သွားရင်တော့ ဋပဲ။

ရွှေအိုရောင်ကားလေး ကျော်သွားတာနဲ့ ကျွန်တော်တို့နှစ်စီးစလုံးနောက်ကအသာလိုက်မောင်းသွားတယ်။ ကံအားလျော်စွာပဲ သူမကားက ဦးဝိစာရလမ်းပေါ်တက်တယ်။


" YES " လို့ တိုးကိုးရေရွတ်မိပါတယ်။

ချက်ချင်းပဲ ကျွန်တော်တို့ကား(၃)စီးနဲ့ သူ့ကားကိုပိတ်မောင်းလိုက်တယ်။ ကျော်ကြီးကရှေ့ကပင့်ကူကနောက်က။ ကျွန်တော်တို့ကားကသူ့ဘေးက။ သူ့ခမျာကျော်လို့လည်းမရဘူး။ ကျော်ကြီးကကီလို(၂၀)အထိလျှော့မောင်းတယ်။ သူ့မျက်နှာလေးက ရှုပုပ်နေတာပဲ။ သိပ်ချစ်ဖို့ကောင်းတယ်(လို့ကျွန်တော်ထင်တယ်)။

သိတယ်မလား။ ဦးဝိစာရလမ်းက ကားနှစ်စီးစာပဲရှိတာ။ ကော်မရှေ့နောက်ဆုတ်မရ ၊ မြန်မြန်မောင်းလို့မရနဲ့ ကောင်မလေးတင်းနေတာပေါ့။

www.burmeseclassic.com





ကျွန်တော်က ဘယ်ဘက်ခုံမှာထိုင်နေတာ။ သူ့ကားကညာမောင်း ။ သူ့နှုတ်ခမ်းဖူးဖူးလေးကို နီးနီးလေးမြင်နေရတယ်။ အပြင်အဆင်ကတော့ ထုံးစံအတိုင်းပါပဲ ။ သူ့အသားဖြူဖြူပေါ်မှာ အနက်ရောင်တွေနဲ့။

ကျွန်တော်ကားမှန်ချပြီး သူ့ကားမှန်ကို ပဲလုံးသေနတ်နဲ့ ပစ်လိုက်တယ်။

" ဖောက် "

" ဖောက် . . . . ဖောက် "

သူလှည့်ကြည့်တယ် ။ မျက်လုံးက မီးတောက်တော့မယ်။ ကျွန်တော်ပြုံးပြလိုက်တယ်။ သူမှတ်မိတယ်နဲ့တူတယ်။ လက်သီးဆုပ်ပြတယ်။ ကျွန်တော် သေနတ်ပြပြီး မှန်ချ မှန်ချဆိုတဲ့အိုက်တင်ကို လုပ်ပြတယ်။ ပါးစပ်ကလည်းပြောတယ်။သူ ကျွန်တော့်ဘက်တောက်လျှောက်ကြီးကြည့်မနေနိုင်ပါဘူး။





ကားမောင်းနေရတာကိုး။ ကားမောင်းနေရင်းက ကျွန်တော့်ကိုမကြည့်ဘဲ လက်ချောင်းတစ်ချောင်းထောင်ပြတယ်။

" ဟိုက် ရှားဘား "

သူ့လက်သည်းကလည်း အနက်ရောင်ပါလား။ ကျွန်တော်နောက် တစ်ချက်ထပ်ပစ်တယ်။

" ဖောက် . . "

အဲဒီတော့မှ သူ့ကားမှန်ကိုချပြီး လှမ်းအော်ပါတယ်။

" မလုပ်နဲ့လေ . . ကားမှန်ကွဲသွားမှာပေါ့ . . ဖုန်းဆက်လိုက်ရမလား "

သူ ရန်တွေ့နေတာလည်း ချစ်စရာကောင်းတာပဲ(လို့ထင်နေဆဲ)။

" မဟုတ်ပါဘူး . . စာပေးချင်လို့ပါ . . ရော့ " ဆိုပြီး လုံးချေထားတဲ့စာရွက်လုံးကလေးကို သူ့ကားထဲ ပစ်ထည့်လိုက်တယ်။ ပြီးတော့ ကားကိုနောက်က ချန်ပြီးမောင်းခိုင်းလိုက်တော့သူကရှေ့ကကားကိုကျော်တက်ပြီး တရှိန်ထိုးမောင်းထွက်သွားလေရဲ့။

ပစ်ပေးလိုက်တဲ့ စာထဲမှာ တကယ့်တကယ်တမ်းဘာမှမပါဘူး(တနည်း)ဘာမှမရေးထားဘူး။ ဇီဇဝါကပြောတယ်။ နင်ဒီတိုင်း ရည်းစားစာသွားပေးရင် ဘယ်စိတ်ဝင်စားမလဲတဲ့ ။ နည်းနည်းတော့ ကသိကအောက်ဖြစ်အောင် ကလိပေးရတယ်တဲ့။ အဲဒါကြောင့် အခုပထမဆုံး စလိုက်တဲ့နေ့မှာစိတ်အနှောက်အယှက်ဖြစ်အောင်လုပ်ပြီး ဘာမှမပါတဲ့ ရည်းစားစာပေးလိုက်တာ။ အဆင်မပြေလို့ကတော့ ဇီဇဝါမ . . . . သေမယ်။

အဲ ဇီဇဝါဆိုလို့ ဒီကောင်တွေ မြိုင်ဟေဝန်မှာစောင့်နေမှာပဲ။ မြေပြီးမြို့ထဲကိုဆက်မောင်းလာကြတာ။

" စိုးစိုး . . . ဂမိုင်မှာ ဇီဇဝါတို့ကိုပြန်ခေါ်ရမယ်လေ ကျေ့ . .



www.burmeseclassic.com

www.burmeseclassic.com



ကျွေ. . . . "

" ဟုတ်သားပဲ . . . ငါလည်း ကျော့်ကြီးနောက်ကိုလိုက်မောင်းနေတာ . . . "

ကျွန်တော်တို့ ကျော့်ကြီးကားကိုကျော်တက်ပြီးတော့မှ ပြန်ကျွေ့ပို့ ပြောရတယ်။ နောက်ပြီးမှ . . .အားလုံး မြိုင်ဟေဝန်ကို . . . . . . . . ။

* * *





## . ၉ .

နတ်ဆိုးကလမ်းညွှန်လို
အဲဒီမြို့ကို ကျွန်တော်သွားတယ်

* * *



www.burmeseclassic.com

www.burmeseclassic.com



Physics ကင်(န်)တင်းဟာ နေ့လည်စာစားချိန်မို့ ဆူညံပွက်လော ရိုက်နေတယ်။ ကျွန်တော်တစ်ယောက်တည်းထိုင်နေတဲ့ ဝိုင်းကို ကောင်လေးတစ် ယောက်လာထိုင်တယ်။ ပိန်ရှည်ရှည် ကလန်ကလားနဲ့။ ဘယ်မှာမြင်ဖူးပါလိမ့်။ မမှတ်မိပါဘူး ။ သူကတော့ လက်ဖက်ရည်တစ်ခွက်မှာပြီး ထမင်းချိုင့် ဖွင့်စားနေလေရဲ့။

ဒဂုံတက္ကသိုလ်က အရင်လိုပါပဲ။ တက်ကြွနေတဲ့ ခန့်ငြားမှုနဲ့ ။ ကျောင်း သားအားလုံး လုံချည်ဝတ်ကြတာကလွဲလို့ လွန်ခဲ့တဲ့ငါးနှစ်ကအတိုင်းပါပဲ ။ လွတ်လပ်မြဲ ။ ပျော်ရွှင်မြဲ ။

Physics ဆောင်ကော်ရစ်ဒါထိပ်က တံခါးပေါက်လေးကနေ ဓိဇဝါ နဲ့ အိအိထွန်းထွက်လာတယ်နှစ်ယောက်သား ရပ်တည်ကြီးတွေနဲ့။

“ အဝေးကြီးပဲဟာ .. သေအောင်လျှောက်ရတယ် ”






“ ထိုင်ပါဦးဟ .. ငါပြောသားပဲ ကားနဲ့သွားပါလို့ ”

“ မသိဘူးလေ .. ငါတို့ကနီးတယ် မှတ်လို့ ”

“ ကဲ ... ပြောပါဦး ... အခြေအနေ ... ”

ဓိဇဝါက သူ့ဖုန်းနဲ့ရိုက်ထားတဲ့ ဓာတ်ပုံလေးထုတ်ပြတယ်။ ကျွန်တော်





www.burmeseclassic.com

www.burmeseclassic.com



ချစ်သော Rocker လေးဟာ ရင်ဖုံးအင်္ကျီအဖြူ လုံချည်အနက်နဲ့။ မြန်မာလို ပေါ်ကာတောင် အဖြူ အနက်ရယ်။ အနီးကပ်ပုံကိုကြည့်တော့ အင်္ကျီအဖြူမှာအနက် ရောင်မှိန်မှိန်တဲ့အလုံးလေးတွေနဲ့။ မျက်လုံးကိုလည်းခြယ်ထားတယ်။

အောင်မယ် . . . ဟိုကောင်ကလည်းလှမ်းကြည့်နေလို့ ဖုန်းကို အမြန်ပိတ်လိုက်ရတယ်။

" ရော့ . . . မီဇဝါ . . . အခု ငါ့ဖုန်းထဲကိုပို့လိုက် "

" အင်း . . . ဟဲ့ . . . . . Bluetooth ဖွင့်ဦး "

အိအိထွန်းက -

" ငါလည်း . . ခပ်တည်တည်နဲ့ ညီမလေး ဖုန်းနံပါတ်ဘယ် လောက်လဲလို့ မေးလိုက်တာ . . . . "

" ဟင် . . . . ရခဲ့လား . . "

" အင်း . . . ဒီအတိုင်းကြီးတော့ ဘယ်ပေးမလဲကွ ။ အစ်မတို့က သတင်းထောက်တွေပါ . . လူငယ်တွေနဲ့စကားဝိုင်းလေးလုပ်ချင်လို့ပါ ဘာညာ . . . ဆက်သွယ်ပါရစေ . . . . ဆိုပြီး ဝင်ရောရတာပေါ့ "

" . . . . . . . . . . . . "

" အဲဒါအဆင်ပြေရင် ဖုန်းဆက်ပြန်ချိန်းချင်လို့ပါ . . အစ်မနာမည် ဘယ်သူပါ . . ဖုန်းနံပါတ်က ဘယ်လောက်ဆိုပြီး ရှိုးခဲ့တာ "

" နင်သိပ်တော်တယ် အိအိထွန်း . . ဒီနေ့နေ့လည်စာ နင့်ကို ရှယ် ကျွေးမယ် . . ကြိုက်တာမှာ . . "

" ဟွန့် . . . ကျောင်းကင်(န်)တင်းမှာ . . . . နင်အကုန်အကျများ နေဦးမယ် အိမြှေ "

ဇီဇဝါက -





" ကဲ . . ကျွေးတုန်းသာစားထားလိုက်ပါ အိအိထွန်းရယ် . . နောက်မှ ဆိုရင်ဒီဦးကပ်စီးကြီးက လျှော့သွားမှာ "

ကျွန်တော် ပြုံးနေလိုက်ပါတယ်။ ဖုန်းနံပါတ် ဆိုတာ ကောင်မလေးတစ် ယောက်ကိုလိုက်ဖို့ပင်မလမ်းကြောင်းတစ်ခု မဟုတ်ပါလား။ ဟဲ့ . . ပလုတ် တုတ် . . ရင်ခုန်တာ မြန်လာပြန်ပြီ။



* * *



www.burmeseclassic.com

www.burmeseclassic.com





## ၈

ဥသြရေ
နင်တွန်ချင်ရာတွန်
ပြီးရင်တော့ ငါ့ထံနားလှည့်

* * *





Snow White : အဲဒီတော့ ရှင် သူ့ကို အတည်ကြိုက်တယ်ပေါ့။

Andrew : ဒါပေါ့ .. မကြိုက်ဘဲနဲ့ ဘယ်သူက ဒီလောက်အသည်းအသန်လိုက်မှာလဲ။

Snow White : မဟုတ်ဘူးလေ . . တို့မေးတာက တကယ်ကြီးအတည်ကြီးလားလို့။

Andrew : ဒီမှာအမိ .. ငါက တကယ်အတည်မကြိုက်ဘဲနဲ့ ဘယ်မိန်းမကိုမှ မလိုက်ဘူး .. ဟုတ်ပြီလား ...

Snow White : ဒါဆိုရင် .... ရှင့်အရင်ရည်းစား(၂)ယောက်ကရော .. ဘာဖြစ်လို့ပြတ်သွားရတာလဲ .. ရှင်ကဖြတ်တာလား .. သူတို့ကဖြတ်တာလား .. ။

www.burmeseclassic.com









Andrew : ငါကမဖြတ်ပါဘူးကွာ ‥ ဒါပေမဲ့ အဲဒီအကြောင်းတွေကို မပြောချင်တော့ဘူး ‥ ပြတ်သွားတဲ့ ကိုယ့်ရည်းစားဟောင်းအကြောင်း ကိုယ်အတင်းပြောတဲ့ လူတွေ စာရင်းထဲမှာငါမပါဘူး။ သူတို့ကိုလည်း အပြစ်မတင်ဘူး ‥ ကံကြမ္မာ အကြောင်းတရား မတိုက်ဆိုင်လို့လို့ပဲ သဘောထားတယ်။

Snow White : ရှင်က မဆိုးပါဘူး ‥

Andrew : ဒါကတော့ မင်းအမြင်လေ။ မင်းက ငါနဲ့ပဲသိတော့ ငါမဆိုးဘူးလို့ သတ်မှတ်ရင် သတ်မှတ်မှာပေါ့ ‥ ဒါပေမဲ့ သူတို့ရဲ့ အပေါင်းအသင်း အသိုင်းအဝိုင်းကြားမှာတော့ ငါက လူဆိုးကြီးလို့ သမုတ်ရင်သမုတ်ကြမှာပေါ့ ‥

Snow White : အင်းနော် ‥ရှင်သူတို့ကို သတိရတာတို့ ဘာတို့ မဖြစ်ဘူးလား

Andrew : တိုက်ဆိုင်တဲ့အခါမျိုးမှာတော့ သတိရတာပေါ့ကွာ ‥ ဒါပေမဲ့ သူတို့နဲ့ပတ်သတ်တဲ့ ပစ္စည်းတွေ အရာဝတ္ထုတွေကို ငါ့အိမ်မှာမထားဘူး ‥ အမှတ်တရ တစ်ခုစီပဲ ငါ့ကိုယ်ပေါ်မှာရှိတယ် ‥

Snow White : ငါ့ကိုယ်ပေါ်မှာ ???
အဲဒါက ဘယ်လိုကြီးလဲ ! ! !

Andrew : ဘယ်လိုကြီးလဲဆိုတော့ . . .
ငါ့ကျောပေါ်မှာ သူတို့နှစ်ယောက်ရဲ့ ရုပ်ပုံ

www.burmeseclassic.com



တွေကို tattoo ထိုးထားတယ်‥ ပထမရည်းစားက ကုံရာသီ (Aquarious)‥ ကုံရာသီရဲ့ အမှတ်အသားပုံထိုးထားတယ်‥ နောက်တစ်ယောက်က မိဿရာသီ (Aries)‥ Aries တံဆိပ်ပုံထိုးထားတယ်‥ ဒါပေမဲ့ ကျောကုန်းမှာဆိုတော့ မှန်နဲ့မကြည့်ရင် မမြင်ရဘူး ‥ အဲဒီတော့ အဲဒီဆေးမင်တွေကိုတွေ့တိုင်း သတိရနေပါတယ် ‥ ဆိုတာမျိုးလည်း မရှိဘူး ‥

Snow White : WOW ! မိုက်လှချည်လား ‥တို့ကတော့ tattoo မပြောနဲ့ ‥ ဆေးထိုးရင်တောင်ကြောက်တယ် ‥ ခစ်ခစ် ‥ ‥

Andrew : မေးမယ်နော်

Snow White : မေးပါမေးပါ

Andrew : မင်းရဲ့ Friendster မှာ ရေးထားတဲ့ ရန်ကုန်တက္ကသိုလ်ဆိုတာ ဒဂုံကိုပြောတာလား ‥ ‥

Snow White : ဟုတ်ဖူးရှင့် ‥ ရန်ကုန်တက္ကသိုလ်ဆိုတာ Main ကိုပြောတာ ‥ ပိန်းလိုက်တာနော် ‥ ‥

Andrew : ဘာတက်နေတာလဲ ‥

Snow White : EPP ‥ မာလာဆောင်မှာ ‥

Andrew : EPP ဆိုတာ ဘာလဲ ? ?

Snow White : English Professional Purpose

ကျွန်တော့်ရဲ့ သံသယစိတ်ကို သူ့အဖြေတွေက ချေဖျက်ပစ်လိုက်ပါတယ် ‥ ဇလပ်ဖြူပာ ဖြူများလားဆိုတာကိုလေ။ ဒါပေမဲ့ နာမည်လေး တစ်လုံးတူတာကလွဲလို့ လုံးဝမဟုတ်နိုင်ပါဘူး။ တက်တဲ့ကျောင်းတို့ ၊ နားထောင်တဲ့ ဂီတတို့ကတူမှမတူတာ ။ ဒီတစ်ယောက်က အခုံနားထောင်တာဟိုတစ်ယောက်က





ကတယ့် Rock ပုံကိုပေါက်နေတာ။

ကျွန်တော် ကွန်ပျူတာပိတ်ပြီးတော့ ဖုန်းဆက်ဖို့စဉ်းစားတယ် ။ ဖုန်းဆက်တာများစဉ်းစားဖို့လိုသေးသလားလို့ မေးရင်ဟုတ်ကဲ့၊ အမှန်တကယ်လိုပါတယ်လို့ ဖြေရပါမယ်။ ကျွန်တော် ဖြူ(သို့မဟုတ်) Rocker မလေးဆီကို ပထမဆုံးအကြိမ်ဆက်မှာမို့လို့ပါ။ ဘယ်ကစပြောရမလဲ ။ ကျွန်တော် ဘယ်သူပါလို့ပြောရမလဲ ။ သူက ယဉ်ယဉ်ကျေးကျေးပြန်ပြောမှလား ။ အော်ငေါက်ပြီးတော့ပဲ ဖုန်းချပစ်မှာလား ။ တွေးစရာတွေက တသီတတန်းရယ်။

သို့ပေမဲ့ ကျွန်တော်စဉ်းစားလို့ မပြီးသေးခင်မှာပဲ လက်က သူ့မဖုန်းနံပါတ်ကိုနှိပ်ပစ်လိုက်ပြီ။

" တူ ‥‥ ‥‥ တူ ‥‥ ‥‥ "

" ‥‥ ‥‥ တူ ‥‥ ‥‥ "

" တူးတူး ‥ ‥ တူး ‥ တူး "

ဒါဖုန်းကို နှိပ်ချပစ်လိုက်တာပဲ ။ ကျွန်တော်ပြန်ခေါ်တယ် ။

" တူ ‥‥ ‥‥ တူ ‥‥ ‥‥ "

" ‥‥ ‥‥ တူ ‥‥ ‥‥ "

" တူးတူး ‥ တူး ‥ တူး "

နံပါတ်မသိလို့ ဖုန်းချပစ်တာလား ။ ဘယ်ရောက်နေလို့လဲ ။ ည(၁၀)နာရီဆိုတော့ အိမ်မှာပဲရှိမှာပါ။ ဒီနေ့ကြားရက်ဆိုတော့ အပြင်ထွက်နေတာလည်း မဖြစ်နိုင်။ ကျွန်တော်ပြန်ခေါ်တယ်။

" တူ ‥‥ ‥‥ တူ ‥‥ ‥‥ "

" ‥‥‥ တူ ‥‥‥ "

" ဟဲလို ‥‥‥ "



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ ဖုန်းကိုင်ပါတယ်။ သူ့အသံက လွင်တယ်။ ကျွန်တော့် ယက်ဖျားတွေအေးလာတယ်။ နံရံကိုမှီပြီး ခြေဖျားထောက်လို့ ပြောရတယ်။

" ဖြူလားဟင် . . . . "

" ဟုတ်တယ် . . . ဘယ်သူလဲ . . . . ကျော်လား "

" ကျော် မဟုတ်ပါဘူး ဖြူ . . . . အိန္ဒြေပါ "

" အိန္ဒြေ . . ၊ သိလို့လား . . . . "

" ဟို . . သိတော့ မသိဘူး . . .။ အခုမှ စဆက်ဖူးတာ . . "

" ဪ . . . . . Sorry နော် . . ကျွန်မက မသိတဲ့လူနဲ့ စကား မပြောဘူး . . "

" ခဏလေး ဖြူ . . ဖြူ ကိုယ့်ကိုသိပါတယ် . . ဟို . . ဟိုလေ . . Nikko က Show ပွဲမှာရေထဲပြုတ်ကျသွားလို့ ဆင်းကယ်တာ . . "

" ဪ . . . ကျွန်မကို အမြဲလိုက်နှောက်ယှက်နေတဲ့သူပဲ . . . "

" ဟို . . . နှောက်ယှက်တာမဟုတ်ပါဘူး . . အဲဒီနေ့က တကယ် ရေနစ်ပြီထင်ပြီး . . "

" တော်ပါ တော်ပါ . . ဘာမှလာမရှင်းနဲ့ . . ဒါဖြင့် ဟိုတစ်နေ့က ကားပေါ်ကသေနတ်နဲ့ လိုက်ပစ်တာကရော "

" အဲဒါကလေ . . . ကားမှန်ကပိတ်ထားတော့ ဘာလုပ်ရမှန်းမသိဖြစ်နေတုန်း ရုတ်တရက်ကားပေါ်မှာ အဲဒီသေနတ်တွေ့တာနဲ့ လှမ်းပစ်လိုက်တာ . . သေနတ်ကကလေးကစားစရာသေနတ်ပါ . . ဘာမှမဖြစ်ပါဘူး . . "

" ဘာမှ မဖြစ်လို့ပဲ . . မှန်ကွဲသွားလို့ကတော့ ဆင်းထိုးမှာ . . "

ဟိုက်ရာလဘတ်(စ်)။ ဂုရူးလား . . ကစ်ဘောက်ဆာလား . .





ဟိုက်ကွမ်ဒိုလား . . တစ်ခုခုတော့တစ်ခုခုပဲ ။

" အင်းပါ . . အခု ဘာမှမဖြစ်ဘူးမဟုတ်လား . . ကျွန်တော်က စာလေးပေးချင်ရုံသက်သက်ရယ် "

" ဒါပေမဲ့ ရှင့်စာက ဘာမှ မပါဘူးလေ "

စိတ်ထဲကနေပဲ ' Yes ' လို့ရေရွတ်လိုက်တယ် ။ ကျွန်တော် ဒီအကွက်ကိုရွှေ့ချင်တာပါ။ ကံကောင်းချင်တော့ သူမရဲ့ဘုရင်မအရုပ်ကို နေရာ ဖယ်ပေးတယ်။ ဒီတော့ ကျွန်တော့် မြင်းရုပ်လေးကအသာခုန်လိုက်ရုံပေါ့။

" ဟုတ်တယ် ဖြူ . . ကျွန်တော်က စာသာပေးချင်တာ . . ဘာမှမ ရေးရသေးဘူး . . ဘာဖြစ်လို့လဲသိလား . . စာရွက်ပေါ်မှာ ခဲတံနဲ့ချရေးရ တာထက် နှုတ်ခမ်းလေးပေါ်မှာ နှုတ်ခမ်းနဲ့ ရေးချင်လို့ . . . "

" ဟာ . . . . ဘာတွေ ပြောနေမှန်းလဲမသိဘူး . . ဒါပဲဒါပဲ . . မေမေ ခေါ်နေပြီ "

တူ . . တူ . . တူ . . . .

ဒါပါပဲ ။ ဒီလောက်ဆိုရင် ကျွန်တော့်အကောင်အရေအတွက်တူပေမဲ့ ကစားကွက်ကို ကျွန်တော်စီးနိုင်လောက်ပြီလို့ သိပါတယ်။ သူလည်း ကလေး လေးမှ မဟုတ်တာ။ ဒီခြံ့ဟာ ခြံ့အစစ်မဟုတ်မှန်းဒီယုန်မလေးသိမှာပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com



.l.

အဆင်သင့်လို့

မိုးပျံပူဖောင်းကို


ခဏနိုတယ်

အတောင်ပံကို အနားပေးတာပါ ။

* * *









www.burmeseclassic.com

www.burmeseclassic.com





အမှန်အတိုင်းဝန်ခံရရင် ကျွန်တော်က ကျွန်တော်ဝါသနာပါတဲ့အလုပ်ကို လုပ်တာပါ။ အလုပ်မလုပ်ဘဲ ထိုင်စားနေရလောက်အောင် မကြွယ်ဝ၊ မခမ်းနားပေမဲ့လည်း တစ်နေ့လုပ်တစ်နေ့စားတဲ့ အခြေအနေမျိုးအထိတော့ ဘဝကမပေးဘူး။ ဒီတော့လည်း တချို့တလေ အချိန်တွေမှာ ကျွန်တော်အလုပ်မလုပ်ဘူး ။ ပြီးတော့ ကံရဲ့ ဘက်လိုက်မှုတစ်ခုက (အင်းလေ အဖေတို့ အမေတို့ကို သိမ်းလိုက်လို့ အလျော်ပေးတာလည်းဖြစ်ချင်ဖြစ်မှာပေါ့ )။ ကျွန်တော့် အဲဒီဒေါက်တာကပြည့်စုံပါတယ်။ ဒီတော့ သူ့ရဲ့ အုပ်ထိန်းမှုအောက်မှာ နေရတဲ့ ကျွန်တော်တို့မောင်နှမနှစ်ယောက်ဟာလည်း ဖူလုံပါတယ်။

နောက်ပြီး ကျွန်တော်လုပ်တဲ့ အနုပညာဆိုတာ အားကစားလို " ညှစ် " ပြီးလုပ်ရတာမျိုးမဟုတ်ဘဲ " ဝဲ " ပြီးလုပ်ရတာလို့ ကျွန်တော်ထင်ပါတယ်။ အလုပ်မပြီးပြီးအောင် အားစိုက်လုပ်ရတာထက် စိတ်ကူးတွေကို ကောင်းကင်မှာ





မျှန့်ပြီး ရှာန့်ဝင်စားရတာလေ ။ အဲဒီအကြောင်းပြချက်နဲ့ အခုရက်ပိုင်း ကျွန်တော် အလုပ်မလုပ်ဘူး ( ကိုယ့်ဟာကိုယ် " မ " စိတ်မွန်နေပြီးတော့များနော် … အဲဒါကြောင့် လူကြီးတွေကပြောတာ … ကိုယ့်ကိုကိုယ်လိမ်တာအဆိုးဆုံးတဲ့ ….)

ကျွန်တော် အလုပ်မလုပ်တဲ့အတွက် လောလောဆယ် သနားစရာအကောင်းဆုံးက တော့ ဒီပ ဖြစ်ပါတယ်။ သူ့ရဲ့ VCD ဒီဇိုင်းကို ကျွန်တော့်ဆီမှာ အပ်ထားတာကိုး ။ ဒီနေ့ မနက်လည်း အစောကြီးပဲသူအိမ်ရောက်လာတယ်။ ကျွန်တော်မပြောနဲ့ ။ ဖူးဖူးတောင်မနိုးသေးဘူး ။

" အိန္ဒြေ ‥ထ‥ထ‥ မျက်နှာသစ်‥ Tea သွားဆွဲရအောင် "

သူ့အကြံကျွန်တော်သိပါတယ် ။ လက်ဘက်ရည်ဆိုင်မှာ ထိုင်မွှားပြီးတော့ ကစ်နေကုန်မပြန်ဘဲ သူ့ဒီဇိုင်းလုပ်ခိုင်းတော့မှာလေ ။ ဟဲဟဲ . . . ဘယ်ရမလဲဗျာ ။ အိန္ဒြေ ပဲဥမှာ ။

Lucky Seven မှာ တစ်နာရီလောက် ထိုင်ပျော့ပြီးတော့ မိုလ်ဖြတ်ထွန်းလမ်းဘက်ကို မောင်းထွက်ခဲ့တယ်။

" အိမ်မပြန်ဘူးလား အိန္ဒြေ . . . "

" ဟင့်အင်း . .. YCC ကိုသွားမလို့ "

" ငါက …. "

" ဒီမှာ နားထောင်စမ်းဒီပ ‥ ငါ ဖြူကို စကားဝင်ပြောမလို့ ‥ အဲဒါမင်းကသူ့ဘေးကဟာလေးတွေကို ထိန်းထားပေး ‥ "

" ဟာ . . . ငါမလုပ်ဘူး ‥ အလကားနေရင်း ဒီပက YCC မှာ လာကြောင်နေတယ် ပြောခံထိမယ် "

"လုပ်ပါ သူငယ်ချင်းရာ‥ပြီးရင် တစ်ညလုံး မင်းဒီဇိုင်းငါထိုင်လုပ်

www.burmeseclassic.com



ပေးမယ် .. ''

'' မင်းတကယ်ပြောတာလား .. . ဟား ..တော်ပြီ . .. မင်းကလိမ်မှာပဲ ''

'' တကယ် .. ယုံပါကွာ .. ဘုရားစူး .. မိုးကြိုးပစ် .. မြွေကိုက် ''

'' ဟေ့ကောင် လျှောက်ကျိန်မနေနဲ့ အဲဒါတွေ ဘာတစ်ခုမှ မဖြစ်ဘူး .. မင်း ဒီညတကယ် မလုပ်ရင် မင်းအခုကောင်မလေးနဲ့ လုံးဝအဆင်မပြေဘယ်လိုလဲ ... ''

'' အေးပြီးရောကွာ ... ကျိန်တယ် ''

'' အဲဒါဆို ရင်ဘတ်ကို ကြက်ခြေခတ်ပြီးကျိန် ''

'' အေးကွာ အေးကွာ . . . ''

'' ပါးစပ်ကပြော . . ''

'' အေးကွာ .. ဒီည ဒီပရဲ့ ဒီဇိုင်းမလုပ်ရင် အခုကောင်မလေးနဲ့ တစ်သက်လုံးအဆင် မပြေ .. ဟုတ်ပြီလား .. ကျေနပ်ပြီလား ။ ကိုယ်တော် ... အာမဘာနေ့ပါ ''

'' အင်း . . . ဒီပ ဂျက်ခိုးတော့ ခပ်လှုပ်လှုပ်ပဲဟေ့ ၊ ညကလည်း ဖန်ခွက်တစ်လုံးကျကွဲထားသေးတယ် ''

'' ဟား ဟား ဟား '' လို့အော်ရယ်ပစ်လိုက်တယ် ။

ကား Radio က ဖော်ပိုင်ရဲ့Country သီချင်းတစ်ပုဒ်ကို လွှင့်နေလေရဲ့။ ဒီမနက်ခင်းက စိုပြေတယ်။ ရာသီဥတုက အခါတိုင်းလိုလောင်ကျွမ်းမနေဘူး။ Sunday ဆိုတော့ ကားတွေလည်းပဲ ကြပ်မနေဘူး ။ ကျွန်တော် ကားမှန်ကို ချလိုက်တယ်။ Sunday မနက်ခင်းရဲ့ လေထုက မီးခိုးမညှော်ဘူး။





အဲလိုနဲ့ အသာတကြည်ပဲ YCC ကို ရောက်သွားပါတယ်။

* * *

YANGON COMPUTER CENTER လို့အဖြူမှာ စာလုံးအပြာကြီးတွေနဲ့ရေးထားတဲ့ဆိုင်းဘုတ်ကြီးအောက်က လှေကားပေါ်ကို ကျွန်တော်နဲ့ ဒီပ ပြေးတက်ခဲ့ကြတယ်။ ဒီပကတော့ သူ မရောက်ဖူးတဲ့နေရာမို့ ဟိုကြည့်ဒီကြည့်နဲ့ ။ ကျွန်တော်ကတော့ ဘယ်နေရာမှာ ဘာရှိတယ်ဆိုတာ အားလုံးသိပြီးသား ။ (၃)နှစ်တောင် ဒီကျောင်းတက်လာတာပဲလေ ။

'' ချွတ်ချွတ် .. ဒီဘက် ''လို့ ဒီပကိုလှမ်းခေါ်ပြီး ၊ သင်တန်းအခန်းတွေဘက်ကိုကျွေ့လိုက်တယ်။ပထမဆုံးအခန်းမှာပဲ ' ဖြူ ' လို့ခေါ်တဲ့ အနက်ရောင်ကောင်မလေးကိုတွေ့ပါတယ်။ ရှပ်အနက်ရောင် Jeans အပြာဖျော့နဲ့ ဆံပင်ကို တပတ်လျှိုထုံး ထားလေရဲ့။

ကျွန်တော် ဒီပပခုံးကိုတွန်းပြီး ခပ်တည်တည်ပဲ အခန်းထဲဝင်သွားတယ်။ ကျောင်းသားတွေလှည့်ကြည့်တော့ ဒီပ ကိုတွေ့သွားပြီး တီးတိုးတီးတိုးသဖန်းပိုး။ ဒီပက စန္ဒာတို့အုပ်စုရှိတဲ့ နောက်ဆုံးတန်းကိုသွားတယ်။ ဖြူ ကကျွန်တော့်ကို မျက်မှောင်ကုပ်ကြည့်တယ် ။ သူလည်း နောက်ဆုံးတန်းမှာပဲ ။ စန္ဒာဘေးမှာ။ ဒီပ ကရှေ့တစ်ခုံကျော်မှာ ဝင်ထိုင်ပြီးတော့ စန္ဒာ့ကို လှမ်းခေါ်လိုက်တယ်။ ကျွန်တော်လည်း ချက်ချင်းပဲ ဖြူ့ဘေးမှာ ဝင်ထိုင်တယ်။ နည်းနည်းခွာခွာလေးပေါ့။ မတော်လို့လှမ်းထိုးရင်လည်း ရှောင်နိုင်အောင် အသင့်ပြင်ထားတယ်။

ဒါပေမဲ့ သူမဟာ ထင်သလောက်မကြမ်းတမ်းပါဘူး ။

'' ဘာလာလုပ်တာလဲ .. '' တဲ့။



www.burmeseclassic.com

www.burmeseclassic.com









" မေးစရာ ရှိလို့ .. " လို့ ။

" ဘာလဲ .. . " တဲ့။

" ချစ်သူရှိသလား " လို့ ။

သူမဖြေဘူး ။ ပြုံးတယ် ။ သရော်ပြုံး ။ ကျွန်တော် ထပ်မပြောဘဲ စိုက်ကြည့်နေလိုက်တယ်။ ခေါင်းငုံ့သွားပြီးတော့

" ဘာလုပ်မလို့လဲ . . . " တဲ့

" သိဖို့လိုအပ်လို့ . . . . " လို့

" ရှိရင် . . . . . ? " တဲ့

" ရှိရင် သွားသတ်မလို့ " လို့

သူထပ်ပြီး ပြုံးပြန်တယ်။ ခေါင်းထပ်ငုံ့ပြန်တယ် ။ ပြီးတော့

" မရှိပါဘူး . . . . " တဲ့

" Thank You . . . . " လို့ ဘာမဆိုင် ညာမဆိုင် ပြောပြီးတော့ ထထွက်လာတယ်။ တံခါးဝရောက်တော့မှ ပြန်လှည့်ကြည့်တော့ ကျွန်တော့်ကိုလှမ်းကြည့်နေတုန်း။ လက်သန်းနဲ့ လက်မကို တယ်လီဖုန်းစကားပြောခွက်သဏ္ဍာန်လုပ်ပြီး နား နားကပ် ပြလိုက်တယ်။ သူ ရယ်ပြီးခေါင်းကိုခါတယ် ။ ကျွန်တော် ပြေးဆင်းလာခဲ့တယ်။

" အိခြွေ " . . .

" . . . . . . "

" အိခြွေ "

ဟိုက် ။ ကျွန်တော် ဒီပကို မေ့ထားရစ်တာကိုး ။ ကားပေါ်ကို ရောက်တော့ ကျွန်တော် အော်ရယ်ပစ်လိုက်တယ်။ ဒီပက " စကား စကားပြောကြည့်တော့ မဆိုးဘူးကွ " တဲ့ ။ (အံ့ရော )



www.burmeseclassic.com

www.burmeseclassic.com



# ၂

ကံတရားက တိတ်တိတ်လေး ဖုန်းဆက်တယ်
နံပါတ်ကြည့်လို့သာ ၊ သူမှန်းကိုယ်သိတာ
တစ်ခွန်းတစ်ပါဒမျှ ၊ သူမဖွင့်ဟ . .
ကံတရားပီသပါပေတယ်

* * *





" MIN MA MIN BAE'
MIN MA MIN BAE' " ( တယ်လီဖုန်း )

"ဒီပ ပြော ... "

" အိမ်ရွှေလား . . . . . . ငါ့VCD နောက်ကျောဖုံးကပုံလေ၊ အဲဒါငါဝတ်ထားတဲ့ T shirt က အဆင်မပြေလို့တဲ့ .. အဲဒါ . လဲပေးရမယ်တဲ့ .. တစ်ခြားဂျာကင်နဲ့ပုံတစ်ပုံပုံပဲ ထည့်လိုက်ပါကွာ .. ငါ မနက်ဖြန်လာယူမယ် "

" အေး .. လုပ်ထားလိုက်မယ်လေ .. တစ်ခြားဘာထူးသေးလဲ "

" ဘာထူးသေးလဲ ... ဆိုတော့ .. သြော် .. ငါ ဟိုဟာလေ စန္ဒာနဲ့ဖုန်းပြောရင်းနဲ့မင်းအတွက် DATA စုထားပေးသေးတယ် .. "

" အေး ... ပြော "

" YCC က ဆရာပေါက်စတစ်ယောက်နဲ့တဲ့ ... အိမ်မှာ ကျူရှင်ယူတယ်တဲ့ .. Guide သဘောမျိုးပေါ့ကွာ .. "

" ဟုတ်လား .. မင်းအချိန်ရော မေးထားလိုက်သေးလား "

" စနေ ၊ တနင်္ဂနွေ ညနေ(၄) နာရီတဲ့ "

" ပိုင်လှချည်လားကွာ .. ကျေးဇူးပဲသူငယ်ချင်း "

" ဒီပ ပါကွ .. ဟဲဟဲ .. ဒါဆို .. ဒါပဲဟေ့ကောင် "

" အေးအေး တာ့တာ . . . "

" အေး . . . မင်းပျော်ပြီးတော့ ငါ့ဒီဇိုင်းမေ့သွားဦးမယ်နော် .. ဒါပဲ ဒါပဲ "

ကျွန်တော် ဖုန်းကို အိပ်ရာပေါ် ပစ်တင်လိုက်ပြီးမှ ပြန်ကောက်ယူလိုက်တယ်။ ဇီဇဝါ့ကို အကျိုးအကြောင်းပြောပြီး တိုင်ပင်ရမယ်လေ ......။

* * *



www.burmeseclassic.com

www.burmeseclassic.com



" ဟဲလို .. ဇီဇဝါလား . . နင်ဘယ်မှာလဲ .. "

" ရုံးမှာ . . . "

ကျွန်တော် သူ့ကို အကြံအစည်တွေပြောလိုက်တယ် ။ ကူညီပါဦးလို့လဲပြောလိုက်တယ်။

" အမြွေ .. ငါ..သိပ်တော့ ဝင်မပါချင်ဘူးဟာ . .. "

" ဘာဖြစ်လို့လဲ . . . "

သူတော်တော်နဲ့ ပြန်မဖြေဘူး ။ အကြာကြီးပဲ ငြိမ်နေတယ်။ ကျွန်တော်ကပဲ ဆက်ပြီးတော့

" နင်ကလည်းဟာ .. နင်ငါ့ကိုအမြဲလုပ်ပေးနေကျပဲ .. လုပ်ပါဟာ .. ငါအခုနင့်ရုံးမှာ လာခေါ်လိုက်မယ်နော် ... နော် ... နော် လိမ္မာပါတယ်ဟာ .. နင်ပဲငါ့စိတ်ချမ်းသာရင်ပြီးရောဆို . . "

အဲဒီတော့မှ ... " ပြီးရော "တဲ့ .. ။ကျွန်တော်သိတာပေါ့ ။ ကျွန်တော့်သူငယ်ချင်းမလေးဟာ အဲလိုစကားလုံးမျိုး ကျွန်တော်သုံးလိုက်ရင် မကူညီဘဲမနေနိုင်ပါဘူးဆိုတာကို ... . ..

* * *

YCC ရဲ့ တစ်ဘက်လမ်း ပလက်ဖောင်းပေါ်မှာ ခုံပုပုလေးတွေခင်းထားတဲ့ လက်ဖက်ရည်ဆိုင်လေးရှိတယ်။ ဇီဇဝါရယ် ကျွန်တော်ရယ် အဲဒီမှာထိုင်ပြီး ဆရာ ကိုအောင်ဖြိုးဝင်းဆင်းလာမယ့် အချိန်ကို စောင့်နေပါတယ်။ ဆရာဆိုပေမယ့် အသက်ကြီးကြီး ဆရာကြီး မဟုတ်ပါဘူး ။ ကျွန်တော့်ထက်(၂)နှစ်လောက်စောပြီးဒီကျောင်းတက်ခဲ့တဲ့သူ။ နောက်ပြီးဒီမှာပဲဆရာပြန်လုပ်နေသူ။ ကျွန်တော်နဲ့တော်တော်ကြီးရင်းနှီးပါတယ်။

" ဟော . . . . ဟိုမှာ . . . . "







* * *



www.burmeseclassic.com

www.burmeseclassic.com





" အဖြစ်ကတော့ ကြူမွေးဝတ္ထုဆန်ဆန်ပဲ .. ကိုဖြိုးရ .. ဒီ .. ဖီဇဝါ့ အဖေက ဒီအရွယ်အထိရည်းစားမရှိဘူးဆိုရင် သူ့မိတ်ဆွေသားနဲ့ပေး စားမယ်ချည်းလုပ်နေတာ "

" ဟုတ်ပါတယ် .. ဖီဇဝါရဲ့ ယောက်ကျားလေးသူငယ်ချင်းတွေကို လည်း သူကသိတော့လိမ်လို့မရဘူးဖြစ်နေတာ.. အဲဒါဟိုတစ်နေ့ကတော့ ရည်းရွယ်ထား တဲ့သူရှိနေပါပြီလို့ပြောလိုက်တော့ ခေါ်လာခဲ့တဲ့ .. ဘာလုပ်ရမှန်း မသိဖြစ်နေတုန်း အိန္ဒြေနဲ့တွေ့တာပဲ .. အခုလေးတင်ပဲ အိန္ဒြေကိုရှင်းပြနေတာ ကိုအောင်ဖြိုးဝင်းရဲ့ .. "

" ဟုတ်တယ် ဟုတ်တယ် .. သူအခုပဲပြောနေတာ .. သူအဲဒီအ ကြောင်းပြောနေတုန်းကိုဖြိုး အပေါ်ထပ်ကဆင်းလာတာတွေ့လို့ ကျွန်တော်လှမ်း ခေါ်လိုက်တာ .. မတွေ့ရတာလည်းကြာလို့ .. "





" အင်း .. အဲဒါဒုက္ခပါပဲ ..ဟို ... ဝတ္ထုတွေထဲကလိုမျိုး ညှိပြီးဖီဇဝါ့ရည်းစားအယောင်ဆောင်ပေးတဲ့သူရှိရင် သိပ်ကောင်းမှာပဲနော် "

" ငါ .. လုပ်ပေးရမလား "

" နင်ရူးနေလား အိန္ဒြေ .. နင့်ကိုငါ့အဖေသိတယ်လေ "

" ဟုတ်သားပဲ .. ငါမေ့နေလို့ .. အဟီး "

" တော်ရုံတန်ရုံယောက်ကျားဆိုလည်း ငါ့အဖေကယုံမှာမဟုတ်ဘူးဟ သူ့သမီးအကြောင်း သူသိတယ်လေ .. ယောက်ကျားပီပီသသ ထောင် ထောင် မောင်းမောင်းခန့်ခန့်ညားညား .. ပညာတတ် .. လူရည်သန့်ရုပ်မျိုးမှ ငါ့အဖေကယုံမှာ ..အဲ..ဒီက ကိုအောင်ဖြိုးဝင်း ကူညီပေးရင်သိပ်ကောင်းမှာပဲ "

ဖီဇဝါက ပြောပြီး အားနာသလို အကြည့်လေးနဲ့ ကြည့်တယ်။ ပြီးမှ မျက်လွှာကိုအသာကလေးပြန်ချသွားတယ်။ လုံးဝအကယ်ဒမီရော့။ကိုအောင်ဖြိုး ဝင်းခမျာ သောက်လက်စ ချိုပေါ့ကျတွေ နင်သွားတယ် ။

" ဖရူး ... .... အဟွတ် .. အဟွတ် "

ကျွန်တော်လည်းအားကျမခံ ..

" ဟာ ... ဟုတ်တာပေါ့ ... ကိုဖြိုးကိုသာ နင်က ဒါကျွန်မ ချစ်သူပါဆိုပြီး ပြလိုက်ရင် နင့်အိုးတော်ကြီးက အိုး မိုင် ဂေါ့ဒ် တော်လိုက်တဲ့ ငါ့သမီးဆိုပြီး ပီတိတွေဖြာနေမှာပဲ .. ကိုဖြိုးကိုလည်း ကျက်သရေရှိလိုက်တဲ့ သားမက်ကလေးဆိုပြီး ဝမ်းကစ် (စ်) တူးကစ်(စ်) သရီးကစ်(စ်) . . . "

" ဖရူး .. . . အဟွတ် . . . . အဟွတ် ... "

ဖီဇဝါက တစ်ခါ

" ဟုတ်တယ် ဟုတ်တယ် .. အခုပဲ ဒက်ဒီကိုဖုန်းဆက်ပြီး

www.burmeseclassic.com



အခုပဲခေါ်လာမယ်လို့ ပြောလိုက်မယ် ဟုတ်တယ်နော် ကိုအောင်ဖြိုးဝင်း ဒီဇေါ် ဒီနေ့သိပ်ကံကောင်းတာပဲ .. ဒါဆို အိုင်ဒီယာမဂ္ဂဇင်း ထဲကဗေဒင်မှန်တာပေါ့ .. ဒီမနက်ပဲဖတ်ထားတာလေ ..သောကြာသမီးများ ယခုချက်ချင်း ကံကောင်းမည်ဆိုလား .. အဲဒါမှန်နေတာပေါ့ ..အံ့ရော .. အံ့ရော .. ချက်ချင်းကြီး ဒီဇေါ်ရဲ့ ဘဝကို ကယ်တင်မယ့် ကိုအောင်ဖြိုးဝင်းကိုတွေ့ရတယ် "

" ဖရှူး .... အပွတ် .... .. အဟတ် .. ကျွ . . . . ကျွ ..

ကျွ ... ကျွန်တော် "

" ကူညီပါနော် . . . အစ်ကိုကြီးနော် .. နော် .... နော် .. . Please

... "

" ဟာ ... ကူညီရမှာပေါ့ .... ကိုဖြိုးကသိပ်သဘောကောင်းတာ .. လူပျိုကြီးတွေ သဘောကောင်းပြီဆို ဘယ်သူမှလိုက်မမီဘူး . . ဟုတ်တယ်ဟုတ် အယ် ... ဟုတ်ပါတယ် .. ကိုဖြိုး ...လိုက်ကူညီပေးလိုက်ပါဗျာ .. ကိုဖြိုးအတန်း ကျွန်တော်ဝင်သင်ပေးလိုက်မယ် .... "

ကိုအောင်ဖြိုးဝင်းက သက်မကြီးကို ' ဟင်း ' ခနဲချပြီး . . .

" ဖြစ်ပါ့မလားအိန္ဒြေရာ .. ပြီးတော့ မအားဘူးကွ .. အတန်းလည်း မဟုတ်ဘူး ..

အိမ်မှာသွားသင်ပေးရမှာ ... (၉)မိုင်အထိ .. အဝေးကြီးပဲ .. အခုလစ်မှရမှာ "

" ဟာ .... ကိစ္စမရှိဘူးကိုဖြိုး .. ကောင်မလေး (ဟိုက်) ဟို . ကိုဖြိုးတပည့်က ဘာသင်တာလဲ .. ကျွန်တော်သင်ပေးလိုက်မယ်လေ .. "

" စာကတော့မင်းသွားသင်ပေးလို့ရပါတယ် .. ဒါပေမဲ့ ဒီကိစ္စကြီးကတော့ငါနဲ့ ... ဟာ . . . . မဖြစ်ပါဘူး "





" ဖြစ်ပါတယ် အစ်ကိုရယ် .. အစ်ကိုမကူညီရင် ဇီဇဝါဘဝတော့ (ဟင့်) ဇီဇဝါဘဝတော့ မချစ်မနှစ်သက်တဲ့ သူနဲ့ ပေါင်းသင်းရတဲ့ဒုက္ခ (အဟင့်) ဒုက္ခနဲ့တစ်သက် ... လုံး .... "

အောင်မလေး အသံတောင်တိမ်ဝင်သွားတယ် ။ ဘယ်ကတည်းက မင်းသမီးရှူး ရှူးနေခဲ့သလဲမသိပါဘူး ။

" လုပ်ပေးလိုက်ပါ ကိုဖြိုးရယ် .. ဒီနေ့တစ်ရက်တည်းပဲဥစ္စာ.. ကိုဖြိုးတပည့်ကိုလည်းကျွန်တော်တကယ် ကြိုးကြိုးစားစား အားတက်သရော အစွမ်းကုန်သင်ပေးလိုက်ပါ့မယ် ... နော် .. ပြီးတော့ ညကျရင် ကိုဖြိုးနဲ့ ကျွန်တော်နဲ့ 'ပါဝါလိုက်' မှာ "ဆိုပြီး လက်မထောင်ပြီး မော့တဲ့ပုံလုပ်ပြလိုက်တယ်။

ဒီတော့မှ ကိုအောင်ဖြိုးဝင်းက မငြင်းပါဘူးဆိုတဲ့အိုက်တင်နဲ့ ..

" အိုကေလေ . . . ကျွန်တော်ဘာ . . ဘယ်ပုံ နေရမယ် . . ပြောရမယ်ဆိုတာကိုညီမ ပြောပြပေါ့ "

" ဟုတ် .. ဒါဆို အခုပဲသွားမယ် ..လာ.. အိန္ဒြေ..ငါ နင့်ကားယူသွားပြီနော် .. "

" ဟို ... ကျွန်တော်တို့ သွားရမှာက .. . ဘယ်ကို "

" မော်ဘီကို ... "

" ဗျာ . . . "

" ဗျာမနေပါနဲ့ ကိုဖြိုးရယ် .. ကူညီမယ့်ကူညီ အဆုံးထိကူညီမှပေါ့ .. ကျွန်တော့်ကိုသွားရမယ့် လိပ်စာနဲ့ အချိန်ပြောခဲ့ဦး "

" သြော် .. ဟုတ်သားပဲ .. ကိုးမိုင် .. Oceans အပေါ်ထပ် အခန်း(C/317 )..လေးနာရီ .. သင်ရမယ့်သူက ဇွန်ဖြူပွင့်တဲ့ "



www.burmeseclassic.com

www.burmeseclassic.com



" အဲဒါဆို .... သွားကြရအောင်လေ . .. အိမ်မြွေ ညမှ ဖုန်းဆက် .. " ဆိုပြီး

ကျွန်တော့်ကားသော့ကောက်ယူပြီး ထွက်သွားတယ် .. ကိုအောင်မြို့ဝင်းလည်း နောက်ကနေအူကြောင်မူကြောင်နဲ့ ပါသွားလေရဲ့ .. ..

" ဟိုက် . . . ငါကဘာနဲ့သွားရမှာလဲ "

* * *





. K .

အချစ်ကို ရှူးတယ် ဆိုပါစို့

ရှူးတဲ့အတတ်ကို မသင်ကြားမိပါဘူး

ဝမ်းတွင်းရှူးပဲ ဖြစ်လိမ့်မယ် .

နင်ကျတော့ ပြုစားတတ်တယ်

စုန်းသင်တန်းရယ်လို့မကြားမိပါဘူး .

ဝမ်းတွင်းစုန်းပဲဖြစ်လိမ့်မယ် .

* * *



www.burmeseclassic.com

www.burmeseclassic.com



" အို .. တက်လိုက်တဲ့ သင်တန်း ... သွားလိုက်တဲ့ကျောင်း .. နားရတဲ့အချိန်ကို မရှိပါဘူး ဆရာရယ် . . . "

"ဆရာလို့မခေါ်ပါနဲ့ အန်တီ .. ကျွန်တော်က ဆရာအစစ်မဟုတ်ပါဘူး .. ဆရာ ဦးအောင်ဖြိုးဝင်း မအားလို့ ခဏအစားဝင်ပေးရမှာပါ ကျွန်တော်က သူ့တပည့်ပါ "

" ဩော် . . . ဘာပဲဖြစ်ဖြစ် .. စာသင်တာဆရာပဲပေါ့ .. ကော်ဖီသောက်ပါဦး ..ဒါနဲ့ ဆရာကိုဖြိုးက ဘာလို့မအားတာလဲ "

" ဟိုဥစ္စာ .. သူကလူပျိုကြီးလေ အန်တီရဲ့ ..သူ့ကိုအခုအိမ် ထောင်ချပေးဖို့တဲ့ .. အဲဒါ .. မော်ဘီမှာ မိန်းမသွားတောင်းရမယ်ဆိုပြီး သူ့မိဘတွေက ခေါ်လို့တဲ့ ..နောက်တစ်ပတ်တော့ သူလာပါလိမ့်မယ်ခင်ဗျာ "

" ဟာ . . ဒါဆိုကောင်းတာပေါ့ .. မင်္ဂလာသတင်းပဲ .. ဟော









www.burmeseclassic.com

www.burmeseclassic.com



. . . သမီးကြီးပြန်လာပြီ . . . "

ကျွန်တော့် ခန္ဓာကိုယ်မတ်ခနဲဖြစ်သွားတယ်။ ဖြူ ဘယ်လိုမှယုံမှာ မဟုတ်ဘူး ။ သူ့အမေရှေ့မှာအော်ထုတ်ရင်တော့ဒုက္ခပဲ။ ကြိတ်ပြီးတော့ ဘုရားကိုအာရုံပြုနေရတယ်။

" ဆရာရောက်ပြီလား .. မေမေ .. ဟင် . . ရှင် .. ရှင် ဘယ်လိုလုပ်ရောက် ..ဘာလာလုပ်တာလဲ "

" ဟဲ့ ..သမီး..ဒါက မောင်အိန္ဒြေတဲ့ .. ဆရာကိုဖြိုး မိန်းမ သွားတောင်းလို့ဒီနေ့အစားဝင်ပေးတာတဲ့ "

ဖြူ ဇဝေဇဝါဖြစ်သွားတယ် ။ အံ့လည်းအံ့သြနေတယ် ။ ကျွန်တော် တစ်ခုပြောပြမယ်။ တစ်ချို့မိန်းကလေးတွေဟာ အံ့သြရင်လည်း ချစ်ဖို့ကောင်း ပြန်တယ်။

ဖြူ့ မေမေက -

" သမီး .. စာသင်ခန်းထဲခေါ်သွားလေ " လို့ပြောတယ်။

ဖြူ ဘာပြန်ပြောမလဲလို့ ရင်ထိတ်နေဆဲပေမယ့် -

" ဟုတ် . . ." တဲ့

* * *

" ကဲပြော ... ရှင် .. ဘာအချိုးချိုးလာတာလဲ .. ဆရာဖြိုးက ဘယ်မှာလဲ "

" ကိုဖြိုး ကာကယ်မအားတာပါဖြူ . . ကိုယ် ဖြူ့ကိုဘာမှ အနှောက် အယှက်ပေးဖို့လာတာ မဟုတ်ပါဘူး .. တွေ့ပြီးစကားပြောချင်ရုံ လေးသက် သက်ပါ "





" ရှင်က ဆရာနဲ့ ဘယ်လိုလုပ်သိတာလဲ .. "

" ကိုယ် YCC မှာ အကြာကြီးတက်ဖူးတယ် .. နောက်တော့မှ Forever မှာ ပြောင်းတက်ပြီး Designer ဖြစ်လာတာ .. ကိုယ်က Graphic Design တွေလုပ်တယ် .. အခုကိုဖြိုးက ကာကယ် စာသင်ပေးဖို့ လွှတ်လိုက် တာပါ "

" ... ... ... ... "

" ဘယ်လိုလဲ .. ကိုယ့်ကိုမောင်းထုတ်မှာလား "

" မမောင်းထုတ်ပါဘူး .. အခုမှတော့ ဘယ်လိုလုပ်ပြန်နိုင်းလို့ရမှာလဲ .. သူများမရှိတုန်း မေမေ့ကို အတင်းဝင်ရောထားပြီးတော့ . . .. . "

" မရောပါဘူး .. စကားကောင်းကောင်းမွန်မွန်ပြောနေတာပါ .. အင်းလေ ...အန်တီကလည်း လူကောင်းလေးဆိုတာ ယုံကြည်လို့ စကားလက်ခံ ပြောတာဖြစ်မှာပေါ့ "

" ဟုတ်ပါလိမ့်မယ် .. ဆရာဖြိုးလွှတ်လိုက်တာဆိုတော့ ယုံတာပေါ့ .. ဒီအတိုင်းလာလို့တော့ မေမေ့ပါးစပ်နဲ့တွေ့သွားမယ် .. ဟင်း . . "

" အင်းပါ .. ဒါပေမဲ့အခုတော့မေမေဆိုတဲ့တံတိုင်းကြီးကိုကျော်ခဲ့ပြီ "

" အောင်မာ .. ရတ်ရတ်လုပ်မယ်တော့မကြံနဲ့နော် .. ဂုတ်ဂုတ်ဖြစ် သွားမယ်ဘာမှတ်နေလဲ .. "

" ဟာ .. မလုပ်ပါနဲ့ ဖြူ့မှာ သိုင်းကျမ်းကြီးရှိမှန်းသိပါတယ် .. ကျွတ် ... သေနတ်ကလည်းမပါလာဘူး ... "

" ကဲ .. ဆရာသမား . . . စာသင်မှာလား . . . "

" စာသင်ချင်ယောင်ဆောင်ပြီး စကားပြောမှာ ... "

" တော်ပြီ .. စာမသင်ရင်တော့ ပြန်တော့ .. အချိန်အလကားမရှုဘူး



www.burmeseclassic.com

www.burmeseclassic.com



… ”

“ သိပါတယ် . . . ပိုက်ဆံနဲ့ပေးဝယ်ကြတာပေါ့ … ”

ကျွန်တော်အရမ်းပျော်ပါတယ်။ ကိုယ့်ကိုကိုယ်လည်းဟုတ်လှချည်လား လို့ထင်နေတယ်။ စကားပြောရတာလည်း အပေါက်အလမ်းကတည့်နေတာကို ..။ သူမကလည်း ရွှန်းရွှန်းဝေအောင်ပြန်ပြောပါတယ်။ ရုပ်ရှင်ကားသစ်တွေ အကြောင်း ပြောကြတယ်။ သီချင်းအသစ်တွေအကြောင်းပြောကြတယ်။ သူသိပ်ကြိုက်တဲ့ ROCK ဂီတအကြောင်းပြောကြတယ်။ သူတတ်သလောက် ရှင်းပြတယ် ။ ကျွန်တော်လည်း ပရက်စလေ ( Presley ) နဲ့ ဆက်(စ်)ပစ္စတို(လ်) ( Sex Pistol )ခေတ်ကနေ နီဗွန္န (Nirverna)ကိုဖြတ်ပြီး ( My Chemical Romance )အထိလျှောက်အာပစ်လိုက်တယ်။ Aerosmith နဲ့ Fall out Boy ကို နှိုင်းယှဉ်တယ်။ Jet နဲ့ Maroon 5 ရဲ့လမ်းကြောင်းတွေကို ဆွေးနွေး တယ်။

သူမက Emotional Hardcore မှ ကြိုက်ပါသတဲ့ ။ ကျွန်တော့်အကြိုက် ဆုံးက Rob Thomas နဲ့ Robbie William ဖြစ်နေတယ်။ ဒါကို သူမက “ ပျော့လိုက်တာ ” လို့ပြောတယ်။

အာပဲပြောပြော ဒီနေ့မှာတော့ သူမနဲ့ ရင်းနှီးမှု(အထူး) ရလိုက်တယ်။ အမှန်က ကျွန်တော်သိတာက ပိစိလောက်လေးရယ်။ ဂီတသမားမှမဟုတ်တာ။ ဒီလောက်သိတာတောင် ကျွန်တော့်လမ်းထိပ်က ရွှေတောင်ပို့ဆိုတဲ့ လက်ဖက်ရည် ဆိုင်မှာသွားထိုင်လို့ ။ အဲဒီဆိုင်မှာ Rock ဂီတကို သက်ဝင်ယုံကြည် ကိုးကွယ်တဲ့ ချာတိတ်တွေ လာထိုင်လေ့ရှိတယ်။ Rock အကြောင်းကို သူတို့ဆီကသိတာ ပေါ့။ ဘယ်ရမလဲ။ အဲဒီနေ့ပဲဥစ္စာ နည်းနည်းသိတာ များများရှိုးပစ်တာပေါ့ ။ စိတ်ထဲမှာတော့ ဒီကောင်တွေကို ဒီနေ့ည တိုက်ရမယ် … လို့ ..အဟီး ။





ဘာလိုလိုနဲ့ (၆)နာရီထိုးသွားတယ် ။ စာအုပ်လည်း မဖွင့်လိုက်ရဘူး။ Computer လည်း မဖွင့်လိုက်ရဘူး ။ ကိစ္စမရှိဘူးလေ ။ ဒီလောက်ဆို … Ok ပါတယ်။

ပြန်ခါနီးတော့ တစ်ခုမေးဖြစ်တယ်။

“ online တက်တယ်ဟုတ် … ”

“ ဟုတ် … ”

“ Gtalk သုံးလား .. ”

“ ဟုတ် . . . ”

“ ID ဘာလဲ … ”

“ ပြောမပြဘူး . . . ”

“ Gmail ရော . . . ”

“ မပေးဘူး . . . ”

“ ရော် . . . ဘာဖြစ်လို့ . . .. ”

“ မပေးချင်လို့ ” တဲ့ . . .

ယတိပြတ်ပဲနော်။ တစ်ခုတော့သိခဲ့ရပါတယ်။

သူမရဲ့ မွေးနေ့လေ ။ အောက်တိုဘာ (၁၀)ရက်နေ့ဟာ တူရာသီ (LIBRA) ဖြစ်ပါတယ်။

* * *

www.burmeseclassic.com



.၂.

ပူမှန်းမသိခင်အထိတော့

ကိုင်ကြည့်ချင်ကြတာပါပဲ

သူကလင်းတာကိုး . .

အဆံပြာ အဝါကွပ်နဲ့ ။

* * *



BURMESE CLASSIC .com



အင်းလျားလမ်းမှာ St. Augustine ဘုရားရှိခိုးကျောင်းရှိတယ်။ ဘုရားကျောင်းကနေ လမ်းနည်းနည်းထပ်လျှောက်လိုက်ရင် HAPPY လို့ခေါ်တဲ့ ရှမ်းခေါက်ဆွဲဆိုင်ကိုတွေ့ပါလိမ့်မယ်။ အဲဒီ HAPPY ဆိုင်ထဲကို ဝင်ကြည့်လိုက်ရင် အိမ်ခြွန့်အပေါင်းအပါများကို တွေ့လိမ့်ဦးမယ်။ စက်နာရီအားဖြင့်တော့ ည ၇ နာရီ ၃၀ မိနစ်ခန့်ပေါ့လေ။

" ဒီပ .... နင့်အခွေက ဘယ်တော့ထွက်မှာလဲ . . . "

" အမှန်က အားလုံးပြီးနေပြီ.. ဒါပေမဲ့ အခု အသစ်တစ်ပုဒ်ထပ်ရိုက်မလို့ "

" အသစ် ?? "

" ဟုတ်တယ် .. ငါ အချစ်သီချင်း အသစ်တစ်ပုဒ်ရေးပြီးသွားတယ်.. အဲဒီသီချင်းကို ငါ feel အရမ်းလာနေတယ်.. မနက်ဖြန် Studio မှာ…



www.burmeseclassic.com

www.burmeseclassic.com



တာဆိုပြီး ဒီရက်အတွင်းမှာပဲ ရိုက်လိုက်မလို့ ''

'' ဟာ . . . အဲဒီဆိုကောင်းတယ် . . ငါတို့ VCD ရိုက်တာ

တစ်ခါမှမကြည့်ဖူးဘူး . .

အဲဒီနေ့ကျရင် ငါတို့လိုက်ကြည့်ကြမယ် . . မကောင်းဘူးလား အိန္ဒြေ

. . ''

'' အိန္ဒြေ .... ''

'' အိန္ဒြေ ... ဟေ့ကောင် ... ဘာငိုင်နေတာလဲ ... ''

'' ဟင် .... ဘာမှမငိုင်ပါဘူး ... ဘာဖြစ်လို့လဲ ... ''

'' ဘာဖြစ်ရမလဲ . . မင်းပုံစံက ငွေတကြီး လည်ပင်းလိမ်နေသလို

ဘာတွေ တွေးဆွေးငေးနေတာလဲ ''

'' ငါခေါင်းတွေမူးနေလို့ကွ ... မနေ့ညက တစ်ညလုံး အလုပ်တိုင်

လုပ်နေလို့လားမသိဘူး . . . . ''

ပြောနေရင်းနဲ့ မိုက်ကနဲဖြစ်လာလို့ စားပွဲစွန်းကိုလှမ်းကိုင်ပြီးထိန်း

လိုက်ရတယ်။ ကျော်ကြီးက

'' ဟေ့ကောင် . . . မင်းအန်တီကို ဖုန်းဆက်လိုက်ရမလား . . . ''

'' ရတယ် . . . ရတယ် မဆက်နဲ့ . . . ''

အိအိတွန်းက -

'' ဖြစ်ရဲ့လား ... '' တဲ့

စီဇေါက ရေနွေးတစ်ခွက်တောင်းပြီး စားပွဲပေါ်က သကြားခွက်ထဲက

သကြားတွေဖျော်ထည့်လိုက်တယ် ကျွန်တော် သကြားရည်တော်တော်များများကို

တကျိုက်တည်း မော့ချလိုက်ပါတယ်။

'' မျက်လုံး ခဏမှိတ်ပြီး မှီထားလိုက် ''







www.burmeseclassic.com



မှုးရိပ်ရိပ်ဖြစ်နေပေမဲ့ နည်းနည်းတော့သက်သာလာပါတယ်။ သူငယ်ချင်းတွေရဲ့ ဂရုစိုက်မှုကိုခံရတာ ကျွန်တော်ကြည်နူးတယ်။ကျွန်တော်ကချစ်လို့ သူတို့ချစ်တာလား။ သူတို့ကချစ်လို့ ကျွန်တော်ကချစ်တာလား ။ ကျွန်တော်မသိပါ။ မေတ္တာဆိုတာ အသွားအပြန် သဘောဆောင်တယ်လို့တော့ လူကြီးတွေပြောကြတယ်။ ဒါဆို ကျွန်တော်လိုက်နေတဲ့ ကောင်မလေးကရော ၊ကျွန်တော်ထားတဲ့ မေတ္တာ အတိုင်းအဆလောက် သူ့ဘက်ကပြန်ပေးနိုင်မှာလား ၊ ကျွန်တော် မသိပါ။ ကျွန်တော်မျက်လုံးတွေပြန်ဖွင့်လိုက်တယ်။

ကျွန်တော်နဲ့ တစ်ဘက်ဝိုင်းက အမျိုးသမီးလေးတစ်ယောက် မျက်လုံးချင်းဆုံနေလေရဲ့။ သူပြုံးတယ် ။ ပြုံးပြတာလား ။ သူ့ဟာသူပဲပြုံးတာလား ။ ကျွန်တော်မသိပါ။ ကျွန်တော်ခပ်တည်တည်ပဲ ဆက်ကြည့်နေလိုက်တော့မှ မျက်လွှာကိုချသွားတယ် ။ သူမရဲ့ တီရှပ်က ရင်ဘတ်မှာ
Superman တံဆိပ်နဲ့ ။

"သက်သာလား အိမ်ဖြူ . . ." လို့ ဖိုဇဝါက စိုးရိမ်မှုတွေနဲ့မေးတယ်။ ရယ်မောစရာဟာသပုံပြင်တွေ လျှောက်ပြောနေကြလေတယ် ။ ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက် ပြုံးမိပါတယ်။

"ဟော့ကောင် .. Super Man နဲ့ ရှီးရှီးလူနဲ့ ဘာကွာလဲသိလား "

" Super Man က ပျံတယ်လေ . . ရှီးရှီးလူကလမ်းပဲလျှောက်တာ "

" ဟားဟား ... မှားတယ် ..မှားတယ် "

" ဒါဆိုဘာလဲ "

" ရှီးရှီးလူဟာ အတွင်းခံဘောင်းဘီကို အထဲမှာပဲဝတ်တာ .. Super Man က အပြင်မှာထုတ်ဝတ်တယ် "

" ဟား ... ဟား .... ဟား ...ဟား . . . "





**. M .**

ဘာမှ ပြောစရာမရှိပါဘူး

သူမဟာ ကော်ဖီတစ်ခွက်လိုပါပဲ . . .

* * *



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ရေကူးကန်ကို ရောက်တော့ ဇီဇဝါက ရေထဲရောက်နေပြီ။

" ဟေး " လို့လှမ်းအော်လိုက်တယ်။

" အိမ်ဖြူ နေကောင်းသေးရဲ့လား " တဲ့ ။

ကျွန်တော် နေကောင်းပါတယ်။ ကန်ဘောင်ပေါ်မှာထိုင်ချလိုက်တယ်။

" ရေမကူးဘူးလား ... "

" မကူးချင်သေးဘူး .. နင်ကတစ်ယောက်တည်း အစောကြီး ရောက်နေတာလား .. "

" အင်း ...ငါတစ်နေကုန် အလုပ်လုပ်နေတာ..ညောင်းလို့ .. "

ပြီးတော့ နိုင်ငံတကာက ကျော်ကြားသူတို့ရဲ့ အတင်းစုံကို ဘရွက်ဘရွတ်နဲ့ ဆက်ပြောနေတယ်။ ကျွန်တော်လည်း စိတ်မဝင်စားဘဲ နားထောင်နေရတယ်။ ခဏကြာတော့ ကျွန်တော်လည်း ရေထဲရောက်သွားပါတယ်။







သူကတော့ စုံတကာစီနေအောင်ဆက်ပြောနေဆဲ ။ ဒီလောက်သူများကိစ္စတွေကို ဘယ်က ဘယ်လို သိနေလဲမသိပါဘူး ။ အံ့ရောပဲ ။ ပြီးတော့ ရုတ်တရက်ကြီး

"ဖုန်းပြောဖြစ်သေးလား " လို့မေးပြန်တယ်။ သူဘာကို ဆိုလို

www.burmeseclassic.com



တယ်ဆိုတာ ချက်ချင်းသိပါတယ်။ ခေါင်းညိတ်ပြလိုက်တယ်။

" OK တယ်ဗို့လား "

" အင်း . . အခြေအနေကမဆိုးပါဘူး . . "

" ဖွင့်ပြောလိုက်ပြီလား . . "

" မပြောရသေးဘူး . . "

" နင်ပျော်တယ်မလား . . . "

" အင်း . . .ပျော်တယ် . . စိတ်လှုပ်ရှားတယ် . . ရင်လည်းခုန်တယ် . .
"

သူက -

" နင်စိတ်ချမ်းသာရင် ပြီးတာပါပဲဟာ . . . " တဲ့ ။

ချစ်စရာလေး ။ သူဟာ ကျွန်တော့်ကို တစ်သက်လုံးအလိုလိုက်တယ်။ ဘုရားက ကျွန်တော့်ကိုပြီးပြည့်စုံတဲ့ မိသားစုတစ်ခုကို မပေးထားမိလို့ပြီးပြည့်စုံတဲ့ သူငယ်ချင်းတစ်ယောက်ကို အလျော်ပေးထားတာနဲ့ တူတယ်။

ကျွန်တော် သူ့ကို -

" ငါတို့နှစ်ယောက် မောင်နှမအရင်းတွေဖြစ်ရင် သိပ်ကောင်းမှာပဲ . . " လို့ပြောလိုက်တယ်။

" အိုး . . . အခုလည်း ဖြစ်လို့ရတာပဲ " တဲ့။

ရင်ထဲမှာအေးတယ်။

* * *





. N .

အချို့က ထိုအနမ်းကို နှုတ်ခမ်းဖြင့်ဖွဲ့၏

အချို့ကအဲဒီအနမ်းကို အနမ်းဖြင့်သာဖွဲ့ဆိုသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com


## . N (က) .

မင်္ဂလာပွဲတစ်ခု။ သတို့သားနဲ့အရံတွေက တန်းစီရပ်နေတယ်။ သတို့သမီးကို သူ့ရဲ့ဖခင်က ခေါ်ဆောင်လာတယ်။ ကြည်နူးစရာမြင်ကွင်းတစ်ခု ။

ထူးခြားတာက Church Organ နဲ့ Wedding March ကိုမတီးဘူး .. ရိုးမြဲတဲ့ ဂစ်တာသံနဲ့ Rock ဆန်တဲ့ အချစ်သီချင်းတစ်ပုဒ်ဖြစ်နေတယ်။

ဒါဟာ ဒီပရဲ့ VCD ရိုက်ကွင်းပါပဲ ။ ကင်မရာရဲ့ ရိုက်ကူးမှုကို တိုက်ရိုက်ပြန်မြင်နေရတဲ့ မော်နီတာ တီဗွီထဲမှာ သတို့သမီးဟာ ချစ်စဖွယ် ဆွဲဆောင်မှုနဲ့ ။

လှပါတယ်။

ရင်းနှီးသလိုလို ရှိနေတဲ့ သူမမျက်နှာကို တစိမ့်စိမ့်ကြည့်ရင်းက သူမရဲ့ လည်တိုင်ကို တွဲလဲခိုနေတဲ့ Super Man ပုံ လော့ကတ်သီးလေးကို တွေ့တော့မှ





မှတ်မိသွားတယ်။

" ဒါ ဟိုနေ့ကတွေ့တဲ့ကောင်မလေးပဲ ... "

ဒီကရှင်းပြတယ်။

" သူက မော်ဒယ်(လ်)မဟုတ်ဘူးအစ်ကြီး၊ ဒါရိုက်တာနဲ့ရင်းနှီးတဲ့ အပြင်ကကောင်မလေး။ ဓာတ်ပုံပြတော့ သဘောကျတာနဲ့ရွေးလိုက်တာ .... "

" မိုက်တယ် .. " လို့ မှတ်ချက်ချမိတယ်။

" ကဒ် . . . " လို့ ဒါရိုက်တာက အော်တယ်။

ဒီပက

" လာ ... မိတ်ဆက်ပေးမယ် ... " တဲ့။

ဒါပေမဲ့

" တစ်ခေါက်ပြန်ရိုက်မယ် " လို့ ဒါရိုက်တာကအော်ပြန်တယ်။

ကောင်မလေးက ဒီဘက်လှည့်အကြည့် ကျွန်တော့်ကိုတွေ့တော့ ပြုံးပြတယ်။

" မင်းနဲ့သိပြီးသားလား " လို့ဒီပ မေးတော့ -

" ဟင့်အင်း " လို့ပဲ ခေါင်းကိုခါပြပြီး တုံ့ပြန်လိုက်တယ်။

ဒီအချိန်မှာ တယ်လီဖုန်းလာတယ်။

ဖြူ (သို့) Rocker မလေးဆက်နေတာ . . . . . . .

နေဦး ။ ကြားဖြတ်ပြောရဦးမယ် ။ ကျန်ခဲ့သောတစ်ပတ်အတွင်းမှာ ကျွန်တော်တို့နှစ်ယောက်ဖုန်းပြောဖြစ်ကြတယ်။ ဖြူ ကျူရှင်ပြီးတဲ့အခုလိုအချိန် ည ၇ နာရီခွဲ ဧနာရီလောက်မှာပေါ့။ တစ်ညလုံးမဟုတ်ပေမဲ့ တော်တော် တော့ကြာတယ် ။ (တနည်း) တော်တော့်ကိုကြာတယ် ။ ဆိုလိုတာက ကျွန်တော် တို့နှစ်ယောက် ဖုန်းထဲမှာတော့ တော်တော်လေးခရီးရောက်နေကြပြီ ။ ပြည်းစား


www.burmeseclassic.com

www.burmeseclassic.com



စကားမပြောရသေးပေမဲ့ ကျွန်တော် ရင်ခုန်သံကို သူကြားခဲ့ပြီ။ ကျွန်တော်ပြောတဲ့ အိပ်ရာဝင် ပုံပြင်တွေနဲ့

သူအိပ်မောကျတတ်ခဲ့ပြီ။

ကဲ . . . ဇာတ်လမ်းကိုဆက်ကြစို့ရဲ့။

" MIN MA MIN BAE'

MIN MA MIN BAE' "







ကျွန်တော် Hello လို့လှမ်းလိုက်တော့ -

"ဟိတ် "

"ဖြူ "

"ဟိတ် .. ဘာလို့ ဖုန်းမဆက်တာလဲ ... "

"ဟုတ်ဖူး ဖြူရဲ့ . ဒီမှာ ဂျပ်ဆင် Church မှာ ဒီပရဲ့ VCD ရိုက်ကွင်းရောက်နေလို့ ..

သူ့ကိုလာစောင့်ပေးနေတာ ... "

" ဟုတ်တယ် ၊ မင်းသမီးက ဘယ်သူလဲ "

" မသိဘူးကွ .. အသစ်ပဲ .. မိုက်တော့မိုက်တယ် "

" ငမ်းနေတာပေါ့လေ . . . ဟုတ်လား . . . "

" မငမ်းပါဘူးကွာ .. ဒီလိုပဲ .. ကြည့်တော့ကြည့်တာပေါ့ .. ပါပေမဲ့ မိန်းမချောလေးတစ်ယောက်ပါလား ဆိုတာထက် ဘာမှမပိုဘူး .. ကြည့်တာနဲ့ ကြိုက်တာနဲ့မတူဘူးလေ.. ကြည့်တိုင်း ကြိုက်တာလို့ သတ်မှတ်ရင် အကုန်လုံးရှုပ်ကုန်မှာပေါ့ "

" ကဲပါ .. ဟုတ်ပါပြီ ကိုစကားတတ်ကြီးရယ် .. "

" စကားတတ်တာမဟုတ်ပါဘူး..မှန်တဲ့အတိုင်းပြောတာ ....ဒီမှာ .. . တခြားမိန်းမတွေ ဘယ်သူ ဘယ်လောက်ပဲလှလှ .. စိတ်မဝင်စားဘူး .. ဖြူ တစ်ယောက်ပဲ . . . "

" ဖြူ တစ်ယောက်ပဲ ဘာဖြစ်လဲ ... "

" ဖြူ တစ်ယောက်ပဲ ... ခင်ချင်တာ ...လို့ ... "

" ဟွန်း ... ကြာရင်တော့ ဖြူတော့ သစ်ရွက်လေးလို ဖြစ်တော့မယ် ... ကြွေကြွေပြီး ကျမှာလားမသိဘူး . . . . "



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်ထဲ အေးသွားလေရဲ့။

" ဖြူ အခုဘယ်မှာလဲ … ဒီကို လာလည်ပါလား .. VCD ရိုက်တာလာကြည့်လေ .. "

"VCD ရိုက်တာမကြည့်ချင်ပါဘူး .. ဟွန်း .. တွေ့ချင်ရင်တွေ့ချင်တယ် မပြောဘူး ..လူလည်ကြီး . . "

" ဟုတ်ပါတယ်ဗျာ .. ကျွန်တော်မျိုးကြီး ဖူးမျှော်ချင်လို့ပါ .. လာခဲ့ပါကွာ .. "

" ပြီးရော … အခု သထုံလမ်းပေါ်မှာ နောက် ငါးမိနစ်ဆိုရင် အဲဒီကိုရောက်မယ် .. "

" ရေး… " လို့အကျယ်ကြီး ရင်ထဲမှာ အော်ပစ်တယ်။ ပြီးတော့ Church အပြင်ဘက်ကို ပြေးထွက်လာခဲ့တယ်။ ဒီနေ့ည လကသာတယ်။ သိပ်သာယာတာပဲ။ တိမ်ညိုတွေက ဖုံးအုပ်မနေဘူး။ တိမ်ဖြူတွေသာ ပြေးလွှားကစားနေတယ်။ လေတွေ ငြိမ်နေတာကြောင့်မို့။

ကျောင်းဝင်းထဲက လမ်းပေါ်မှာ ကုက္ကိုရွက်ညှိုတွေ ပြန့်ကြဲနေတယ်။ မြက်ခင်းပေါ်မှာကျတော့ရိုးတံရှည်ရှည်နဲ့ ခရမ်းရောင်ပန်းဖူးတွေ။ ဘာပန်းလဲလို့ ကျွန်တော်မခေါ်တတ်ပါဘူး။ သစ်ရွက်ခြောက်တွေပေါ်ကို ရွှေအိုရောင်ကားတစ်စီးနှင်းဖြတ်လာလေတယ်။

ကျွန်တော်က ကားကိုတားလိုက်တယ် ။ ဖြူက ကားကိုရပ်တယ် ။ ကျွန်တော် ကားရဲ့ဘေးမှာရပ်တော့ သူက ကားမှန်ကိုချပြီး –

" ဘာလဲ .. " လို့မေးတယ်။

သူမှုန့်ကခင်းဖူးတဲ့အကြောင်းကျွန်တော်တင်ပြခဲ့ပြီးပါပြီ ။ ထပ်ပြီးပြောပြ လိုတာက မျက်ဝန်းတွေအကြောင်းပါ။ ကားထဲက မော့ကြည့်နေတဲ့ သူမရဲ့









www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးဝိုင်းဝိုင်းကြီးတွေဟာ လရောင်အောက်မှာ ကြည်လို့ တောက်လို့။ ရွှန်းလို့ လဲ့လို့ ။

ကျွန်တော် ပြန်မဖြေနိုင်ဘူး ။ အညို့ခံရတယ်ဆိုတာကို အညို့ခံဖူးသူမှ သိပါလိမ့်မယ်။ သူ့မျက်နှာကိုသာ စိုက်ကြည့်နေမိပါတယ်။ သူ့ရဲ့နှုတ်ခမ်းလေး ဆက်ကနဲ တုန်သွားတဲ့အခါကျွန်တော့်နှလုံးသားဟာ ဆတ်ကနဲ ခုန်တယ်။

ကျွန်တော်နမ်းမိပါတယ် ... ... .... ...

တစ်စက္ကန့် ၊ နှစ်စက္ကန့် ၊ စက္ကန့် (၂၀)၊ (၃၀) ၊ တစ်မိနစ် ၊ နှစ်မိနစ်။ အချိန်နဲ့တကွ အားလုံးသောအရာတွေကို ကျွန်တော်မေ့တယ်။

.... .... .... ....

.... .... .... ....

.... .... .... ....

.... .... .... ....

.... .... .... ....

.... .... .... ....

.... .... .... ....

.... .... .... ....

.... .... .... ....

ဒီလပ်းလေးပေါ်မှာ ကျွန်တော်တစ်ယောက် ထီးထီးကြီးကျန်ရစ်တယ်။ လွန်ခဲ့တဲ့ ဘာမိနစ်လောက်ကသာဆို ဂျပ်ဆင်ကျောင်းရဲ့ ဂိတ်တံခါးကနေ ရွှေအိုရောင် ကားတစ်စီး " ဝူး " ဆို မောင်းထွက်သွားတာကို တွေ့ကြရပါလိမ့်မယ်။

* * *





.N(ခ).

"ဘာလို့နမ်းတာလဲဟင် ..."

"ချစ်လို့ ....."

* * *



www.burmeseclassic.com

www.burmeseclassic.com



**.N(ဂ).**

အဲဒီနှုတ်ခမ်းရဲ့ နောက်ကွယ်ကို

ကြိုမြင်ခဲ့ဖို့ . . . ကောင်းပါတယ် . . .

* * *





**.O.**

"အို . . . "

* * *



www.burmeseclassic.com

www.burmeseclassic.com



ZORA INTERNET CAFÉ'

Pearl Center

ကျွန်တော် ဒီဆိုင်မှာ စီဇဝါနဲ့ချိန်းထားတယ်။ ကျွန်တော်သိသလောက်တော့ သူနောက်ကျလေ့မရှိဘူး။ ပျင်းပျင်းနဲ့ Gtalk မှာ စကားစမြည်ဂင်ပြောနေလိုက်တယ်။

ခဏနေတော့မော်နီတာ မျက်နှာပြင်မှာ SnowWhite ဆိုတဲ့လေးထောင့်ကွက်လေးပေါ်လာတယ်။

Snow White : ဟိတ် . . . မတွေ့တာကြာပြီ
နေကောင်းရဲ့လား

Andrew : ကောင်းပ .. နင်ရော၊ နေကောင်းမှာပါ ..





Snow White : ကောင်းတာပေါ့ .. ဘယ်လိုလဲ အခြေအနေ ..
ရှင့်ကောင်မလေးနဲ့

Andrew : ငါတို့ ချစ်သူတွေဖြစ်သွားကြပြီ ..

Snow White : ဒါဆို ရှင့်နောက်ကျောမှာ .. နောက်ထပ် tattoo
တစ်ခု တိုးလာပြီပေါ့ ....

Andrew : ဟင့်အင်း . . . မထိုးရသေးဘူး ..ငါထိုးတဲ့
tattoo ဆရာကမန္တလေးပြန်သွားတယ်တဲ့ . . .
သူပြန်လာမှ ထိုးရမှာ . . ..

Snow White : ဘာပုံထိုးမှာလဲ

Andrew : LIBRA တံဆိပ် ၊ ချိန်ခွင်ပုံ ..

Snow White : ဩော် . . . ရှင့်ကောင်မလေးက . . .

LIBRA လား ...ဒါဆို တို့နဲ့အတူတူပဲ ...

Andrew : ဒီမှာ ဇလပ်ဖြူ ..နင့်ကိုငါမြင်ဖူးထားရင် ကောင်း
မယ်.. ငါ့စိတ်ထဲမှာ သံသယလေးဖြစ်နေလို့ ..
နင်ဟာ ဘယ်သူလဲ .. ပြောပါ

Snow White : အောင်မာ ..ရာရာစစ ... ခစ်ခစ် ...
ဇလပ်ဖြူဟာ ဇလပ်ဖြူပေါ့ရှင် . . ဘယ်သူရှိရဦး
မှာလဲ ..တကတည်းမှပဲ...လူကိုမယုံသင်္ကာနဲ့..

Andrew : ဒါဆို နင့်ဓာတ်ပုံပို့လိုက် . .... .

Snow White : မပေးပါဘူးနော် . . . .
ဟဲဟဲ . . .
မုန့်ကျွေးရင်ကိုယ်ထင်ပြမယ်



www.burmeseclassic.com

www.burmeseclassic.com









Andrew : ဟင် ? . . .

ဘယ်လိုပြမှာလဲ ၊ ..

Snow White : ကျွန်မရှင့်ကိုမြင်နေရတယ် ရှင့် ..

Andrew : ဟင် .. ဘယ်မှာလဲ ...

ကျွန်တော် တစ်ဆိုင်လုံးကို မျက်လုံးကစားကြည့်လိုက်တယ် ။ ဆိုင်ထဲမှာလည်း မိန်းကလေးတွေဆယ်ယောက်ထက်မနည်း . . .

Snow White : ရှင်က ... မျက်မှန်အမည်းနဲ့ .. ရှပ်အင်္ကျီအညိုကွက်နဲ့ . . .

Andrew : နင် .... ဘယ်မှာလဲ . . . .

ဘယ်တစ်ယောက်လဲ ၊

မေးပြီးချက်ချင်း မိန်းကလေးအကုန်လုံးကို လှမ်းချက်ခ်ရတယ် ။ ဘယ်သူများ အိမ်နှေးပျက်သလဲလို့ ( အဲဒီစကားလုံးကြီးသုံးရတာ မမိုက်ပါဘူး ။ အိမ်နှေးပျက်တယ်ဆိုတော့ ကျွန်တော်ကပဲ ပျက်နေသလိုလို ) ဒါပေမဲ့ ဘယ်သူမှ ပြုံးခြင်း ၊ မဲ့ခြင်း ၊ အလျဉ်းမရှိ ။ ရုပ်တည်ကြီးတွေနဲ့ ။

သို့သော်လည်းပေါ့ · · ကျွန်တော့် ညာဖက်အစွန်ဆုံးမှာရှိတဲ့ တစ်စုံတစ်ယောက်ဆီက တစ်စုံတစ်ခုကို ကျွန်တော်မှတ်မိသွားတယ် ။ ဘာလဲသိလား ။ ဟုတ်ကဲ့ · · Super Man တံဆိပ်ဆွဲသီးလေးပဲဖြစ်ပါတယ်။

သေတော့မသေချာဘူး ။ ရမ်းတုတ်ရမှာပဲ ။

Andrew : ဟိတ် . . . တွေ့ပြီ . . .

Snow White : :D ဟားဟား ... ဘယ်မှာလဲ ?

Andrew : ညာဘက်အစွန်ဆုံးမှာ ...

Snow White : ... .. .....



www.burmeseclassic.com

www.burmeseclassic.com



သူဘာမှပြန်မပြောဘူး ။ ကျွန်တော်တကယ်တော့မသေချာပါဘူး။ ဒါပေမဲ့ ခပ်တည်တည်နဲ့ သူ့ခုံရှေ့တည့်တည့်မှာ သွားထိုင်ပစ်လိုက်တယ်။ ဒီဆိုင်မှာက computer တွေကို ခန်းမအလယ်မှာ နောက်ကျောချင်းကပ်ပြီး စီထားတာလေ ။

ကျွန်တော် " ဟိတ် " လို့ခေါ်လိုက်တယ် ။

သူက ချိုချိုမြိန်မြိန် ပြန်ပြီးပြုံးပြပါတယ်။ ပြီးမှ -

" ရှင်က လည်မလိုလိုနဲ့ ... လည်သားပဲ "

" ဟားဟား .. အိမ်ဖြေ့ကို ဒီလိုစမ်းလို့ ဘယ်ရမလဲ "

" ဟဲဟဲ "

" ဟဲဟဲ "

" ခစ်ခစ်ခစ် "

" ဘာပဲဖြစ်ဖြစ် တွေ့ရတာဝမ်းသာပါတယ် .. "

" ကျွန်မကလည်း ဝမ်းသာပါတယ်တဲ့ရှင် . ..

ကဲ .. ယုံပြီမဟုတ်လား . . ဇလပ်ဖြူက ဇလပ်ဖြူပါပဲ .. . "

" ဟုတ်ပါပြီ .. ... ဟိုတစ်နေ့က VCD ရိုက်ရတာ အဆင်ပြေလား။ ကိုယ်က ပြီးတဲ့အထိ မနေလိုက်ရဘူး . . . "

chatting လုပ်တုန်းက နင်နဲ့ငါနဲ့ ပြောပေမဲ့ အခုအပြင်မှာကျတော့ နင်တွေ ငါတွေ ပြောမထွက်ဘူး ။

" ပြေပါတယ် . . . ပထမဆုံး အတွေ့အကြုံဆိုတော့ နည်းနည်းတော့ ကြောင်နေတာပေါ့ . . . "

" အင်းပေါ့ "

အဲလိုပဲ စကားတွေ ထိုင်ပြောနေလိုက်ကြတာ တထိုင်တည်းနဲ့ ပေါ





ပေါင်းတွေလိုပဲ ။

ဇီဇဝါ လာခေါ်တော့မှ စကားစပြတ်တယ် ။ ကားပေါ်ကိုရောက်တော့ ဇီဇဝါက အမှုစစ်တယ် ။ဘယ်သူလဲ ။ ဘယ်ကလဲ ။ ဘာလဲပေါ့ ။ ကျွန်တော်လည်း ရှင်းပြရတာပေါ့ ။ ဘယ်သူမှမဟုတ်ဘူး။

ဘယ်ကမှန်းမသိဘူး ။ ဒီနေ့မှစသိတာပါပေါ့ ။

" နင်နော် .. ရည်းစားကို တစ်ယောက်ပဲထား " တဲ့။

" ဘယ်သူက နှစ်ယောက်ထားမယ်ပြောလို့လဲ " လို့ ပြန်အော်လိုက်တယ်။

ဒါပေမဲ့ သူကနောက်ဆုံးမှတ်ချက်တစ်ခုတော့ပေးပါတယ် ။

"အမိုက်စားလေးနော် " ... ဆိုပဲ ....

* * *

www.burmeseclassic.com



## . P .

အဲဒါကြောင့်မို့ ပြောတာပေါ့

အိပ်မက်တွေ မကောင်းဘူးလို့ . . .

* * *





နာရီတွေက နေ့ရက်တွေပေါ် ဖြတ်ပြေးသွားတယ် ။ကျွန်တော့် အလုပ်ခန်း နံရံပေါ်က ပြက္ခဒိန်ကို နောက်တစ်ရွက်လှန်လိုက်တယ် ။ ဆောင်းဦးပေါက်ရဲ့ ပထမညနေဖြစ်ပါတယ် ။ မှတ်မှတ်ယယဒီနေ့ဟာ ရောင်းရင်းကြီး ဒီပရဲ့ VCD ထွက်တဲ့နေ့ ဖြစ်ပါသတဲ့ ။ ပြည်လမ်းက စိန်ဂေဟာ ဈေးဝယ်ဌာနကြီးမှာ နေ့လည်တုန်းက ဒီပရဲ့ လက်မှတ်ထိုးပွဲရှိပေမဲ့ ကျွန်တော်ဟာ အိမ်မှာပဲ အိပ်ပျော်နေပါတယ် ။

ဟော . . လှေကားပေါ်က ခြေသံတွေကြားတယ် ။ ကျွန်တော့် အိုက်ခန်း တံခါးကို ကြိုတင်ပြီး ဖွင့်ထားပေးလိုက်ပါတယ်။ ထင်တဲ့အတိုင်း ကျွန်တော့်သူငယ်ချင်းတွေပါပဲ။ သူတို့အားလုံး ဒီပရဲ့ပွဲကပြန်လာကြတာဖြစ်မယ်။

" ဟေး . . . အိခြေ . . . ဘာလို့မလာတာလဲ . . ပျော်စရာကြီးကွ " လို့ ကျော်ကြီးက အမောတကောပြောတယ် ။ ကျွန်တော်လည်း ရေခဲသေတ္တာထဲ

www.burmeseclassic.com



ကာ ရေပုလင်းတွေထုတ်ပေးရင်းအိပ်ပျော်သွားလို့ ဆိုတာ ရှင်းပြလိုက်ရတယ်။

အိအိထွန်းကလည်း -

"လူတွေမှ အားကြီးပဲဆရာ …ဒီပတော့ မိုက်သွားပြီ " တဲ့ ။

စိုးစိုးက -

"ဒီကောင့်အခွေ ကာဗာမှာ ဘိုးဘိုးကြီး အိပ်မက်ဆိုတာထည့်ထားတာ အသေလန်းတယ် ..

အဲဒါမင်းလုပ်လိုက်တာမလား "

" အေး " လို့ ကျွန်တော်ပြောပြီး အော်ရယ်လိုက်တယ် ။

ကျွန်တော်နဲ့ ဒီပ နှစ်ယောက်ခေါင်းချင်းရိုက်တိုင်ပင်ပြီး ဒီအစီအစဉ်ကို လုပ်ချနိုက်တာ။ သိတယ်မလား ။ အခုခေတ်မှာ မူရင်း VCD ကို သိပ်မဝယ်ကြဘဲ ဈေးပေါတဲ့ ကော်ပီခွေ ခိုးကူးအတုတွေပဲ အလွယ်တကူ အားပေးလိုက်ကြတာများတယ်လေ ။ အဲဒါကို ကာကွယ်တဲ့အနေနဲ့ VCD ခွေရဲ့ နောက်ဖုံးမှာ ဘိုးဘိုးကြီး အိပ်မက်ဆိုတာကို ထည့်လိုက်တာ ။

ဖတ်ရှုကြမှာပေါ့။ ဤစာကို ကိုးစောင်ကူး၍ လူကိုးယောက်သို့ဝေပါ။ မြောက်ပိုင်းက ကိုသာဒင်မဝေသဖြင့် အိမ်မီးထဲပါသွားသည်။ နောက်မှ သင်္ဂြိုဟ်ရ ဝေသဖြင့် သိန်း(၅၀)ထီ ပေါက်သည်။ ဒေါ်ဘုမ၏သမီး ယုံယုံကြည်ကြည်ဝေလိုက်ရာသူကြီးသားနဲ့အကြောင်းပါသွားသည်။ ဒေါ်ဘုမမှာမူ မေ့မေ့လျော့လျော့နေမိရာ ငယ်ထိပ်မြွေပေါက်သည် … ဆိုတာမျိုးလေ … ။

ဒီပ အခွေမှာက . . . ဤVCD အခွေကို လက်ဝယ်ပိုင်ပိုင်ကိုင်ကြသူသည် မူရင်းအခွေ(၇)ခွေဝယ်၍ (၇)ယောက်သို့ဝေပါ။ အထူးကံကောင်းမည့် ယင်းကောင်းသော ကံလက်ငင်းအကျိုးပေးမည်။ မဝေပါက ကြိုလ်ဆိုးဝင်ဆော့မည်။ Presenter ဆန်းထွဋ်ရှိ အတုဝယ်၍ ရည်းစားအား လက်ဆောင်ပေးမိရာမှ





ချစ်သူနှစ်ဦး (၁)လတိတိ ခွာပြဲသွားသည်။ ရွှေဂုံတိုင်မှ ဦးမောင်မောင်အေးမှာမူ မူရင်းခွေကို ဝယ်မိသော်လည်း (၇)ယောက်မဝေဘဲနေသောကြောင့် ဆံပင်များ အထွေးလိုက်ကျွတ်ကျန်သည်။ နောင်ကရှု၍ ပြန်ဝေသော်ငြားလည်း အခက်ကြုံနေဆဲ။ RAP အဆိုတော် စိုင်းစိုင်းခမ်းလှိုင်မှာမူ (၇)ခွေမက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့်(၁၄)ခွေဝယ်၍ ကောင်မလေး (၁၄)ယောက်သို့ဝေလိုက်ရာ ချက်ချင်းကြီး ၄င်းတို့အားလုံးနှင့် ချစ်သူဖြစ်ပေသတည်း . . . (ဟီးဟီး . . . ပေါလိုက်တာ )… ( စာရေးသူမှတ်ချက် )





www.burmeseclassic.com

www.burmeseclassic.com



" ဟား .. ဟား .. ဟား .. "

ကျော်ကြီးက -

"ကဲ .. အိဖြွေ ..ရေမိုးချိုး အဝတ်အစားလဲ ..ပြီးရင်ဒိုးကြမယ် "

" ဟင် .. ဘယ်လဲ "

"ဟော့ကောင် ..သောက်ပေါ ...ဒီပအိမ်မှာ ခွေထွက်တဲ့အ ထိမ်းအမှတ် လုပ်တဲ့ Party ပွဲရှိတယ်လေ .. "

" ဩော် ..ဟုတ်လား " လို့ပြောပြီး ဂစ်တာကိုကောက် ကိုင်လိုက်တယ်။ အိအိထွန်းက -

ဂစ်တာကို ဝင်လုပြီး -

" လုပ်ပြီ ..အဲဒါနဲ့မပြီးတော့ဘူး .. သွားပါရေသွားချိုး .. ငါတို့လည်း ဘာမှမစားရသေးဘူး တရုတ်တန်းမှာ ဗိုက်အရင်ဖြည့်ရဦးမှာ . . "

" အေးပါဟာ ... အေးဆေးပေါ့ "

" မအေးဆေးဘူးဆရာ .. အခုပဲ(၆)နာရီထိုးနေပြီ .. "

" အေးကွာ .. အေးကွာ ... အေးကွာ ..." လို့ပဲ ဆောင့်ကြီးအောင့်ကြီး ပြောပြီးရေချိုးခန်းထဲ ဝင်ခဲ့တယ် ။ အပြင်မှာတော့ ဟိုကောင်တွေ ဂစ်တာတီးပြီး အော်ဟစ်သောင်းကျန်း . . .

* * *

ကျွန်တော်တို့တွေ တရုတ်တန်းမှာ အသေစားခဲ့ကြပြီးတော့ ဇီဇဝါနဲ့ နှမ်းဖြူပွင့်တို့ကိုဝင်ခေါ်ကြတယ်။ ဒီပရဲ့အိမ်ကိုရောက်တော့ လူတွေအများကြီးနဲ့ စည်ကားနေပြီ။ သတင်းထောက်တွေနဲ့ လူငယ်အဆိုတော် အချို့ကိုလည်း တွေ့ရတယ် ။ လူငယ်သရုပ်ဆောင်တွေရောပဲ ။

ဒီပက မိုက်တစ်လုံးနဲ့ ကျေးဇူးတင်စကားပြောတယ်။ ပြီးကျတော့





သီချင်းတွေဖွင့်လို့ ဆူညံပွက်လောရိုက်လို့။ တချို့က စကားတွေ အော်ကြီးဟစ်ကျယ်ပြောလို့။ တချို့က နှစ်ကိုယ်ကြားပြောလို့

ကျွန်တော့်လက်ထဲမှာ လက်ဖြူဖြူလေး တစ်ဘက်ရှိတယ် ။ အဲဒီလက်ဖြူဖြူလေးရဲ့ ပိုင်ရှင်ကဒီနေ့ထူးထူးလန်းလန်း ပန်းပေါ်တဲ့အင်္ကျီအနက်ကို ဂျင်း(န်)စကာဒ်ခပ်စုတ်စုတ် တိုတိုလေးနဲ့ တွဲဝတ်ထားလေရဲ့။ ကျွန်တော် ဗော့ဒ်ကာ (၂) ခွက်ကို သံပုရာရည်ရောလိုက်တယ်။

တဖြည်းဖြည်း . . . တဖြည်းဖြည်းနဲ့ ဆောင်းဘောက်(စ်)တွေက ထွက်တဲ့ ဂီတဟာ အရှိန်ပိုပိုတက်လာတယ် .. ကျွန်တော် ဖြူ့ကိုမေးလိုက်တယ် ..

" ' က ' မလား "

သူမခေါင်းညိတ်ပြတဲ့အခါ နှစ်ယောက်သား ကပွဲခန်းမကြမ်းပြင် ပေါ်မှာ အားလုံးနဲ့ အတူစည်းမျောနေမိပါတော့တယ် . . .

× × × × ×

× × × × ×

× × × × ×

× × × × ×

ရုတ်တရက်မီးပျက်သွားတယ်။ (မဟုတ်ဘူး ) မီးခလုတ်ကို တစ်ယောက်ယောက်က ပိတ်လိုက်တာ။

" အား . " လို့ အားလုံးက ဝိုင်းအော်ကြတယ် ။ ဖြူ ကျွန်တော့်ရင်ခွင်ကို တင်းတင်းကြပ်ကြပ်ဖက်ထားလေရဲ့။ သိပ်မကြာလိုက်ဘူးနဲ့တူတယ် ။ မီးတွေပြန်လင်းလာတယ် ။ ကျွန်တော်တို့ နှစ်ယောက် တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေကြတယ်။ ကျွန်တော့်ခေါင်းမှာ နည်းနည်းတော့ရှိ



www.burmeseclassic.com

www.burmeseclassic.com









ဝနေတယ်။ ဖြူ့ မျက်လုံးတွေ အရောင်လဲ့လို့ ။ ကျွန်တော် မောလာတယ်။

ဒီအချိန်မှာ ကျွန်တော့် ပခုံးကို တစ်စုံတစ်ယောက်က လာပုတ်တယ်။ ကျွန်တော်လန့်သွားပါတယ်။ တကယ် ။ နောက်ကို လှည့်ကြည့်လိုက်တော့ ပြုံးပြီးကြည့်နေတဲ့ မိန်းကလေးတစ်ယောက်။

ဇလပ်ဖြူ ... ... ...

ဟုတ်ကဲ့။ SnowWhite (သို့မဟုတ်) ဇလပ်ဖြူ . . . . . .

" သြော် . . . "

နှင်းဖြူပွင့်ကတော့ ဒီလိုပဲကြည့်နေတယ် ။ ကျွန်တော်ကပဲ -

"ဇလပ်ဖြူ ... ဘယ်တုန်းကရောက်တာလဲ . .. ဘယ်သူနဲ့လာတာလဲ . . . "

" ကြာပြီ .. ရှင်ဝင်လာကတည်းက တွေ့သားပဲ .. ရှင့်ဖေယားနဲ့ ရှင်ဆိုတော့ ကျွန်မကိုဘယ်တွေ့မလဲ . . "

" အဲလိုလည်းမဟုတ်ပါဘူး..မှောင်လည်းမှောင်နေတယ်မဟုတ်လား"

" ကျွန်မကတော့ ရှင့်ကိုကြည့်နေတာ . .. "

" ကြည့်နေတာ ? "

နှင်းဖြူပွင့်က ဒီလိုပဲကြည့်နေတယ် .. ကျွန်တော်ကပဲ . . .

" အာ ..မိတ်ဆက်ပေးရဦးမယ် ..ဇလပ်ဖြူတဲ့..နှင်းဖြူပွင့်တဲ့ "

သူတို့ နာမည်တွေပြောပြီးတော့ လက်ညှိုးတွေထိုးပြလိုက်တယ်။ နှစ်ယောက်စလုံးခေါင်းညိတ်ပြတယ်။ ပါးစပ်ကတော့ ဘာမှမပြောဘူး ။

သူတို့တစ်ယောက်နဲ့တစ်ယောက် ပြုံးပြကြတယ်။ ဒါပေမဲ့ အပြုံးတွေဟာ လျှို့ဝှက်တယ်။ ကျွန်တော်ဘာသာမပြန်တတ်ဘူး ။

ပတ်ဝန်းကျင်ကလည်း တဆိတ်တော့ တိတ်ဆိတ်သွားသလိုပဲ။

www.burmeseclassic.com



ဟင့်အင်း ။ သီချင်းသံတွေဆူညံနေပါတယ်။

ဇလပ်ဖြူက စပြီး စကားပြောတယ်။

“ သွားလိုက်ဦးမယ်နော် .. ပြန်မလို့နှုတ်ဆက်တာ..ဟိုမှာ ကိုဒီပကို သွားနှုတ်ဆက်လိုက်ဦးမယ် ..တာ့တာ .. ဟိုတစ်ယောက် ... သွားပြီနော် Good Night .. ”

ဇွန်ဖြူပွင့်က ဒီလိုပဲ ကြည့်နေတယ် ။ ကျွန်တော်ကပဲ -

“ အင်းအင်း ... တာ့တာ ” လို့ပြောပြီး လက်ပြနှုတ်ဆက်လိုက်တယ်။ ပြီးကျတော့ ကျွန်တော် ဖြူ့ကိုစကားပြောမလို့ ဝရံတာကိုခေါ်လာခဲ့ပါတယ်။ ကျွန်တော့်ခေါင်းထဲမယ် မေးခွန်းတစ်ချို့ရှိနေတယ်လေ။

ဒါပေမဲ့ ဘာမှ မပြောရသေးခင်မှာပဲ ဓိဇပါလာပြောတယ်။ ဇွန်ဖြူပွင့် မေမေလာကြိုနေပြီ..တဲ့။ သူမပြေးဆင်းသွားတယ်။ ပြီးမှ ဖုန်းဆက်လိုက်မယ်လို့ ကပ်ပြောသွားတယ်။ ကျွန်တော့်မှာသာမေးခွန်းတွေနဲ့ ကျန်ရစ်တယ်။ သက်ပြင်း တွေသာချရပေါ့။

“ ဟား . . . . ”

ဓိဇပါက နားလည်သလိုပြုံးတယ်။ ကျွန်တော်မော့ကြည့်လိုက်တော့ ပခုံးတွန့်ပြတယ်။

“ ဘာလဲဟ ... နင်က .. ”

“ ဒီမြွေ . . . နင့်ဇာတ်နင်နိုင်အောင်ကနော် .. ” တဲ့။

* * *





**. ၉ .**

သုံးရာနဲ့ခြောက်ဆယ့်ငါးတော့လည်း
ဒီနေ့မှာကျွန်တော့်ကိုမွေးခဲ့ပေါ့
သုံးရာနဲ့ခြောက်ဆယ့်ခြောက်သာဆို
မနက်ဖြန်မှာကျွန်တော်မွေးလိမ့် . . .



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ကျွန်တော့်မွေးနေ့။ ထူးထူးခြားခြား အစောကြီးနိုးနေတယ်။ ပြတင်းပေါက်မှန်ကို ဖွင့်လိုက်တော့ ငှက်ကလေးတစ်ကောင် ပိကျိုပိကျိုနဲ့ ။ ကျွန်တော် သိပ်မကြိုက်ချင်ဘူး။ ONE FOR SORROW တဲ့ ။ ကြားဖူးတာပဲ ။

ဒီနေ့ကျွန်တော့်မွေးနေ့ဆိုတာကို ဘယ်ကောင့်ကိုမှ သတိမပေးထားဘူး။ သတိတရနဲ့ဖုန်းဆက်ပြီး နှုတ်ဆက်တဲ့သူကိုပဲ ကျွေးမယ်လို့စဉ်းစားထားလိုက်တယ်။ ဘယ်သူမှမဆက်ရင်တော့စိတ်ဆိုးချင်ယောင်ဆောင်ပြီး မကျွေးဘဲနေပစ်လိုက်မယ်။ ဟားဟား ... ကောင်းလိုက်တဲ့အကြံ။

အဲလိုနေရင်းနဲ့ -

ချာတိတ်လေးတစ်ယောက် ကိတ်မုန့်တစ်လုံးလာပို့တယ်။ သစ်သီးကိတ်ပါ။ စတော်ဘယ်ရီနဲ့နာနတ်သီးနဲ့ ရောထားတယ်။ ကျွန်တော်ပျော်သွားပါတယ်။ ဖြူဆီကပဲဖြစ်မှာပဲ ။ ဒီကောင်မလေးမှာဒီလိုစိတ်ကူးမျိုးရှိတာ







အံ့သြစရာ။ ဒီအချိန်မှာ အိမ်မြွေ့ မျက်နှာကြီးကိုတွေ့တဲ့သူတိုင်းက ' ဟ .. ပြုံးလှချည်လား ' လို့ ပြောမှာအမှန်ပဲ။

ဒါပေမဲ့ သတင်းစာဖတ်မိတဲ့အချိန်မှာ ကျွန်တော်မျက်လုံးပြူးသွားတယ်။ ဘာအဓိပ္ပာယ်လဲဟ။ရဲတင်းလှချည့်လားလို့လေ။ သတ္တိကိုတော့ ချီးကျူးပါတယ်။ သတင်းစာရဲ့ကြော်ငြာကဏ္ဍမှာ ထည့်ထားတာက . . .

အိမ်မြွေ

ကိတ်မုန့်ထဲမှာ ရှာကြည့်...

ဇလပ်ဖြူ



www.burmeseclassic.com

www.burmeseclassic.com









ကျွန်တော် တကယ်ကျွတ်သွားတယ်။ ချက်ချင်းပဲ ကိတ်မုန့်ကို ဓားနဲ့ပါးပါးလှီးလိုက်တယ်။

ဘာတွေ့လဲသိလား။ လက်စွပ်မောင်းကွင်းလေးတစ်ကွင်းရယ် .. .. ..

ကျွန်တော် တယ်လီဖုန်းကို ကောက်ကိုင်လိုက်တယ်။

" တောက် "

ဖုန်းနံပါတ်မှမသိတာ . . ။ computer ဖွင့်တယ် ။ အရေးထဲ Connection က ချက်ချင်းမရဘူး။ ရတော့လည်း Gtalk မှာ ဇေလပ်ဖြူမရှိဘူး။ Snow White ဆိုတဲ့နာမည်ပျောက်နေတယ်။

အဲဒီအချိန်မှာ တယ်လီဖုန်းမြည်တယ်။ ဖြူဆက်တာ။

" ကို ... သတင်းစာဖတ်ပြီးပြီလား . . "

" အင်း "

" ဒါဆို ကိုတွေ့ပြီးပြီပေါ့ .. ဘာတွေလဲကိုရာ .. အဲဒီဇေလပ်ဖြူဆိုတဲ့မိန်းမနဲ့ကိုနဲ့ ဘယ်လိုပတ်သက်တာလဲ .. "

" ဘယ်လိုမှ မပတ်သက်ဘူး .. ဒီအတိုင်း ရိုးရိုးပဲခင်တာ။ သိတာတောင် မကြာသေးဘူး .. သူ့ကို ဖုန်းဆက်မေးမလို့ဟာ သူ့ဖုန်းနံပါတ်လည်း ကို့မှာမရှိဘူး . . "

" ... ... ... ... "

" ဖြူ ... စိတ်ထဲမှာ တမျိုးမထင်နဲ့နော် .. ကို့ဘက်ကတော့ ဘာမှမဖောင်း (Foul)ဘူး။ ကိုရအောင်ရှာပြီးမေးကြည့်လိုက်ဦးမယ် . . ပြီးရင်ကိုပြန်ဆက်မယ်နော် . . "

" ပြီးရော "

" ရော် . . . စိတ်မကောက်နဲ့နော် "

www.burmeseclassic.com



" မကောက်ပါဘူး .. ဘယ်သူကကောက်တယ်ပြောလဲ "

" အင်းပါ မကောက်ရင်လည်းပြီးရော . . ဒါပဲနော် "

ဖြူ့ ဖုန်းကိုချပြီးပြီးချင်းပဲ ကျော်ကြီးဆက်တယ်။ ခုနလိုမေးခွန်းတွေပဲ။ ပြန်ဆက်မယ်လို့ပြောရတယ်။ ပြီးတော့ဇီဇဝါဆက်ပြန်ရော။ သူကတော့ အကြံတစ်ခုပေးတယ်။ ဒီပဆီကို ဆက်မေးကြည့်ပါလားတဲ့ ။ သူ့ဖုန်းနံပါတ်သိနိုင်တယ်တဲ့။ ဟုတ်သားပဲ ...။

ဖုန်းနံပါတ်ရရချင်းပဲကျွန်တော်ဆက်တယ်။ ဒါပေမဲ့ဆက်သွယ်လို့မရဘူး။ ဖုန်းစပီကာကဒါပဲထွက်လာတယ်။ " လူကြီးမင်းခေါ်ဆိုသောGSM ဖုန်းမှာ စက်ပိတ်ထားပါတယ်ရှင် " . . တဲ့ ။ သေရော ။

ကျွန်တော့်ကိုလည်း ဘယ်သူတစ်ဦးတစ်ယောက်ကမှ ဟက်ပီးဘတ်ဒေးမလုပ်ကြဘူး။ ဒီနေ့အဖို့မှာ ကျွန်တော့်မွေးနေ့ထက် ဇလပ်ဖြူရဲ့ကိတ်မုန့်က ပိုပြီးဟော့တ်(HOT )တဲ့သတင်းဖြစ်သွားပါတယ်။

" ဟူး . . "

"ငါလုံးဝနားမလည်ဘူးကွာ..လုံးဝနားမလည်ဘူး" ကျွန်တော် အော်ပစ်တယ်။ အစအဆုံး ငြိမ်ပြီး နားထောင်နေတဲ့ ပင့်ကူက -

"တစ်မျိုးတော့တစ်မျိုးပဲ .. မင်း ဘာဇာတ်လမ်းတွေများသွားစထားသေးလဲ "လို့မေးတယ်။

" ဘာမှကို မစဘူး .. ငါသူနဲ့ အင်တာနက်ပေါ်မှာစခင်တယ်.. ပြီးတော့အပြင်မှာတွေ့သွားပြီးခင်သွားတယ်.. ရိုးရိုးခင်တာပါ..အပြင်မှာမတွေ့ခင်ကတည်းကကို ငါဖြူ့ကိုကြိုက်တယ် .. နောက်တော့ ချစ်သူတွေဖြစ်သွားကြပြီဆိုတာတွေငါပြောပြသေးတယ် . . "

"သူတို့ချင်း နဂိုကတည်းကသိသလား " လို့စိုးစိုးကဝင်ထောက်တယ်။





" မပြောတတ်ဘူး .. ငါ့အရင်တုန်းက ဇလပ်ဖြူကိုတစ်ခါမေးဖူးတယ် .. မွေးနေ့အကြောင်းပြောရင်းနဲ့ ..ဒါပေမဲ့ ဟိုနေ့က သူတို့နှစ်ယောက်ဆုံတော့ တမျိုးကြီးပဲကွာ .. ဖြူ့ကိုမေးတော့လည်း မသိသလိုလိုသိသလိုလိုနဲ့ ... "

ကျော်ကြီးကတော့ -

" ရှင်းရှင်းလေးပဲကွာ .. ဇလပ်ဖြူကလည်း မင်းကိုကြိုက်တယ် .. ဒီတော့ ပေါ်တင်ပဲမင်းကိုလက်ဆောင်ပေးတယ်..ပေးတာကလည်းလက်စွပ်ကွာ ... "

" ကြိုက်ရအောင် ငါ့မှာက ဖြူ ရှိတယ်လေကွာ . . "

" ရှိရှိပေါ့ကွာ..အိမ်ထောင်ရှိတာမှမဟုတ်တာလို့သူတွက်မှာပေါ့ "

ပင့်ကူက -

" ဟေ့ကောင် .. ဟိုမှာ မိန်းကလေးကွ .. ဒီလောက် ပြောင်ကြီး ဝင်လာတာ အကြံအစည်တစ်ခုခုတော့ ရှိရမယ် .. " ဆိုတော့

ကျော်ကြီးက -

"ဒီမှာ ပင့်ကူ .. အချစ်ဆိုတာ .. ယောက်ျားတွေ မိန်းမတွေဘာတွေ ညာတွေ မရှိတော့ဘူးကွ .. ချစ်မိပြီဆိုရင် အရှုံးလိုပဲ .. ဘာကိုမှမစဉ်းစားတော့ဘူး..အဲဒါကြောင့်မို့လို့လည်း အချစ်နဲ့စစ်မှာ မတရားတာမရှိဘူးတို့ ဘာတို့ စကားပုံတွေပေါ်လာတာပေါ့ " ဆိုပြီးပြန်ငြင်းတယ်။

ကျွန်တော်ခေါင်းကိုက်လာပြီ။ ဒီရက်ပိုင်းမှာ ညမအိပ်တာများတော့ အားနည်းချင်နေတယ်။ အလုပ်ပိနေတာလည်းပါတယ်။ ဇလပ်ဖြူ ရှော့ခ်တွေလည်း ပါတယ်။ ဖြူကလည်း ကျွန်တော့်ကိုသိပ်မကြည်ဘူး ။ ကျွန်တော် သက်ပြင်းတစ်ချက် မှုတ်ထုတ်ပြီး ခေါင်းကိုခါနေတော့ ကျော်ကြီးကပဲ

" ဟေ့ကောင် အိန္ဒြေ . . အဖြေကရှင်းရှင်းလေးပဲ .. ဇလပ်ဖြူ



www.burmeseclassic.com

www.burmeseclassic.com



မင်းကိုကြိုက်တယ်ကွာ · ·· မင်းဘက်ကဘယ်လိုလဲ · · · ''

'' ဟာကွာ··ငါဖြူကို ဘယ်လောက်ချစ်တာ မင်းတို့သိရဲ့သားနဲ့ ''

'' အေး · · မင်းကဖွန့်ဖြူပွင့်ကိုပဲချစ်တယ် ·· ဇလပ်ဖြူကိုမချစ်ဘူး ပြီးပြီပေါ့··ဘာညစ်စရာရှိလဲ·· ငွင်းတကြီးလို မှိုင်မနေနဲ့ မလှဘူး··· ''

စိုးစိုးက ဒီအတိုင်းနေရင်ကော လှလို့လားဆိုပြီး ဝင်ဖောက်တယ်။ ကျွန်တော် မရယ်နိုင်ပါဘူး။ ကျွန်တော့်စိတ်ထဲမှာ ထင့်နေတယ်။ ဇလပ်ဖြူကို လည်း နည်းနည်းလန့်လာတယ်။ မိန်းကလေးတွေသတ္တိရှိပြီဆိုရင်တကယ်ကြောက် ဖို့ကောင်းပါတယ်။

* * *





## . R .

## မီးခိုးတွေတိမ်လိုအူတယ်
## ငါ့ပုံပြင်ကိုဘယ်သူပြောခဲ့ · · ·

* * *

www.burmeseclassic.com



ဒီနေ့အစီအစဉ်က ရှေ့ဆောင်ရုံမှာ ရုပ်ရှင်ကြည့်ဖို့ ။ ကျွန်တော်တို့ သူငယ်ချင်းတွေ ဆာကူရာတာဝါ အထပ်(၂၀)မှာရှိတဲ့ သီရိပစ္စယာကော်ဖီဆိုင်မှာ ချိန်းထားကြတယ်။ ကျွန်တော်နဲ့ဖြူ အထပ်(၂၀)ကိုရောက်သွားတော့ ဒီပရယ် ဖြူ့သူငယ်ချင်း စန္ဒာရယ် ၊ ဇီဇဝါရယ် ရောက်နှင့်နေပါပြီ။ စကားမစပ် ဒီပနဲ့ စန္ဒာနဲ့က အိုကေနေပြီ။

ကျွန်တော်တို့ ထိုင်ရုံလေးပဲရှိသေးတယ်။ ဒီပနဲ့ စန္ဒာက ရုပ်ရှင်မလိုက်ဖူးဆိုပြီးထဖောက်တယ်။ ကျွန်တော်တို့ကလည်းသဘောပဲပေါ့လေ ။ မလိုက်လည်းနေပေါ့။ သူတို့ နှစ်ယောက်ထလစ်သွားကြတယ်။ ကျန်တဲ့ကောင်တွေ ဘယ်သူမှမလာလို့ ဇီဇဝါကတဗျစ်ဗျစ်တောက်တောက်လုပ်နေတုန်းမှာ မထင်မှတ်ဘဲ ဇလပ်ဖြူရောက်လာပါတယ်။

" ဟင် .. ဇလပ်ဖြူ .. "









www.burmeseclassic.com

www.burmeseclassic.com



" တစ်ယောက်တည်းလား ဇလပ်ဖြူ… မုန့်လာစားတာလား… "

" အင်း… ကျွန်မ ဒီမှာလာထိုင်လေ့ရှိတယ် အိမ်ခြေရဲ့… ရှင်တို့ကရော … "

" ကျွန်တော်တို့ ရုပ်ရှင်သွားကြည့်မလို့ …ရွှေဆောင်ရုံမှာ… "

ကျွန်တော် ဖြူ့ကိုမျက်နှာပူနေတယ်။ ဖြူကတော့ ခပ်တည်တည်ပဲ ။ ဇလပ်ဖြူကလည်း ခပ်တည်တည်ပါပဲ ။

" ဟုတ်လား … ဘာကားလဲ " တဲ့ ။

ဟိုတစ်နေ့က ကိတ်မုန့် ကိစ္စကိုလုံးဝ မမေးကြည့်ရသေးဘူးလေ။ အခုလည်း ဖြူ့ရှေ့မှာ ကျွန်တော် ဘယ်လိုစကားစရမှာလဲ ။ ဇီဇဝါကတော့ ဘာမှ မသိသလို ရေခွေးကြမ်းတစ်ခွက်ကို ငုံ့သောက်နေတယ်။ ကျွန်တော်တွေပြီး စဉ်းစားနေတုန်းမှာ ဖြူက -

" Pirates of the Carabian 3 တင်နေတာ … ဇလပ်ဖြူအားရင်လိုက်ခဲ့လေ … " တဲ့။

ပြတ်ပြတ်သားသားဖိတ်ခေါ်လိုက်ပါတယ် ။ ကျွန်တော့်စိတ်ထဲမှာ ဒါကို စိန်ခေါ်ခြင်းတစ်မျိုးလို့ ထင်တယ်။

"အင်း … ဇလပ်ဖြူ အားပါတယ်။ ရှန်ဖြူပွင့်တို့ အနှောက်အယှက်မဖြစ်ရင် လိုက်ခဲ့မယ်လေ … "

တစ်ဖက်ကလည်း စိန်ခေါ်မှုကို လက်ခံလိုက်သကဲ့သို့ပါပဲ။ ကျွန်တော် ဖျားချင်သွားပါတယ်။ အခုနေ အဖျားတက်လို့ဆိုပြီး အိမ်ပြန်ရရင်ကောင်းမှာပဲ။ ဇီဇဝါလည်းရေခွေးတွေသီးသွားတယ်။ ဒီနှစ်ယောက်နဲ့ ရုပ်ရှင်အတူကြည့်ရရင်တော့ကျိုင်ပဲ။ ကျွန်တော်ဇီဇဝါကို လှမ်းကြည့်လိုက်တော့ ကျွန်တော်ကြည့်တာကို မသိချင်ယောင်ဆောင်နေတယ်။ ကျွန်တော် ဘာပြောရမှန်းမသိဘဲ အူကြောင်ကြောင်





ဖြစ်နေတာနဲ့ -

" ဟို … ဇလပ်ဖြူ တစ်ခုခုသောက်ပါဦးလား " လို့မေးလိုက်တယ်။

သူက -

" ဟင့်အင်း . . မသောက်တော့ဘူး … ရုပ်ရှင်ကြည့်မယ်ဆို အခု သွားမှထင်တယ်နော် တော်ကြာ လက်မှတ်မရဖြစ်နေဦးမယ် "

* * *



www.burmeseclassic.com

www.burmeseclassic.com


ဟုတ်ကဲ့ ။ တကယ်တမ်းလည်း လက်မှက်က (၃)စောင်ပဲဝယ်လို့ရတော့တယ် ။ ဒီအချိန်မှာကျွန်တော့်ဆန္ဒကတော့ သူတို့(၃)ယောက်ကိုထားခဲ့ပြီး ထွက်ပြေးချင်နေပြီ ။ ဒါပေမဲ့(၃)ယောက်လုံးကလည်း ကျွန်တော့်ကို ဗဟိုပြုပြီးတော့မှ သိကြတဲ့သူတွေပါ။

ဖြူကတော့ လက်မှတ်မရတာ သူ့ကိစ္စမဟုတ်သလိုပဲ ။ အင်းလေ ။ တကယ်လည်း သူနဲ့မှမဆိုင်တာ ။ နောက်ဆုံးမှလာတဲ့သူမယူနဲ့လို့လည်း ပြောဖို့က ခက်နေတယ်။ ဇလပ်ဖြူကလည်း သူကြည့်ကို ကြည့်မှရမယ်ဆိုတဲ့ရုပ်နဲ့။ ဒီအခက်အခဲကို ဓိဇဝါကပဲ ကူညီပါတယ်။

" ဒီလိုလုပ်လေ .. နင်တို့(၃)ယောက်ပဲကြည့်လိုက်ကြတော့ .. ငါဒီနားခဏသွားစရာရှိလို့ "

ပေါ်တင်လိမ်တာနော်။ ဘယ်မှသွားစရာရှိတာမဟုတ်ဘူး ။








www.burmeseclassic.com

www.burmeseclassic.com



"ငါကားယူသွားလိုက်မယ်။ ရုပ်ရှင်ပြီးတဲ့အချိန်ကျတော့ လာကြိုလိုက်မယ်လေ ..မကောင်းဘူးလား အိန္ဒြေ . . "

" ဟို ... ဟိုလေ ... "

ကျွန်တော်ဇီဇဝါကိုအားနာပြီး စကားထစ်နေတယ် .. သူကတော့ အေးဆေးလေးပဲ ကျွန်တော့်လက်ထဲက ကားသော့ကိုလှမ်းယူပြီး -

"နင်တို့ ပြီးတဲ့အချိန်လှမ်းဆက်လိုက် " တဲ့ ။ ပြီးတော့ လေလေးချွန်ပြီး ထွက်သွားတယ် ။ ကျွန်တော့်မှာသာ ဒီအဖြူရောင်ပန်းနှစ်ပွင့်နဲ့ ကျန်ခဲ့တယ်။ တစ်ယောက်က ချစ်သူ။ တစ်ယောက်က သူငယ်ချင်းလည်းမဟုတ်ဘူး ။ ဘာမှလည်းမဟုတ်ဘူး ။ ဘယ်လိုသတ်မှတ်ရမှန်းကိုမသိတာ။

ရုံထဲရောက်တော့ သူတို့နှစ်ယောက်စလုံး ကျွန်တော့်ဘေးတစ်ဘက်စီမှာ ။ ကျွန်တော်လည်းဘာမှမပြောတော့ဘူး။ ရုပ်ရှင်ကိုပဲ စိတ်ဝင်တစားကြည့်နေလိုက်တယ်။ မိတ်ဆွေတို့သာ တစ်ခါလောက် ကျွန်တော့်လိုဖြစ်ဖူးကြရင် ကျွန်တော်ဖြစ်နေတဲ့ ကျဉ်းကျပ်မှုကို ကိုယ်ချင်းစာနိုင်လိမ့်မယ်လို့ထင်ပါတယ်။ ဖြူ့ကိုကြည့်လိုက်တော့ မျက်နှာကစူပုပ်နေတယ်။ ဇလပ်ဖြူကတော့ အေးဆေးပဲ ။နေကြာစေ့ဝါးနေတယ် ။

* * *





**. S .**

မမှားသောရေနေ့ မသေသောဆေးသမား

မရှိဟု

လူကြီးများကပြောပါသည် . . .

မမှားသောမြှားနတ်မောင် မလွဲသောအချစ်ရေး

မရှိဟု

ကျွန်တော်က ဖြည့်စွက်လိုသည် . . .

* * *



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက်ကားပေါ်က ဆင်းလိုက်ကြတယ်။ ဖြူ က အရင်ရှေ့ကလျှောက်သွားနှင့်တယ်။ ကျွန်တော်ပန်းခြံထဲကို ခပ်သွက်သွက် လှမ်းပြီး လိုက်သွားရတယ်။ အခုအချိန်အထိ သူစကားတစ်ခွန်းမှမပြောသေးဘူး။ ကျွန်တော် သူ့ကို ဒဂုံတက္ကသိုလ်မှာ သွားကြိုလာတာပါ။

စိမ်းလန်းစိုပြေဥယျာဉ်ရဲ့သောကြာနေ့ညနေခင်းဟာ လူငယ်တွေနဲ့ စည်ကားနေလေရဲ့။

" တစ်ခုခုစားမလား ... ဖြူ "

သူခေါင်းခါပြတယ်။ ပြီးတော့ ပန်းခြံအတွင်းထဲအထိဆက်လျှောက် သွားတယ်။

" ဖြူ ... ကိုယ့်ကိုစိတ်ဆိုးနေတာလား "

" ကို့ ကိုစိတ်မဆိုးပါဘူး . .. "









www.burmeseclassic.com

www.burmeseclassic.com



"ကို့ ကိုစိတ်မဆိုးရင် ဖြူ ဘာဖြစ်နေတာလဲ ... ဘယ်သူ့ကိုတစ်နေတာလဲ .."

ခုံတန်းလျားလေးတစ်ခုမှာ သူဝင်ထိုင်တယ်။

" သူဘာဖြစ်လို့ လိုက်နှောက်ယှက်နေတာလဲ .. ဘာဖြစ်လို့ သူ့ဖြူ့အတွဲကြားမှာဝင်ရှုပ်နေတာလဲ . . . "

"ဘယ်သူလဲ..."

ကျွန်တော်သိသိကြီးနဲ့ မေးလိုက်တာပါ။

" ဇလပ်ဖြူ ပေါ့ "

"ကိုမေးမယ်ဖြူ...ဖြူသူ့ကို အရင်ကတည်းက သိတာလား.. "

သူရေကန်ဘက်ကို လှမ်းကြည့်နေတယ်။ တော်တော်ကြာမှ ခေါင်းငုံ့ပြီးတော့ ခေါင်းကိုယမ်းပြတယ်။ ကျွန်တော်စိတ်ရှုပ်လာပြီ ။ ကျွန်တော်တို့ ချစ်သူနှစ်ယောက်ကြားမှာ အလကားနေရင်းနဲ့ စိတ်ညစ်စရာကြုံရတယ်။

"ကဲ ..တော်တော့ ဖြူ .. အဲဒီအကြောင်းမစဉ်းစားနဲ့တော့ .. ဒီမှာ ကို ဖြူ့ကိုပြစရာ ရှိတယ် .. "

သူမော့ကြည့်တယ် ။

" ဘာလဲဟင် ... "

ကျွန်တော် အင်္ကျီကိုချွတ်ပြီး နောက်ကျောကိုလှည့်ပြလိုက်တယ် ။ ကျွန်တော့်လက်ပြင်ကြီးက ယောင်ကိုင်းနေဆဲပဲ။ အဲဒီလက်ပြင်မှာ မနေ့ညကမှ ထိုးထားတဲ့ ချိန်ခွင်ပုံဆေးမင်ရှိလေရဲ့။

"အဲဒါ ဖြူ့အတွက် .. ဖြူနဲ့ကြိုက်တဲ့အထိမ်းအမှတ် ဖြူရဲ့ရာသီခွင်ပုံထိုးထားတာ .."

အဲဒီရာသီခွင်ပုံဟာ ဇလပ်ဖြူရဲ့ ရာသီခွင်ပုံလည်းဖြစ်တယ်ဆိုတာကိုတော့





မပြောမပြတော့ဘူး ။

" ဟယ် ... နာမှာပေါ့ကိုရယ် .. "

သူ ကျွန်တော့် tattoo ကို ကြည့်နေရင်းက ဒီဘက်ဘေးက ပုံနှစ်ပုံကိုပါတွေ့သွားတယ်။

" ဟင် .. ဒီဘက်မှလည်း (၂)ပုံ .. အဲဒါက ဘာသင်္ကေတလဲ .. ဖြူ့ အပြင်နောက်ထပ်(၂)ယောက်ရှိတယ်ဆိုတဲ့ သင်္ကေတလား .. "

"မဟုတ်ပါဘူး .. အဲဒါက အရင်တုန်းက ကြိုက်တဲ့ ရည်းစား(၂)ယောက်ရဲ့ Sign တွေ .. "

သူနှုတ်ခမ်းကြီးစူပြီး ဟိုဘက်လှည့်သွားတယ်။ ကျွန်တော်လည်း သူ့ရဲ့ပခုံးကို ကိုင်လှည့်ပြီးမှ

" ဖြူရယ်..သူတို့နဲ့ကြိုက်တုန်းက ဖြူနဲ့မှမတွေ့သေးတာ .. အတိတ်ဆိုတာအတိတ်ပဲလေကွာ..အခုမှမဟုတ်တာ..အတိတ်ဆိုတာ correction pen နဲ့ဖျက်ပစ်လို့ရတာမျိုးမှ မဟုတ်တာ.. ကြိုက်ခဲ့ဖူးတယ်ကွာ ..ဘယ်တတ်နိုင်မလဲ..ဖြူအခုစိတ်ဆိုးလည်းကို ပြင်ပေးလို့ရတာမျိုးမှမဟုတ်တာ .. . "

" တော်ပါတော့ ကိုစကားတတ်ရယ် .. ဟွန်း ... "

" ကဲ .. ဖြူကျတော့ကော အရင်က ဘဲရှိလား "

ဒါကျွန်တော့်ရဲ့ လျှပ်တစ်ပျက်ရိုက်ချက်ပဲ ဖြစ်ပါတယ်။ ဒီမေးခွန်းမျိုးကို အရင်ကမမေးဖူးဘူး။ အမှန်ကတော့ ကျွန်တော် စိတ်လည်းမဝင်စားပါဘူး။ အရေးကြီးတာက ကိုယ်နဲ့ ကြိုက်တဲ့အခါမှာ နောက်တစ်ယောက်ရှိမနေဖို့ပဲ။

" ဖြေလေ .. "

" အင်း.. " တဲ့ ။

ဒီလောက်ပါပဲ။ ဒီထက်ပိုပြီး ထပ်မမေးတော့ဘူး ။ ကျွန်တော်ကိုယ်၌က



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူပဲဖြစ်ဖြစ်ဘယ်သူပဲဖြစ်ဖြစ် သူများအကြောင်းကို သိပ်စိတ်မဝင်စားတတ်တာပါ။ ကိုယ်နဲ့ဆိုင်သလောက်၊ ကိုယ်သိသင့်သလောက် သိခွင့်ရရင်ကျေနပ်ပါတယ်။ အချို့ကိစ္စတွေကမသိရင်အကောင်းသား၊ သိမှစိတ်ဆင်းရဲရတယ်။ ဒါ့ပြင်လည်း ဖြူ့မှာအရင်က ရည်းစားရှိတယ်ဆိုပေမယ့် သူ့နာမည်တွေဘာတွေမသိချင်ဘူး။

ကျွန်တော် သူ့ပခုံးကို ခပ်ဖွဖွ ဆုပ်ကိုင်လိုက်ပါတယ်။

ကောင်းကင်မှာ ဇွန်ရောင်စုံတွေဝဲနေတယ်။ ပန်းခြံထဲမှာလည်း ကယောသံတွေဝဲနေတယ်။ လေတစ်ချက်အဝှေ့မှာ သစ်ရွက်သေးသေးလေးတွေဝဲတယ်။ ကျွန်တော့်ရင်ထဲမှာ အိမ်ဒီကလီတွေဝဲတယ်။ ဖြူ့ ပါးပြင်မှာ အနမ်းလေးတစ်ပွင့်ဝဲတယ်။

* * *





.T.

ဘဝကို

စာဠိနိ နားတယ်. . .

စက္ကူလိပ်ကို အသာပြန့်တော့. . .

အကာသိုလ်. . .ရယ် . . .

* * *



www.burmeseclassic.com

www.burmeseclassic.com



အခန်းရှေ့က စာထည့်တဲ့သေတ္တာလေးထဲကဒီဟာကိုကျွန်တော်ရတာပါ။ ဖိတ်စာတစ်စောင်လို့ထင်မိပေမဲ့ တကယ်တမ်း ဖွင့်ကြည့်လိုက်တော့ ဓာတ်ပုံတစ်ပုံ။ တိတိကျကျပြောရရင် ကျွန်တော်မသိတဲ့ နေ့တစ်ကောင်နဲ့ ကျွန်တော့်ချစ်သူ နှင်းဖြူမှုင် တွဲရိုက်ထားတဲ့ပုံ။

* * *

ညနေခင်း ကျွန်တော်တို့သူငယ်ချင်းတွေဆုံနေကျ ကော်ဖီဘားလေးကိုရောက်တော့ ဓာတ်ပုံကိုစွ ပြောပြလိုက်တယ်။ ကျွန်တော့်ဘော်ဒါတွေရဲ့ ထင်မြင်ချက်တွေက –

" လေပ်ဖြူ ပို့တာပဲဖြစ်မှာပေါ့ "

ကျော်ကြီးက မှတ်ချက်ချတယ်။









www.burmeseclassic.com

www.burmeseclassic.com



" မင်းကဘာလို့ အဲလို ပြောနိုင်တာလဲ "

စိုးစိုးက မေးတယ်။

" မသိဘူးလေကွာ .. အဖြစ်နိုင်ဆုံးကိုတွေးကြည့်တာပဲ "

" နင်တို့ကလည်းဟယ်...မသေချာဘဲနဲ့ရမ်းမစွပ်စွဲပါနဲ့..."

လို့အိအိထွန်းက ဝင်ပြောတယ်။ ဇီဇဝါက -

" အိန္ဒြေ .. နင် ... စိတ်ညစ်နေလားဟင် "

ကျွန်တော်စိတ်မညစ်ပါဘူး။ ဖြူ့မှာအရင်က ရည်းစားရှိမှန်း ဖြူကိုယ်တိုင် ဝန်ခံထားတာပဲ။ ကျွန်တော်ခေါင်းခါပြလိုက်တယ်။

ကျော်ကြီးက တစ်ခါ -

" သိပ်တော့မကြာသေးဘူးနဲ့တူတယ်နော် .. ဓာတ်ပုံရိုက်ထားတာကို ပြောတာ ..ဓာတ်ပုံကအဟောင်းပုံမှမပေါက်တာ .. "

" ငပေါ .. အခုမှပြန်ပြီး Print လုပ်ထားတာနေမှာပေါ့ "

သူတို့ အမျိုးမျိုးဝေဖန်နေကြတယ်။ ဒါပေမဲ့ ဇလပ်ဖြူလက်ချက်ဆို တာသေချာပါတယ်။ ဒါမျိုးကတော့ သူပဲလုပ်တတ်တာမဟုတ်လား ။ ကျွန်တော် သူ့ကို တွေ့ရင် ဒါမျိုးနောက်တစ်ခါမလုပ်ဖို့ တားရမယ်။ ဒါ နှင်းဖြူပွင့်ကို သိက္ခာချချင်ရုံသက်သက်ပဲ ။

ဒါပေမဲ့ ညကျတော့ အင်တာနက် Gtalk မှာ သူနဲ့တွေ့တယ်။ ကျွန်တော် ပေါ်တင်ပဲ မေးလိုက်တယ်။ သူကလည်း ရှင်းရှင်းပဲဖြေတယ်။

SnowWhite : လုံးဝမဟုတ်ဘူး ။

* * *

မနေ့ညကမက်တဲ့ အိပ်မက်။





ကျွန်တော်နဲ့ဇလပ်ဖြူနဲ့စီးချင်းထိုးတယ်။ လုံ့ရှည်တွေကိုယ်စီနဲ့ ချပ်ဝတ်တန်ဆာ အပြည့်နဲ့။ ပင်ပန်းတကြီး ထိုးသတ်ကြတယ်။ ခဏကလေး နေတော့ မြေပြင်ပေါ်မှာ ဓားကိုယ်စီနဲ့။ တချွင်ချွင် တချွမ်ချွမ်ခုတ်ကြတယ်။ ကျွန်တော့် ဒိုင်းကလွတ်ကျသွားကယ်။ လှစ်ကနဲ ဓားတစ်ချက် လည်ပင်းရေ့က ဖြတ်သွားတယ်။ ဇလပ်ဖြူရဲ့ ကိုယ်ရံတွေ အများကြီးရောက်လာတယ်။ ကျွန်တော့်ကို ဝိုင်းပတ်လိုက်ကြတယ်။ ကျွန်တော်ရှုံးပြီနဲ့တူတယ်။

"ဒိုင်း"

သေနတ်သံတစ်ချက်ကြားရတယ်။ကျွန်တော် ရောမခေတ်ထဲမှာ ရောက်နေတာလေ။ သေနတ်ကဘယ်လိုရတာလဲ ။အိပ်မက်ထဲမှာတောင် ကျွန်တော် အံ့ဩနေတယ်။ ကောင်းဘွိုင်တွေ ရောက်လာတာပါ။ ကောင်းဘွိုင်တွေထဲမှာ ဒီပပါတယ်။ ကျော်ကြီးပါတယ်။ စိုးစိုးပါတယ်။ ဇီဇဝါပါတယ်။ အိအိထွန်း ပါတယ်။ ဖူးဖူးပါတယ်။

ဇလပ်ဖြူရဲ့ ကိုယ်ရံတွေ အားလုံးပျောက်ကုန်တယ်။ ဇလပ်ဖြူက ဇလပ်ဖြူမဟုတ်တော့ဘဲ နှင်းဖြူပွင့် ဖြစ်လာတယ် ။ နှင်းဖြူပွင့်က ကျွန်တော့်ကို သိုင်းဖက်လိုက်တယ်။ ပြီးတော့ ကျွန်တော့်နောက်ကျောကို .. ဓားနဲ့ . . . တအား .... ထိုးစိုက်ချလိုက်တယ်။

* * *

အိပ်မက်အကြောင်း ဇီဇဝါ့ကို ပြောပြတော့ သူက ဒါဆိုရင် ဘာထိုးရင် ကောင်းမလဲလို့စဉ်းစားနေတယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com



**. ပ .**

တမြတ်တနိုး

စိုက်ယူပျိုးခဲ့

အလွယ်တကူ

ဆွတ်ချူးခိုးတယ် . . .

* * *










www.burmeseclassic.com

www.burmeseclassic.com



ကြာရင်ရှုပ်ကုန်တော့မယ်။ ဟုတ်တယ် ။ ရှင်းမှုကိုဖြစ်မယ် ။ ရှင်းကို ရှင်းရလိမ့်မယ်လို့ကျွန်တော် တွေးနေမိတယ်။ အိပ်မက်ဆိုတာကို အတိတ်နိမိတ်တွေ ကောက်ရကောက်အောင်အယူမသီးပေမဲ့လည်း ညက အိပ်မက်ကိုတော့ ထည့်တွက်မှုကိုဖြစ်မယ်။ အပြင်မှာ တကယ်တမ်းပြဿနာတွေတက်လာရင် ကျွန်တော်တော့ ဖြေရှင်းတတ်မှာကို မဟုတ်ဘူး ။

ကျွန်တော်ငွန်ဖြူပွင့်ကိုချစ်တာရယ် ငွန်ဖြူပွင့် ကျွန်တော့်ကိုပြန်ချစ်ပေးတာရယ်ကြားမှာ ဘာပြဿနာမှမရှိဘူး ။ ဇလပ်ဖြူရောက်လာမှ ဒါတွေအားလုံးတော။ ဇလပ်ဖြူ .. ဇလပ်ဖြူ .... ဘာရည်ရွယ်ချက်နဲ့များ ငါ့ကိုလက်စွပ်ပေးရတာလဲကွာ ။ အားလုံးက သူကျွန်တော့်ကို ကြိုက်လို့ပေးတာ ဆိုပြီး စွပ်စွဲကြပေမယ့် ကျွန်တော်တော့မယုံဘူး ။

သူတို့နှစ်ယောက်၊ ငွန်ဖြူပွင့်နဲ့ ဇလပ်ဖြူ ၊ သူတို့စတွေ့ကြတဲ့ နေ့တုန်းက တစ်ယောက်ကိုတစ်ယောက်ကြည့်တဲ့အကြည့်တွေ ...ကျွန်တော်မယုံဘူး ။ ပြီးတော့ ဇလပ်ဖြူ ပြုံးပြတဲ့အပြုံးကိုကျွန်တော် သိပ်မကြိုက်ဘူး ။

အခုကျွန်တော့်အချစ်လမ်းခရီးမှာ ဇလပ်ဖြူဝင်မပါရင် အားလုံးအဆင်ပြေနေမှာပဲ။ ဒါဆို ... ... ... ။

ကျွန်တော် ဇလပ်ဖြူနဲ့ ဆွေးနွေးကြည့်ရင်ကောင်းမလား...။ဟုတ်တယ်။ အဲဒါကောင်းတယ်။ ကျွန်တော် ဖုန်းဆက်လိုက်ပါတယ်။

" ဟဲလို ... ဇလပ်ဖြူလား ... "

" ဟုတ်ကဲ့ ... ပြောနေပါတယ် .. . . "

" ဇလပ်ဖြူ ကိုယ်ပါ အိန္ဒြေ ... "

" သြော် .... အိန္ဒြေပြော ...ဘာကိစ္စ.. "

" ကိုယ် .. ဇလပ်ဖြူနဲ့ ခဏတွေ့ချင်တယ် .. "





" သြော် ... ဒါများ အိန္ဒြေရယ် .. ပြော.. ဘယ်တော့လဲ .. ဘယ်မှာလဲ . . "

" အခုတွေ့ချင်တာ.. ဇလပ်ဖြူကဘယ်မှာလဲ .. "

" အခုအိမ်မှာ ..ဒါပေမဲ့ ... ဇလပ်ဖြူလာလို့မရဘူး .. "

" ဘာလို့လဲ ... မအားဘူးလား . . "

" အားတော့အားပါတယ် .. ဒါပေမဲ့အခု ကျွန်မမှာ ကားမရှိဘူးရှင့် ... ဖေဖေကလည်း ရုံးကပြန်မလာသေးဘူး "

" ကိုယ်လာခေါ်မယ်လေ ..တစ်ခုခုစားရင်းစကားပြောတာပေါ့ .. ဟို .. ဇလပ်ဖြူအိမ်က လာခေါ်လို့အဆင်ပြေရဲ့လား .. "

"ရပါတယ်.. မေမေ့ကို ပိုင်ပါတယ်..ဖေဖေရှိရင်သာ မလွယ်တာ"

"OK..ဒါဆို အခုလာပြီနော် .... "

"အင်းအင်း ဒါပဲလေ .. စောင့်နေလိုက်မယ်.. "

" နေဦး..ဇလပ်ဖြူအိမ်ကဘယ်မှာလဲ . . "

" မိုလ်အောင်ကျော်လမ်း ... ××× ...×××...×××... "

ကျွန်တော် လေကားထစ်တွေအတိုင်း ပြေးဆင်းလာခဲ့တယ်။ အိပ်ကပ်ထဲမှာ လက်စွပ် တစ်ကွင်းကိုထည့်ထားတယ်။ ဇလပ်ဖြူ ပို့ပေးလိုက်တဲ့ လက်စွပ်ပါ။ ကျွန်တော် သူ့ကို အဲဒီလက်စွပ် ပြန်ပေးလိုက်မယ်။ ဘာလို့ပေးတာလဲလို့မေးမယ်။ ဘာပဲဖြစ်ဖြစ် ဒါမျိုးတွေမလုပ်ပါနဲ့လို့ပြောချလိုက်မယ် ။

ကျွန်တော့်အချစ်ရေးမှာ ဆူးငြောင့်ခလုတ်တွေရှိနေတယ်ဆိုရင် ကျွန်တော်က အဲဒီဆူးတွေငြောင့်တွေ ခလုတ်တွေကို ရှင်းပစ်ရမှာပါ။ ဒါမှ ကျွန်တော့်ကို ရဲရင့်တဲ့ အချစ်သမားလို့ ခေါ်နိုင်မယ်။

အဲလိုတွေးလိုက်မိတော့ရင်ထဲမှာပေါ့ပါးသွားတယ်။ ကျွန်တော့်ကား

www.burmeseclassic.com

ဦးတည်ရာဟာ ဇလပ်ဖြူအိမ်ကို ... .... ။

* * *





*

ကျွန်တော့်ကားကို Parking နေရာမှာ ထိုးရပ်လိုက်တယ်။ ဇလပ်ဖြူရယ် ကျွန်တော်ရယ်ကန်ဘောင်ပေါ်ကို လမ်းလျှောက်ကြတယ်။ အေးအေးဆေးဆေးစကားပြောချင်လို့။ ဖြစ်ချင်တော့တစ်ခုံမှကိုမလွတ်ဘူး ။

ဆောင်းတွင်းညနေမို့ထင်ရဲ့ ။ ကန်ဘောင်က လူနည်းနည်းရှုပ်နေတယ်။ လေတိုက်နှုန်းကလုံးဝမရှိဘူး။ နုနုယဉ်ယဉ်လေးရယ်။ ရေကန်ကို ဖြတ်တိုက်လာတာမို့ လေကောင်းလေသန့်တွေရဲ့ဂုဏ်သတ္တိအတိုင်း ရနံ့ကင်းမဲ့လို့ ။

ကျွန်တော့်ဘေးက ဇလပ်ဖြူဟာ အေးဆေးပဲ ဘောင်းဘီအိတ်ကပ်မှာလက်မကိုချိတ်ပြီး လျှောက်လာတယ်။ သူမရဲ့အလှက ' မ ' ဓာတ်အပြည့်ရှိတယ်။ နှုတ်ခမ်းကို အနီရဲရဲ ဆိုးထားပါသေးတယ် ။ ကျွန်တော့်အတွေးထဲမှာ ဖြူ့ ပုံစံကို ဖြတ်ကနဲမြင်တယ်။ ဘယ်သူပိုလှသလဲလို့ စိတ်ထဲမှာနှိုင်းယှဉ်မိမလို ဖြစ်သွားတယ် ။ ကျွန်တော် ဖြူ့ကိုချစ်ပါတယ်(လို့ပဲလင်တယ်)။


www.burmeseclassic.com

www.burmeseclassic.com



" ဟာင် ! "

ကျွန်တော့် မျက်နှာချင်းဆိုင်တည့်တည့်မှာ ဒီဘက်ကိုလျှောက်လာနေတာ ကျွန်တော်ချစ်သောဖြူ...။ ဖြူဟာ ကောင်လေးတစ်ယောက်နဲ့ စကားတပြောပြောလျှောက်လာနေတယ်။မှန်ပါတယ်။ ခုတင်ပုံထဲကကောင်လေးနဲ့ပါပဲ။ ဖြူ့လက်ထဲမှာ အဖြူနဲ့အနက်ကြားထီးလေးတစ်ချောင်းနဲ့။ ဒီမြင်ကွင်းမျိုးကို ကျွန်တော် ဖြူ့ကိုဒုတိယအကြိမ်မြင်ဖူးတုန်းကတစ်ခါတွေ့ခဲ့ဖူးပါတယ်။ အခုကျတော့ အရှေ့တည့်တည့်ကြီးကကိုမြင်တာ။







အဲဒီတုန်းကဘယ်သူမှန်းမသိတဲ့ကောင်မလေး။အခုဖြူကကျွန်တော်ချစ်သော ကောင်မလေး။ သူ့ဘေးက ပိန်ရှည်ရှည်နဲ့ကောင်လေးကိုလည်း အပြင်မှာမြင်ဖူးတယ်။ ကျွန်တော်မှတ်မိသွားပြီ။ ဒဂုံတက္ကသိုလ်မှာ ကျွန်တော်ဖြူ့ကိုလိုက်နေတုန်းက ။

ဒီအချိန်မှာပဲ ဖြူကလည်း ကျွန်တော့်ကို (ကျွန်တော်တို့ကို )မြင်သွားတယ်။ အဖြစ်အပျက်ကမြန်ဆန်လွန်းလှတယ်။ ဇလပ်ဖြူဟာ ကျွန်တော်ဘယ်လိုမှ မထင်မှတ်ထားတဲ့ အကွက်တစ်ကွက်ကိုရွှေ့လိုက်ပါတယ်။ ပါးပါးလေးပါပဲ။ သူ့ ညာဘက်လက်နဲ့ ကျွန်တော့် ဘယ်ဘက်လက်မောင်းကိုကိုင်လိုက်ရုံကလေးပဲ။

ဖြူအံ့သြတကြီးစိုက်ကြည့်နေတယ်။ နှုတ်ခမ်းလေးဟသွားတာကိုတောင် မြင်လိုက်ရတယ်။ ကျွန်တော် ခြေစုံရပ်လိုက်တယ်။ လေးဦးစလုံး မျက်နှာချင်းဆိုင် ရပ် နေကြသဲ။ ဇလပ်ဖြူဟာ ကျွန်တော့်လက်မောင်းကို တွဲထားတဲ့ သူ့ရဲ့လက်ကို မဖြုတ်ဘူး ။

" ဖြူ "

ကျွန်တော် ဖြူ့ ကိုခေါ်လိုက်တာလား ။ ကျွန်တော့်ပါးစပ်က သူ့ဟာသူ ရေရွတ်တာလား။ ဖြူဟာ နောက်ကို ချာကနဲ လှည့်ပြီးထွက်သွားခဲ့တယ်။ ဟိုကောင်လေးကလည်း ဖြူ့ နောက်ကိုအပြေးတပိုင်း လိုက်သွားတယ်။

ကျွန်တော် ကြောင်ပြီးကျန်ခဲ့တယ်။ ဒေါသတကြီး အော်ဟစ် ပစ်လိုက်ရမှာလား။ မင်းဘာလုပ်တာလဲ ဇလပ်ဖြူ ။ အဲဒါ ငါ့ချစ်သူကွလို့လည်း အော်ပြီးမေးချင်တယ်။ ဒါပေမဲ့ကိုယ့်ကိုကိုယ်ပြန်ဖြေတဲ့အဖြေတစ်ခုက အဲဒါမင်းရဲ့ ချစ်သူဆိုရင် သူ့ဘေးကကောင်က ဘာလဲ ။

မင်းရဲ့ ချစ်သူရဲ့ရည်းစားလား . .. တဲ့ ။

ကျွန်တော့် လက်မောင်းကို ဇလပ်ဖြူကိုင်ထားဆဲ .. ..



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်လက်မောင်းကို ကိုင်ထားတဲ့သူ့လက်ကို ကျွန်တော်ကြည့်နေတော့မှ သူဖြုတ်ချလိုက်တယ်။

ကျွန်တော့်နှုတ်က ဘာမှ မထွက်လာတော့ဘူး။ လာလမ်းအတိုင်းပဲ ပြန်လျှောက်နေမိတော့တယ်ဖလပ်ဖြူလည်း ကျွန်တော့်ဘေးမှာပဲ ။ ဟတ်ကော့ဒ်ကြီးကွာ ...။

ကောင်းကင်မှာ ငွန်အဖြူတစ်ကောင်ရယ် ငွန်အပြာလေးကို ဖြတ်ပစ်တယ် ... ။

* * *





အချစ်ဟာ
မကောင်းဆိုးဝါးသာ
မကောင်းဆိုးဝါးဆိုတာ
ကံနိမ့်မှတွေ့ရတာတဲ့ . . .

ပိတောက် ၊ သေး - ၂ ၊

* * *



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ နင်ကဘာလုပ်မှာလဲ ... "

ဇီဇဝါရဲ့ မေးခွန်းကို ကျွန်တော်မေးခွန်းနဲ့ပဲတုံ့ပြန်လိုက်တယ် ။

"ငါ ဘာလုပ်ရမလဲ..ငါ့နေရာမှာနင်ဆိုရင်ကောနင်ဘာလုပ်မလဲ.."

"ဘာလုပ်ရမလဲတော့ ငါလည်းမသိဘူး အိမ်မြေ .. ဘာမလုပ်ရဘူးလဲ ဆိုတာကိုတော့ ငါသိတယ်.. ငါသာဆိုရင်တော့နင့်လိုစိတ်တွေလေပြီး ကိုယ့်ကို ကိုယ်ဒုက္ခမပေးဘူး"

"ငါ့ကိုယ်ငါ ဘာများ ဒုက္ခပေးနေလို့လဲကွာ .."

"နင် အလုပ်လည်းမလုပ်ဘူး .. စားလည်းမစားဘူး .. အိပ်လည်း မအိပ်ဘူး ..ဒီလောက်ထိခံနိုင်နေသေးတာပဲအံ့ရော .. နင့်မှာရှိတဲ့ရောဂါနဲ့ နင်ပေပေ နေတာနဲ့အခုလောက်ဆို ဆေးရုံရောက်ဖို့ကောင်းပြီ"

" နင်ကလည်းဟာ ... "







www.burmeseclassic.com



သူပြောတာလည်း မှန်ပါတယ်။ ကျွန်တော့်မှာ မူးမူးနေတတ်တာကြာပြီ။ သူ့ကိုပြန်ပြောရရင်လည်း အလုပ်ကမလုပ်ချင်လို့၊ အစာက စားမဝင်လို့၊ အိပ်တာကလည်း အိပ်မပျော်လို့ ဆိုတာမျိုးပဲပြောဖို့ရှိတော့တယ်။

"ငါဖုန်းဆက်ချင်တယ်ကွာ "

ဓိဇဝါက ခပ်ပြတ်ပြတ်ပဲ ပြန်ပြောတယ်။

"ဆက်ပေါ့ .. "

"ဒါပေမဲ့ မဆက်ချင်ဘူး .. "

"ဒါဆိုလည်း မဆက်နဲ့ပေါ့ "

"နင်ကလည်းဟာ.."

ကျွန်တော် ဖုန်းသိပ်ဆက်ချင်တယ်။ ကျွန်တော်လွမ်းနေတာ ။ ကျွန်တော် နှင်းဖြူပွင့်ကိုလွမ်းတယ်...ဗျ။ ဒီအခြေအနေကြီးထဲမှာ ပိတ်လှောင်ခံနေရတာ မွန်းကြပ်လှန်းနေပြီ ။

ဒီပေမဲ့ ကျွန်တော်ကစပြီး မဆက်သွယ်ချင်ပြန်ဘူး။

ဟုတ်တယ်လေ .. ။ ကျွန်တော်နဲ့ ကြိုက်နေရဲ့သားနဲ့ ဟိုကောင်နဲ့တွဲလာတာ။ မျက်စိနဲ့တပ်အပ်။မျက်နှာချင်းဆိုင်ကြီး။ ဒွဲကြီးတိုးတာ။ သူ့မှာ အပြစ်ရှိတယ်။ တကယ်လို့သူသာ innocent ဆိုရင် ၊ သူ့မှာ သာအပြစ်ကင်းတယ်ဆိုရင် ကျွန်တော့်ကိုပြောပြီးမှသွားပေါ့။ ဒီလူနဲ့ ဒီလိုတွေ့ဖို့ ရှိတယ်ဆိုတာ ကျွန်တော့်ကို အသိပေးရမှာပေါ့။ အခုတော့သူမရိုးသားလို့သာ ကျွန်တော်မသိဘဲ ကျွန်တော့်နောက်ကွယ်မှာ..တိတ်တဆိတ်..(အား... အဲဒီစကားလုံး ကျွန်တော် မသုံးလိုဘူး ) ...... ဖောက် ... ပြား...တာ...။

"သူငါ့ကို ဖုန်းဆက်သင့်တယ်..သူ..ရှင်းပြသင့်တယ် .. ဓိဇဝါ"

"သူကလည်းဘယ်ဆက်မလဲဟဲ့ .. သူကလည်း နင်နဲ့ ဇလပ်ဖြူနဲ့





အဲဒီကန်ဘောင်မှာလာချိန်းတွေ့တယ်လို့ပဲထင်မှာပေါ့ "

" .... .... "

"နင်ပြောတော့ ဇလပ်ဖြူက နင့်လက်မောင်းကိုတောင် တွဲထားသေးတာဆို "

"ဟုတ်တယ် အဲဒါကို ဖြူ..သေသေချာချာကြီးမြင်သွားတာ .. တောက်... ဇလပ်ဖြူကွာ .. လုပ်ရက်တယ်.. "

"နင်ငါ့ကိုဇလပ်ဖြူဆီသွားပြီးတစ်ခုခုသွားလုပ်စေချင်သလားအိန္ဒြေ "

"နေပါစေဟာ... ထားလိုက်ပါတော့ .. ငါဘယ်လောက်တင်းနေတယ်ဆိုတာ..သူသိပါတယ်... "

လောကကြီးတစ်ခုလုံး ဘာမှမရှိဘူး .. ဘာအဓိပ္ပာယ်မှကိုမရှိဘူးလို့ ကျွန်တော်အခါခါ အသံတိတ်အော်နေမိပါတယ် ။ ရည်းစားထားခြင်းရဲ့ ပုံစံသတ္တိအလုံးစုံကို နှင်းဖြူပွင့်နဲ့ကျမှကျွန်တော်ရတယ် ။ စတွေ့တဲ့နေ့ကစပြီး ရင်ခုန် ၊ လိုက်မော ၊ ထိတ်လန့် ၊ အံ့ဩ ၊ ပူလောင်၊ ယစ်မူး ၊ ကြေကွဲ ၊ ကြည်နူး ၊ထူးတွေ ၊ ဆန်းကြယ် ၊ ရင်ကွဲ ၊ ပက်လက်။

ဒါဟာ ဇာတ်သိမ်း တစ်ခုမဟုတ်သေးဘူး ဆိုတာကို စိတ်ထဲကအလိုလိုသိနေပေမဲ့ ဘာတွေဖြစ်လာမလဲဆိုတာကိုလည်း မတွေးတတ်တော့ဘူး ။

"ငါပြန်တော့မယ် ဓိဇဝါ .. "

"ဘယ်ကိုပြန်မှာလဲ .. "

"မပြောတတ်ဘူး..စရီယာရင်နဲ့ကားဦးတည့်ရာပေါ့ .. "

"ငါနင့်ကို တစ်ယောက်တည်း ပေးမပြန်နိုင်ဘူး အိန္ဒြေ ... ငါပါလိုက်ခဲ့မယ် .. "

" ဟင်..နင့်အလုပ်တွေကကော.."



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်··အလျှင်လိုနေတာဘာမှမရှိဘူး··ခဏလေးစောင့်·· ငါ ·· ဒါတွေသိမ်းလိုက်ဦးမယ် . . . "

ဇီဇဝါဟာ သူ့ရဲ့အလုပ်စားပွဲလေးကို စနစ်တကျသိမ်းဆည်းနေပါတယ်။ အရင်တုန်းကသူ့ရုံး(တနည်း) သူ့ဆိုင်မှာပဲ ဒီဇိုင်းဆွဲလေ့ရှိပေမဲ့ အခုနောက်ပိုင်းတော့ သူ့အိမ်မှာပဲ အလုပ်တွေကိုယူလုပ်တယ်။ ခဏအကြာမှာတော့ ပြည်လမ်းမကြီးပေါ်မှာ ပြေးနေတဲ့ ကျွန်တော့်ရဲ့ ၁၉၉၀မော်ဒယ်လ် ဆူပါဆလွန်းဖွတ်ချက်ဖွတ်ချက်လေးကို မြင်ကြရမှာ ဖြစ်ပါတယ်။







ကျွန်တော်အင်းလျားလမ်းပေါ်ကွေ့တက်လိုက်တယ်။ စိမ်းလန်းစိုပြေထဲကိုထပ်ကွေ့လိုက်တယ်။ ကားရပ်စရာနေရာမရှိဘူး။ ရပ်ထားတဲ့ကားတစ်စီးကိုပိတ်ရပ်ပစ်လိုက်တယ်။ ကျွန်တော့်အဖြစ်က ပိုင်ရှင်ရှိတဲ့ကား Parking ကိုပိတ်ရပ်မိသလိုပဲ။ ပိုင်ရှင်ရှိပြီးသား မိန်းကလေးကို ချစ်သူတော်ခဲ့မိတယ်.

ပန်းခြံထဲက အဆိုတော်တစ်ဦးက အဲလက်(စ်)ရဲ့ သီချင်းတစ်ပုဒ်ကို သီဆိုနေလေရဲ့ ။

××× ရည်းစားရှိရက်နဲ့ နင်ငါ့ဆီလာတယ် ×××

×× ချစ်တဲ့ စကားတစ်ခွန်းတော့ နင်ရအောင်ယူတယ် ××

× ရည်းစားရှိရက်နဲ့ နင်ငါ့ကို အဖြေပေးခဲ့တယ် ×

× × × ×

စိတ်အချဉ်ပေါက်လို့ ပန်းခြံကိုလာပါတယ် ။ နောက်ခံတီးလုံးက " ငါမင်းကိုသတ်ချင်တယ် " ဆိုတဲ့ သီချင်းဖြစ်နေတယ် ။

"နင် အရမ်းလေနေလား " လို့ ဇီဇဝါမေးတယ် ။

"ဒီလိုပါပဲဟာ . .. "

"ငါတော့ အရမ်းလေနေတယ်ဟာ " ရုတ်တရက်ကြီး ··

"ဟင် ·· နင်က ဘာဖြစ်လို့လဲ ·· "

" နင်နဲ့ ငါနဲ့ ဟို ···· ကိုအောင်ဖြိုးဝင်းကို သွားကြပ်ကြတာ မှတ်မိတယ်မလား ··· ငါတော့ အဲဒီအတိုင်းဖြစ်နေပြီဟာ ··· အမေကငါ့ကို သူ့ဆရာရဲ့သားနဲ့တဲ့ ·· ပေးစားမလို့တဲ့ . . . "

"တကယ်ကြီး ၊ နင့်အမေက ၊ ဘာဖြစ်လို့လဲ ·· နင်အိမ်မကပ်ဘဲ လျှောက်လျှောက်ဒိုးနေလို့ ကြည့်မရလို့လားမှမသိတာ . . "

"မပြောတတ်ဘူးဟာ···အဲဒါ··သိပ်မကြာခင်မှာ အိမ်ကို ပြန်ဖို့ရာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့လာစေ့စပ်ကြတော့မယ်တဲ့ ‥ ငါကလည်းဟာရည်းစားတွေဘာတွေလည်းမထားမိတာ မှားတာပဲ…ကိုအောင်ဖြိုးဝင်းကို သွားအကူအညီတောင်းလို့လည်း မဖြစ်ဘူးဟ ‥ဒီတစ်ခါတစ်ညနေလေးမဟုတ်ဘူး‥တစ်သက်လုံး…''

''ဒီလိုလုပ်လေ‥နင့်ကို ငါနိုးပြေးမယ် … ''

''နင်ကလည်းဟာ ‥အရေးထဲ‥မနောက်စမ်းပါနဲ့ ‥ ''

ကျွန်တော်ရယ်နေလိုက်တယ် …သူကပဲဆက်ပြီး

'' နင်တို့ကောင်တွေကလည်းတစ်ကောင်မှအားမကိုးရဘူး ‥ အကြံဉာဏ်လေးဘာလေးများရမလားလို့မေးမိတယ်‥ရယ်နေကြတာပဲ‥ဟို ကောင်တွေလည်း အဲဒီအတိုင်းပဲ ‥ ''

''ဟ ‥နင်က …. ရယ်ရတာကိုးဟ … ဟို နင် firsrt Year တုန်းကတွဲတဲ့ကောင်လေ အဲဒီကောင်အခုဘယ်မှာလဲ … ''

''လာနောက်မနေနဲ့ ‥ အဲဒီကောင်ကလည်း ငါနဲ့ပြတ်ပြီးကတည်းကမိန်းမရလို့အခုကလေးတောင်ရနေပြီ … ''

''ကျွတ်… ကျွတ် … ကျွတ်…''

''မနောက်နဲ့ဆိုကွာ … ''

ဇီဇဝါတကယ်ကောက်သွားတယ်။ ကျွန်တော်ပြန်ချော့ရပါတယ်။

''ကဲကဲ ‥ငါ တကယ်အကြံပေးမယ် ‥ ''

''ပြော ‥ ''

''နင့်အမေက အဲဒီလောက်မပိန်းပါဘူးဟာ ‥ နင်နဲ့တကယ်သင့်တော်လို့ စီစဉ်တာဖြစ်ပါလိမ့်မယ်‥မိဘစကား နားထောင်တဲ့ သားသမီးက ဘယ်တော့မှမဆင်းရဲဘူးတဲ့‥နင်စိတ်ကူးမလွဲနဲ့ ဇီဇဝါ… ''

'' နင်အတည်ပြောနေတာလား …ကြပ်နေတာလား …''





'' အတည်ပြောနေတာပေါ့ဟ ‥ ပြီးတော့ အရွမ်းစားကြီးဆိုရင်လည်း နင့်အမေက ပေးစားမှာ မဟုတ်ပါဘူး … ''

'' အေးဟာ‥ငါလည်း နင်တို့တွေနဲ့ပဲပေါင်းတာဆိုတော့ ‥ နင်တို့နဲ့ပဲတိုင်ပင်ရတာပေါ့‥အဲဒီထဲကမှ နင်နဲ့ငါကအတွဲဆုံး‥နင်က ငါ့အ ကြောင်းအသိဆုံး‥နင်က GOOD တယ်လို့ထင်ရင် ငါမလုပ်ရဲစရာမရှိပါဘူး‥ ''

''ဟဲ့ဒီမှာ ‥ အဖေအမေစီစဉ်တာနာခံလိုက် ‥ ဘယ်လောက်သက်သာလဲ‥ငါ့မှာတော့ကြည့်စမ်းပါဦး‥ရည်းစားလေးထားမိပါတယ်‥ဟူး… ''

ကြာရင်ဆံပင်ဖြူတော့မယ် ။ ရယ်ရယ်မောမောပြောနေပေမဲ့ ရင်ထဲမှာ သိပ်မကောင်းဘူး။ ဖုန်းဆက်ချင်တဲ့စိတ်ကို အတင်းအောင့်ထားရတာ။ ပြီးတော့ လွမ်းတယ်။ ဇီဇဝါက စေ့စပ်တာတွေဘာတွေ လာပြောနေလို့ … ပိုလွမ်းတယ် ။

××ငါမင်းကို သတ်ချင်တယ် ×××

သတ်ချင်တယ် ××

စပီကာကြီးက ကိုအဲလက်စ် သီချင်းကို အော်နေဆဲ …. …..

ကျွန်တော် မြက်ခင်းပေါ်ကို ခြေပစ်လက်ပစ် ထိုင်ချလိုက်တယ် ။ ဇီဇဝါလည်း လိုက်ထိုင်တယ်။ ကျွန်တော် ကိုယ့်အဖြစ်ကို ကိုယ်နည်းနည်းတော့ ပြုံးချင်သွားတယ်။ဇာတ်လိုက်မင်းသားတွေ ရုပ်ရှင်ထဲမှာ အလွမ်းခန်းရိုက်တဲ့အခါ ပန်းခြံထဲမှာတစ်ယောက်တည်း။ ကျွန်တော် လွမ်းတဲ့အခါကျတော့ဘေးမှာ မိန်းကလေးတစ်ယောက်နဲ့။ ဘယ်သူကသနားပါ့မလဲနော့။ ဒါပေမဲ့တစ်ယောက်တည်းပဲဖြစ်ဖြစ်။ နှစ်ယောက်ပဲဖြစ်ဖြစ်။ တစ်ဒါဇင်ပဲဖြစ်ဖြစ်လွမ်းတာကလွမ်းတာပါပဲဗျာ။

အထီးကျန်တယ်ဆိုတာ တစ်ခုထီးတည်းကျန်ခဲ့တာလို့ အဓိပ္ပာယ်ရပေမဲ့လည်း တကယ်တမ်းခံစားနေရပြီဆိုတဲ့အချိန်ကျတော့ ပတ်ဝန်းကျင်မှာ ဘယ်



www.burmeseclassic.com

www.burmeseclassic.com




သူပဲရှိရှိဘာပဲရှိရှိအထီးကျန်တာပါပဲ။ ဘာခံစားချက်မှ နှလုံးသားထဲကို မကူး စက်နိုင်တော့ဘူး။ ရင်ထဲမှာအလွမ်းမီးတောက်တစ်ခုပဲလောင်မြိုက်နေတော့တယ်။

မွမ်းကြပ်နေလိုက်ပုံများ ။ ဒိုင်းနမိုက်တစ်လုံးကို မြိုချထားရသလို ။ အဲဒီဒိုင်းနမိုက်ရဲ့ စနက်တံကို မီးရှို့သူကတော့ ·····။

* * *







**.W.**

အဲဒီဒိုင်းနမိုက်ရဲ့ ပထမဆုံးစနက်တံကို မီးရှို့သူကတော့ · · ·

"ကျွန်တော့်နာမည် ကိုကိုဇော်ပါ · · "

ကိုကိုဇော်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ကျွန်တော်တို့အားလုံးရဲ့ရှေ့မှာ မျက်နှာသေလေးနဲ့ သူ့နာမည်ကိုဖွင့်ဟတယ် ။ ကျွန်တော်တို့အားလုံး တစ်ယောက့်မျက်နှာတစ်ယောက်ကြည့်လိုက်ကြတယ်။ ဒီနေ့တကယ့်ကို လူစုံတက်စုံ။ စုံဆို ကျွန်တော်အားလုံးတစ်ယောက်မကျန် ဖုန်းဆက်ခေါ်ထားတာပါ။

"ပြောပါဦး · · ကျွန်တော့်ကိုဘာလို့တွေ့ချင်ရတာလဲ · · "


သူဟာ ကျွန်တော့်ကို ဒီနေ့မနက်အစောကြီး ဖုန်းဆက်ခဲ့တယ်။ သူဟာ ခွန်ဖြူပွင့်နဲ့ ဟိုတစ်နေ့က ကန်ဘောင်ကိုပါလာတဲ့သူ ဖြစ်ပါသတဲ့။ ခွန်ဖြူပွင့်ကိစ္စနဲ့ပတ်သတ်ပြီး ကျွန်တော်နဲ့ စာရင်းရှင်းချင်လို့ပါတဲ့ ။



www.burmeseclassic.com

www.burmeseclassic.com






"ကျွန်တော် ခင်ဗျားကို အဲဒီကိစ္စ ရှင်းပြမှာဖြစ်မယ် .. " လို့ သူဖြေတယ်။ စာရင်းရှင်းချင်လို့။ ဟုတ်တာပေါ့။ ကျွန်တော်လည်းစာရင်းရှင်းချင်နေတာပဲ။ ဖြူက မဆက်ပဲဒီလူဆက်လာတယ်ဆိုကတည်းက ဖြူကရှင်းပြနိုင်းလို့များလားမသိဘူးလို့ ကျွန်တော်တွေးတယ်။ ရုပ်ပြကာတွန်းတွေထဲကအတိုင်း " ကျွန်တော်နဲ့ဖွန်ဖြူပွင့်က အရင်တုန်းကချစ်သူတွေပါ .. အခုတော့ပြီးခဲ့ပါပြီ .. အဲဒါကို ခင်ဗျားကအထင်လွဲနေတော့ ခင်ဗျားချစ်သူ ဖွန်ဖြူပွင့်က ရှင်းပြခိုင်းလို့ ကျွန်တော်ကြားကဝင်ရှင်းပေးတာပါ .. ခင်ဗျားက ဖုန်းလည်း မဆက် လူလည်း လာမတွေ့တော့ သူ့ခမျာ ခင်ဗျား ဖုန်းချပစ်မှာ ဒါမှမဟုတ် အော်ငေါက်လွှတ်မှာ အရမ်းကြောက်နေတာ "အဲဒါမျိုးတွေဖြစ်မှာပေါ့ဗျာ ။

ကျွန်တော်သူ့ကို ကန်တော်ကြီးထဲက Fuji ကော်ဖီဆိုင်ကို ချိန်းလိုက်တယ်။ သူကတော့ ကျွန်တော် တစ်ဖွေတည်းလာမယ်လို့ တွက်ထားပုံပဲ ။ ကျွန်တော်တို့





သွေးသောက်ရဲဘော်(၇)ယောက်ကိုတွေ့လိုက်ရတော့ နည်းနည်း ဖြုံသွားတယ်။

သူစကားကို ဆက်တယ်။

"ကျွန်တော် ခင်ဗျားကို အဲဒီကိစ္စရှင်းပြမှဖြစ်မယ် .. ကျွန်တော်နဲ့ ဖြူနဲ့ကဆယ်တန်းကတည်းက ကျူရှင်တူတူ ဂိုက်တူတူ တက်ခဲ့ကြတာပါ .. သူငယ်ချင်းတွေပေါ့ "

ဩော် သူတို့က သူငယ်ချင်းတွေလား။ ကျွန်တော်က ရည်းစားဟောင်းတွေမှတ်လို့။ သူဆက်ပြောတယ်။

" ဆယ်တန်းအောင်စာရင်းထွက်တဲ့နေ့မှာပဲ ကျွန်တော်တို့နှစ်ယောက်ချစ်သူတွေဖြစ်ခဲ့ကြတယ် .. အခုဆိုရင် သုံးနှစ်လောက်ရှိပါပြီ ဗျာ . . . "

" ဟင် .. " ( ကျော်ကြီး )

" ဟင် .. " ( ဇီဇဝါ )

" ဟင် .. " ( စိုးစိုး )

" ဟင် .. " ( ပင့်ကူ )

" ဟင် .. " ( အိအိထွန်း )

" ဟင် .. " ( ဒီပ )

" . . . . . . " ကျွန်တော်ဆို အသံတောင် မထွက်နိုင်တော့ဘူး။ အဲဒီကိုကိုဇော်ဆိုတဲ့ ပိန်ရှည်ရှည်လူကိုပဲ ငေးကြောင်ကြည့်နေမိတယ် ။

" ကြိုက်ကြတဲ့ (၃)နှစ်အတွင်းမှာတော့ ရည်းစားသဘာဝ အစာမကြေ စိတ်ကောက်ကြတာတော့ ရှိတာပေါ့ဗျာ .. အဲ.. နောက်ဆုံးတစ်ခေါက် ဖြူစိတ်ဆိုးပြီးပြတ်သွားတဲ့အခါကျွန်တော်လည်းစိတ်ညစ်ညစ်နဲ့ မော်လမြိုင်ကိုပြန် သွားတယ် .. စာမေးပွဲလည်းမဖြေလိုက်ရဘူး .. အဲဒီအချိန်အတွင်းမှာပဲ ဖြူဟာ အခြားသူတစ်ယောက်နဲ့ တွဲနေတယ်ဆိုတဲ့သတင်းကိုကြားရတယ် .. ကျွန်တော်ဗျာ

www.burmeseclassic.com



ကမ္ဘာပျက်မတတ် ခံစားရပါတယ်·· အဲဒီစိတ်နဲ့ပဲ ဆပ်ပလီလည်း မဖြေလိုက်ရပြန်ဘူး · · · ” ကျွန်တော် ညစ်နေတဲ့ကြားက ဒီလူ့ကို စိတ်ပါကုန်သွားတယ်။ ဘာလဲဗျာ။ ကျွန်တော်တို့ကသူ့ရည်းစားကွဲတာကို သနားရမှာလား ။ စာမေးပွဲကျတာကို သနားရမှာလား။

သူအခုပြောနေတဲ့ အကြောင်းက သူတို့က ရည်းစားဟောင်းတွေ။ ပြတ်သွားပြီ။ အဲဒီမှာကျွန်တော်နဲ့ ညပ်သွားတယ်။ အဲဒီတော့ သူခံစားရတယ်။ ဒါပဲ ။ အဲလိုပဲ ကျွန်တော် နားလည်လိုက်တယ်။

“ဒါပေမဲ့ ကျွန်တော်ရန်ကုန်ပြန်ရောက်တော့ ဖြူက သူ့အမှားကို သူဝန်ခံတယ် ··· ··· သူမှားတယ်တဲ့·· ကျွန်တော်နဲ့ပြတ်နေတဲ့အချိန်မှာ သူစိတ်ကစားမိတာပါတဲ့ ··· ခင်ဗျားကလည်း သိပ်ကိုစကျွမ်းကြီးတဲ့ ·· ”

“အင် ” ကျွန်တော့်ကိုတောင် ဖဲ့လိုက်သေးတယ် ။

“ဘာပဲဖြစ်ဖြစ်ဗျာ ·· ကျွန်တော် သိပ်··ပြီး ချစ်ရတဲ့ ချစ်သူလေးပဲဥစ္စာ ·· ကျွန်တော်ခွင့်လွှတ်တာပေါ့ ·· အဲဒီတော့ ကျွန်တော်တို့ အခုပြန်အိုကေသွားပြီ ·· ပြန်ချစ်သွားကြပြီ။ ဒါကို ‘ ကိုအိမ်ချွေ ’ အနေနဲ့ဝင်ပြီး မနှောက်ယှက်ဖို့ ကျွန်တော်အနူးအညွှတ် တောင်းပန်ပါတယ်·· ဟို ·· ကျွန်တော်စကားမှားသွားရင် ခွင့်လွှတ်ပါ ···ဒါပေမဲ့ ကျွန်တော်နဲ့ ဖြူနဲ့ကအခု အရမ်းကိုနားလည်မှုရနေပါပြီ ·· ခင်ဗျားကိုယ်ချင်းစာတတ်မှာပါ ·· ”

“ ... . . . ” ( ကျော်ကြီး )

“ ... . . . ” ( ဇီဇဝါ )

“ ... . . . ” ( စိုးစိုး )

“ ... . . . ” ( ပင့်ကူ )

“ ... . . . ” ( အိအိထွန်း )





“ ... . . . ” ( ဒီပ )

“ဟူး” ကျွန်တော်သက်ပြင်းကြီးသာချမိတယ် ။

“ကဲ··ဒါပါပဲဗျာ ·· အချိန်ပေးတာကိုရော ·· နားထောင်ပေးတာကိုရော ·· နားလည်မှုရှိတဲ့အတွက်ပါ ကိုအိမ်ချွေ့ကို ကျေးဇူးတင်ပါတယ်·· အားလုံးပဲ သွားပါဦးမယ် ·· ” ကိုကိုဇော်က ပြောပြောဆိုဆိုနဲ့ထပြီး ကျွန်တော့်ကို နှုတ်ဆက်ဖို့ လက်ကမ်းပေးတယ်။ ရိုင်းတယ်ပဲဆိုချင်ဆို ကျွန်တော် ပြန်နှုတ်မဆက်မိဘူး။ ကျောက်ရုပ်ကြီးလိုဖြစ်နေတယ်။ ကိုကိုဇော်ဟာ သူ့လက်သူပြန်ရုပ်ပြီးတော့ အားလုံးကို ခေါင်းတစ်ချက်ညိတ်ပြပြီး လှည့်ထွက်သွားပါတော့တယ်။

ကျွန်တော် “ ဟာ ” ပြီးကျန်ခဲ့တယ်။ အားလုံးရှေ့မှာဗျာ · · ·။

ရုပ်ရှင်ထဲမှာသာဆို စလိုးမိုးရှင်းနဲ့ မျက်ရည်တစ်ပေါက်တည်း ကျလာရမဲ့ ဇာတ်ကွက်မျိုး။ ဒါပေမဲ့ ကျွန်တော်မငိုဘူး ။ ကျွန်တော်မငိုတော့ဘူး ။ မငိုတတ်တော့တာကြာပြီ။ ငိုခြင်းကို မေ့နေခဲ့တာကျွန်တော့် ဖေဖေ ဆုံးပါးပြီးကတည်းကပါ။ အခု ··· ပြန်သတိရလာတယ်။ ငိုခြင်းဆိုတာကိုလေ ··။

ဒါပေမဲ့ လုံးဝ မျက်ရည်မကျပါဘူး ။

လုံးဝ ···· ····

···· ···· မျက်ရည်မကျပါဘူး ။

* * *



www.burmeseclassic.com

www.burmeseclassic.com



ငါချူးမည့်ပန်းတွေ သူများဦးသွားလို့များ
ငါငိုနေလိမ့်မယ်လို့ မင်းထင်နေသလား
ငါ မငိုပါ . . .
ငါ ဘယ်တော့မှ ငိုလိမ့်မည် မဟုတ်ပါ . . .

မောင်ပန်းမွှေး

* * *







အဝါရောင် နှင်းဆီပန်းစည်း တစ်စည်းကို ပိုက်ပြီး ဇလပ်ဖြူ ရောက်လာတယ်။

" အိမ်ထဲဝင်ပါ ဇလပ်ဖြူ . . . "

" ဇလပ်ဖြူ တောင်းပန်မလို့ . . . . . "

" အင်း .. ဝင်ပါ . . . "

ကျွန်တော့်လက်ထဲရောက်လာတဲ့ ပန်းစည်းမှာ Post Card လေးတစ်ခုပါပါတယ်။ Card မှာရုပ်ပုံတွေမပါဘူး ။ စာလုံးနဲ့ပဲ ဒီဇိုင်းဖော်ထားတာ ။

I'm SORRY .

" ဇလပ်ဖြူ တောင်းပန်ပါတယ် အိန္ဒြေရယ် ... ဇလပ်ဖြူအဲလို မရည်ရွယ်ပါဘူး . . . ဘာလို့ လုပ်လိုက်မိတယ်ဆိုတာ ကျွန်မမသိတော့ဘူး . . . . "



www.burmeseclassic.com

www.burmeseclassic.com









" ရပါတယ် ...ဇလပ်ဖြူ ... ထားလိုက်ပါတော့ .. ပြီးတော့ အဲဒီအဖြစ်အပျက်ကိုလည်းမေ့ပစ်လိုက်ပါတော့ .... ပြောရမယ်ဆိုရင် .. ကျွန်တော်နဲ့ဖြူ့ဇာတ်လမ်းကလည်းပြီးသွားပါပြီ .. "

" ပြီးသွားပြီ ...?? "

" ဟုတ်တယ် .. ဟိုတစ်နေ့က ကျွန်တော့်ဆီကို ကိုကိုဇော်ဆိုတဲ့လူလာသွားတယ် ..သူက ဖြူ့ရဲ့ရည်းစားတဲ့ အခုလည်း ပြန်ကြိုက်နေပြီတဲ့ .. သူတို့ချစ်ခြင်းကိုမခွဲပါနဲ့တဲ့ .. ကီစ္စပြတ်ကရောပဲ .. "

"ရှင်သိပ် ကြေကွဲနေသလား ... အိန္ဒြေ"

ကြေကွဲနေသလား ...ကြေကွဲနေသလား ... ကျွန်တော် ဖွဖွလေး ရေရွတ်တယ် ...ဒါဟာ ကိုယ့်ကိုယ်ကိုယ်တိုင်ပြန်မေးနေတာပါ

"မသိတော့ဘူးကွာ ...ရင်ထဲမှာတော့ ချာလပတ်ရမ်းနေတာပဲ..."

"ဒီမှာ အိန္ဒြေ ... မခံစားရဘူး မခံစားပါနဲ့လို့တော့ ကျွန်မ ... (ခေါင်းတစ်ချက် ဝင့်လိုက်ပြီးမှ) ဇလပ်ဖြူ မပြောချင်ဘူး .. ဒါပေမဲ့ ကိုယ်ချစ်ထက် သူချစ်ကိုရှာရတယ်ဆိုတဲ့စကား ဇလပ်ဖြူ ကြားဖူးတယ် .. ရှင့်ကိုသူမချစ်ဘူးဆိုရင်သူ့ထက်သာတဲ့...ရှင့်ကိုလည်းချစ်တဲ့ မိန်းမတစ်ယောက်ကိုရှင်အစားထိုးသင့်တယ် ...."

ဘာ ...ဘာရယ် ... အစားထိုးရမယ်။ ဟင့်အင်း ။ အဲဒါကို ကျွန်တော်မစဉ်းစားမိဘူး။ အစားလည်းမထိုးနိုင်ဘူး။ ဖြူကာ ဖြူပဲ ။ ဘယ်သူတစ်ယောက်ကမှ ဖြူအစစ်ဖြစ်မလာနိုင်ဘူး။ ကျွန်တော်နောက်တစ်ယောက်ကို ချစ်ခဲ့တယ်ဆိုရင်တောင်မှအဲဒါဟာအစားထိုးဖို့ချစ်တာမဟုတ်နိုင်ဘူး။

သူမဆက်ပြောတယ်။

" ဘာပဲဖြစ်ဖြစ် .. ဇလပ်ဖြူကြောင့်ဖြစ်တာမျိုးဆိုရင် တကယ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းဘူး ... အခြွေ .... "

" ဇလပ်ဖြူနဲ့ မဆိုင်ပါဘူး ... သူနဲ့ ကိုကိုဇော်ကိစ္စပဲ ...ဒါပေမဲ့ ဖြူကလည်း..ကျွန်တော်နဲ့ ဇလပ်ဖြူကို အထင်လွဲနေမှာ အသေအချာပဲ..."

" ကျွန်မ ဖုန်းဆက်ပြီး ရှင်းပေးရမလား .. "

" နေပါစေ .. ပို့ရှုပ်ကုန်လိမ့်မယ် .. ကျွန်တော်ပဲ ဆက်လိုက်မယ် .. အမှန်တော့ မဆက်ချင်ဘူးကွာ .. ဒါပေမဲ့လည်း .. ကျွန်တော့်ဘက်ကတော့ မဖောက်ပြန်ခဲ့ဘူးဆိုတာကိုတော့ သူသိသွားစေချင်တယ် .. "

ဇလပ်ဖြူတစ်ချက်မဲ့လိုက်တယ် ။ ပြီးတော့မှ

" ဇလပ်ဖြူစဉ်းစားမိတာတစ်ခုရှိတယ်..အဲဒီကိုကိုဇော်ဆိုတဲ့လူ ပြောသွားတဲ့စကားတွေဟာ တကယ်အမှန်ပါလို့ ရှင်တို့ဘာကိုကြည့်ပြီးယုံတာလဲ.. ကိုကိုဇော်လိမ်ပြောသွားတာရော မဖြစ်နိုင်ဘူးလား..ဇလပ်ဖြူသိသလောက်က"

စကားကိုဖြတ်ပစ်တယ်။ သူသိသလောက်က ... သူက သိနေတာလား ...သူက ကိုကိုဇော်တို့ ဇွန်ဖြူပွင့်တို့ကိုသိနေတာလား ...ကျွန်တော် ခေါင်းရှုပ်လာပြီ။ ပြီးတော့ သူပြောတာလည်းဖြစ်နိုင်တယ်။ ကိုကိုဇော် လိမ်သွားတာလည်း ဖြစ်နိုင်တယ်။

ဇလပ်ဖြူက ပြန်တော့မယ်လို့ နှုတ်ဆက်တယ်။ ကျွန်တော်တံခါးလိုက်ဖွင့်ပေးတယ်။

" နေကောင်းအောင်လည်း နေဦး ... ပိန်သွားသလိုပဲ..." တဲ့။

* * *

အဲဒီဒိုင်းနမိုက်ရဲ့ ဒုတိယ စနက်တံကို ဇလပ်ဖြူက မီးညှိခဲ့တယ်။

* * *







.X.

မအိပ်ဘဲနဲ့ မက်တော့လည်း

မပြီးဆုံးခင်မှာ ပြီးဆုံးရတာပါပဲလား မေမေ...


* * *



www.burmeseclassic.com

www.burmeseclassic.com









ဒီပကြည့်ရတာ စိတ်လှုပ်ရှားနေတဲ့ပုံပဲ။ အငြိမ်မနေနိုင်ပဲလှည့်ပတ်လျှောက်နေတယ်။ နောက်(၂)ပတ်လောက်ကျရင် သူ့မွေးနေ့ရှိတယ်။ ပြီးတော့ အဲဒီနေ့မှာ သူ့ရဲ့ ပထမဆုံး ONE MAN SHOW ရှိတယ်။ NIKKO HOTEL မှာ။ မှတ်မိကြမှာပါ။ ကျွန်တော်ဖြို့ကို ပထမဆုံးတွေ့တာအဲဒီ NIKKO က SHOW မှာပေါ့။ ဒီပက ကျွန်တော့်ကို လှမ်းပြောတယ်။

"ငါရင်တွေအရမ်းခုန်နေတယ်ကွာ .."

"မင်းကလည်းကွာ..အားလုံး READY ဖြစ်နေပြီပဲဟာ..လက်မှတ်တွေလည်းအကုန်ကုန်မှာပဲ.. မင်း VCD က ဒီလောက်ပေါက်ထားတာ.."

" မင်း SHOW အတွက် ရင်ခုန်တာလည်းပါတယ် .. ပြီးတော့ နောက်တစ်ခုလည်းရှိသေးတယ် "

" နောက်တစ်ခုက ဘာလဲ . . . "



www.burmeseclassic.com

www.burmeseclassic.com



" ငါအဲဒီနေ့ကျရင် စန္ဒာ့ကို ဖွင့်ပြောတော့မယ် . . "

" ဟင်...မင်းတို့ချင်း OK နေတာကြာပဲကြာနေပြီမဟုတ်လား.."

" ဟာကွာ.. ငါဖွင့်ပြောမယ်ဆိုတာက .. လက်ထပ်ခွင့်တောင်းမယ်လို့ ပြောတာကွ.."

"ဟော့ကောင် မင်းတကယ်ပြောနေတာလား .. "

ကျွန်တော် ဒီပ ကိုမနာလိုဖြစ်ရပြန်တယ်။

"အေး ..စန္ဒာ့ကို Stage ပေါ်ခေါ်ပြီး လူတွေအများကြီးရှေ့မှာ ဖွင့်ပြောလိုက်မယ်..အဲဒါမှ သူငြင်းလို့မရမှာ .. "

"ကြည့်လည်းလုပ်ဦး..သောက်ညင်တွေကပ်ကုန်ဦးမယ် .."

"အေးပါကွာ .. ငါလည်း အခြေနေကြည့်ပြီးမှ လုပ်မှာ ပါ.. ဟော့ကောင် .. စန္ဒာလာရင် အဲဒါတွေမပြောနဲ့တော့နော် .. ငါက Surprise လုပ်မှာ ... "

"အင်းပါ ..ဟော..ပြောရင်းဆိုရင်း ..."

ကျွန်တော်တို့ ရှိရာကို စန္ဒာရယ် ၊ ဇီဇဝါရယ် ၊ အိအိထွန်းရယ် ရောက်လာတယ်။ ဒီပက လက်ညှိုးကိုနှုတ်ခမ်းမှာ ဖိကပ်ပြီး ' ရှူး ' ဆို လုပ်ပြတယ်။ကျွန်တော်ခေါင်းညိတ်လိုက်ပါတယ်

အိအိထွန်းက -

" ငါတို့ နင့်ကိစ္စတွေ ပြောလာကြတာ အိန္ဒြေ .. "

" ငါ့ကိစ္စ ... ဘာလဲဟ ... "

" နင်နဲ့ ဟိုမိန်းမနှစ်ယောက်ကိစ္စ "

ဟိုမိန်းမနှစ်ယောက်ဆိုတာ ခွန်ဖြူပွင့်နဲ့ဇလပ်ဖြူကိုပြောတာ။ အိအိထွန်း ကိုကြည့်ရတာ တစ်ခုခုကိုတင်းနေသလိုပဲ ။





" ဘာတွေဖြစ်လို့လဲဟာ . . . "

" စန္ဒာ . . နင်ပဲဆက်ပြောလိုက်ဟာ . . . "

စန္ဒာက သက်ပြင်းတစ်ချက်ချပြီးမှ စကားကိုစတယ်။

"စန္ဒာလည်း အစက ဘာမှမသိဘူး အိန္ဒြေရဲ့..ဒီပကလည်း ဘာမှ မပြောဘူး .. ဒီနေ့မှဇီဇဝါပြောလို့ အိန္ဒြေက သူတို့နှစ်ယောက်နဲ့ ရှော့ခ် နေ မှန်းသိတာ ..စန္ဒာထင်နေတာက ခွန်ဖြူနဲ့ ကြိုက်နေကြပြီ အေးအေးဆေး ဆေးပဲ..လို့...နေပါဦး အိန္ဒြေနဲ့ဇလပ်ဖြူကအစကတည်းကသိတာလား... "

"အစကတည်းကတော့မဟုတ်ဘူး ..ခွန်ဖြူပွင့်နဲ့ စသိတဲ့အချိန်လောက် ကပဲဇလပ်ဖြူနဲ့Onlineမှာစခင်တာ.. ဇလပ်ဖြူကိုတောင် Chat ရင်းနဲ့ ဖြူ့ ကိုကြိုက်တဲ့ အကြောင်းတွေ ပြောဖြစ်သေးတယ် ..."

" နောက်တော့ကော "

" နောက်တော့ ...စန္ဒာမှတ်မိလား ..ဒီပ Party မှာလေ ..ဟို ဒီပ VCD ထွက်တဲ့နေ့တုန်းက .. အဲဒီနေ့က ဖြူ့နဲ့ ဇလပ်ဖြူကို မိတ်ဆက်ပေး လိုက်တယ် ..နောက်တော့ ငါ့မွေးနေ့လည်း ရောက်ရော ဇလပ်ဖြူက ကိတ်မုန့် ပို့တာတွေ သတင်းစာထဲထည့်တာတွေလုပ်တော့တာပဲ .. "

" အင်း .. ခွန်ဖြူနဲ့ ဇလပ်ဖြူနဲ့က နဂိုကတည်းက ရှော့ခ်ရှိတယ် အိန္ဒြေရဲ့..သူတို့နှစ်ယောက်က TTC မှာ သူငယ်တန်းကတည်းက တစ်ခန်း တည်း .. ငယ်ငယ်တုန်းကတော့ပေါင်းပါတယ် .. (၇)တန်း (၈)တန်းလောက် အထိတော့သူတို့တွဲနေကြတာပဲ..နောက်တော့ကျောင်းမှာ အကြီးကြီး ရန်ဖြစ် ကြတယ် ..ဖြစ်တာကလည်းဟာ ကလေးကလား .. အေးလေ .. အဲဒီတုန်း ကတော့ကလေးတွေကိုး ...

ခွန်ဖြူက Rock သီချင်းတွေ တအားကြိုက်တယ်ဟာ .. အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒြေသိတယ်ဟုတ်·· သူက Rock ကြိုက်တာမှ အဝတ်အစားအသုံး အဆောင်ကအစ ROCK အဆိုတော်တွေလိုမျိုး ··ဇလပ်ဖြူက အဲဒီတုန်းက Hip Hop ကြိုက်တာ ·· အဲဒါ တစ်ယောက်နဲ့ တစ်ယောက်ထည့်ကြရင်းနဲ့ စငြိတာပဲ ··ကလေးတွေဆိုတော့ဟာ··ကိုယ်ကြိုက်တာပဲအကောင်းပေါ့·· ကိုယ်မကြိုက်ဘူးဟာကအစုတ်အပဲ့ပေါ့ ··အဲဒါတွေပြောရင်းနဲ့စငြိရာက နောက်ဆုံးစကားပါ မပြောကြတော့ဘူး ··တစ်ယောက်နဲ့တစ်ယောက်လည်းအရမ်းပြိုင်ကြတာပဲ ·· စာပြိုင်တယ် ·· အလှချင်းပြိုင်တယ်·· ပြိုင်လို့ရတာအကုန်ပြိုင်တော့တာ ·· အဆိုးဆုံးက ဆယ်တန်းပြီးတော့ဇလပ်ဖြူတစ်ဖက်သတ်ကြွေနေတဲ့ကိုကိုဇော်ဆိုတဲ့ ကောင်လေးက နှင်းဖြူနဲ့ကြည်သွားတယ် ·· အဲဒီတုန်းကလည်း ဆယ်တန်းဖြေခါစပဲ ရှိသေးတာကွာ ·· စိတ်ကစားကြတာဖြစ်မှာပေါ့·· ဒါ့ပေမဲ့ ဇလပ်ဖြူက ဒီအရွယ်အထိ အခဲမကြေသေးဘူးလား မသိဘူး ··· ”

“စန္ဒာဆိုလိုတာက ဇလပ်ဖြူက နှင်းဖြူပွင့်ကိုပြိုင်ပြီး အိန္ဒြေကို လိုက်တယ်လို့ ပြောချင်တာလား ·· အဲလိုလုပ်ရအောင် အိန္ဒြေက လူလေကွာ ·· အရုပ်မှမဟုတ်တာ ·· ” လို့

ဒီပ ကပြောတယ် ။

“စန္ဒာလည်း သေသေချာချာတော့မသိဘူးလေ ·· ထင်တာကိုပြောတာပဲ ··စန္ဒာလည်း ခုနကမှ အကြောင်းစုံသိရတာကိုး ··· အဲလိုဖြစ်နိုင်ချေရှိတယ်လို့ပြောတာ··ဇလပ်ဖြူက အိန္ဒြေကိုအတည်ကြိုက်တာလည်း ဖြစ်နိုင်တာပဲ ·· ”

ဓီဇဝါက –

“ အေး ·· အဲဒါဆို ·· စန္ဒာမသိသေးတာ တစ်ခုရှိသေးတယ်·· အဲဒီကိုကိုဇော်ဆိုတာ နှင်းဖြူပွင့်နဲ့ အခုထိကြိုက်နေတုန်းပဲတဲ့ အိန္ဒြေကိုတောင်





မနောက်ယှက်ပါနဲ့ဆိုပြီးလာပြောသွားသေးတယ် ·· ”

“ဟင်···အဲဒါကို စန္ဒာလည်းမသိဘူးတော့··နှင်းဖြူနဲ့ ကိုကိုဇော်နဲ့ အရင်တုန်းကကြိုက်တာပဲသိတယ်··အခုပြန်ကြိုက်နေတယ်ဆိုတာမသိဘူး·· ”

ဓီဇဝါက –

“ဘာတွေမှန်းလည်းမသိဘူးဟာ ··အားလုံးကို ရှုပ်နေတာပဲ ·· ” လို့အော်တယ်။

ကျွန်တော်လည်း ဘာတွေမှန်းကို မသိတော့ဘူး ။

တစ် – နှင်းဖြူပွင့် က လိမ်တာလား ··

နှစ် – ဇလပ်ဖြူ က လိမ်တာလား ···

သုံး – ကိုကိုဇော် က လိမ်တာလား ··

အားလုံးကပဲ လိမ်တာလား ··

အရေးအကြီးဆုံး မေးခွန်းက ကျွန်တော်ဟာကိုယ့်ကိုကိုယ်ရော ပြန်လိမ်နေမိပါသလား။

* * *

ဒီနေ့တော့ ကျွန်တော့်ရင်ထဲက ဒိုင်းနမိုက်လေးရဲ့ စနက်တံကို စန္ဒာက မီးနဲ့တို့တယ် ·· ·· ··

* * *

“ ဝုန်း ”

ဒိုင်းနမိုက်တွေ ကွဲကုန်ပြီ။ (တနည်း) ကျွန်တော်လဲပြိုကျတယ်။



www.burmeseclassic.com

www.burmeseclassic.com



သွေးအားနည်းတဲ့ရောဂါရယ် အအိပ်ပျက် အစားပျက်တဲ့ဒဏ်ရယ်။ စိတ်ဖိစီးမှုရယ် ပေါင်းပြီးတော့ ကျွန်တော်လဲသွားတယ်။

* * *

ကျွန်တော့်ကို တစ်ယောက်က အတင်းထူနေတယ်။ ကျွန်တော် မျက်လုံးဖွင့်ကြည့်တယ်။ မရဘူး ။ မှုးတယ် ။ ကျွန်တော့်ကို ပွေ့ချီနေတယ်လို့ထင်တယ်။

* * *

အိပ်ပျော်နေသလိုပဲ ။ ကျွန်တော့် အိပ်ရာကြီးက ရွေ့နေသလိုလို။ ကျွန်တော်ကားတစ်စီးထဲရောက်နေတာလား။ မှုးတယ်။ အမြင်တွေက ဝိုးတိုးဝါးတား ။ကျွန်တော့်လက်ဖျံမှာ ပိုက်တန်းလန်းနဲ့ဆေးရုံကားပဲဖြစ်မယ် ။

* * *

ကျွန်တော်လူနာတင် တွန်းလှည်းပေါ်မှာ ။ ဆေးရုံကိုရောက်နေပြီလို့ သိလိုက်တယ်။ ဘေးမှာဒီပ ၊ ဇီဇဝါ ၊ အိအိထွန်း ၊ ကျော်ကြီး ၊တခြားလူတွေ ၊လူနာစောင့်ဆရာမ ၊ မှုးတယ် ။ မျက်လုံးကိုပြန်မှိတ်လိုက်တယ်။

* * *





ကုတင်တစ်လုံးပေါ်ကို ရောက်နေပြီ။ ကျွန်တော်မသိတဲ့ အန်တီကြီး တစ်ယောက် ၊ ကျွန်တော့်အန်တီပေါက်တာ ၊ ဖူးဖူး ၊ ညီမလေးလို့ပါးစပ်ကခေါ်ကြည့်တယ် ၊ မရဘူး ။ အန်တီကြီးက ကျွန်တော့်လက်က ဆေးပိုက်တွေကို ဖြုတ်လိုက်တပ်လိုက်နဲ့ ။ မှုးတယ် ။ ဟင့်အင်း ။ ကျွန်တော် မအိပ်ချင်ပါဘူး။ မနိုးလာတော့ရင်··မနိုးရင်··မ··နိုး···တော့···ရင် ·····

* * *

တိမ်စ တစ်စလို မျောနေတယ်။

* * *

မှုးတယ် ။

* * *

ကြိုးပြတ်နေတဲ့ လေတံခွန်လိုဝဲနေတယ်။

* * *

မှောင်တယ် ။

* * *



www.burmeseclassic.com

www.burmeseclassic.com



* * *

ဆပ်ပြာပူဖောင်းလို လွင့်လာတယ် ။

ဖောက်။

ပြီးသွားပြီ။

* * *

ဟင့်အင်း . . .

ချီးချီးချွတ်ချွတ်တွေကြားနေရတယ်။ .....။ မှုးတယ်။ .....။ မှောင်တယ်။ ဒါဆိုရင်....။ အမှောင်ဟာ ဖျော့လာတယ်။ မီးခိုးရောင်။ .... ။ အဖြူရောင်။ လင်းတယ် ...... ။ မျက်လုံးတွေ မိုတ်ထားဆဲ။ ဒါပေမဲ့ အလင်းရဲ့ အရသာကိုရတယ်။

စကားပြောသံတွေကြားတယ်။ ကြားဖူးနေကျ အသံမျိုး ။ ဇီဇဝါ ၊ ဒွန်ဖြူမွှင့်၊ ဖူးဖူး၊ အန်တီဒေါက်တာ ၊ အိအိထွန်း ၊ မိန်းကလေးအသံတွေ ကြားနေရတယ် ။ ကျွန်တော် အားယူပြီး မျက်လုံးကိုဖွင့်လိုက်တယ်။ မီးချောင်းက အလင်းစူးလို့ ချက်ချင်းပြန်မိုတ်လိုက်တယ်။

" ဟော .. "

" သတိရလာပြီ .. "

" အစ်မ ဒေါက်တာသွားခေါ်လိုက်ဦးမယ် .. "

မြည်းဖြည်းချင်း ပြန်ကြည့်တော့ ကျွန်တော့်ကို စိုက်ကြည့်နေတာက





ဇလပ်ဖြူပါ။

" ဇလပ်ဖြူ ... "

တံခါးဖွင့်သံကြားရတယ်။ ဝင်လာတဲ့သူက -

" ဇီဇဝါ .... "

နောက်ထပ်လူတွေ အများကြီးထပ်ဝင်လာတယ်။ ကျွန်တော်တံတွေး တစ်ချက်မြိုချတယ်။

ရေငတ်တယ်။

" ဒွန်ဖြူမွှင့် "

ဆရာဝန်က ဆေးပိုက်ကို ဆေးပုလင်းအသစ်တစ်လုံးလဲဖို့ပြောနေတယ်။ ဆရာမက ဆေးထိုးအပ်ကို ပိုက်နဲ့ဆက်ပြီးထိုးလိုက်တယ်။ ကျွန်တော် အိပ်ပျော်သွားပြန်တယ်။

* * *






www.burmeseclassic.com

www.burmeseclassic.com









ပန်းကလေးသုံးပွင့်ရှိပါသည်။

အပေါ်ယံတော့ ပြုံးစင်ကြသည်။

ဘယ်သူက အတွင်းထဲထိ ဖြူပါသလဲ . . . (ကျွန်တော် အမှန်ကို

သိနေပြီထင်ရဲ့ )

ကစားကွင်းတစ်ခုဟု ကျွန်တော်ထင်သော ဤနေရာ၌

ပန်းပွင့်က ကျွန်တော့်အား မြူဆွယ်ကစားသည် . . .

ပန်းပွင့်က ကျွန်တော့်အား ပဟေဠိဖွက်၍

ပန်းပွင့်က ကျွန်တော့်အား ပုစ္ဆာမေးသည် . . .

ကျွန်တော်၏ ဖတ်စာအုပ်ထဲတွင် A မှ Z အထိ အက္ခရာတွေရှိသည်။

Z အက္ခရာသည် ဘယ်သူကို ကိုယ်စားပြုပါမည်လဲ .

ဇွန်ဇလပ်ဇီဇဝါ . . . < ကျွန်တော် အမှန်ကိုသိပါသည်။ >



www.burmeseclassic.com

www.burmeseclassic.com



.Y.

အိမ်စာ အားလုံး ပြီးသွားတဲ့နေ့လိုပေါ့ပါး

ကိုယ့်ကိုကိုယ် လေထဲ လွှတ်ပေးလိုက်ပြီ

ဟောင်ပြည့်ပင်း

* * *









www.burmeseclassic.com

www.burmeseclassic.com





ဆေးရုံကဆင်းလို့နောက်ထပ် (၁)ပတ်လောက် အနားယူပြီးတဲ့နောက်မှာ ကျွန်တော့်ကျန်းမာရေးဟာ ပုံမှန်ပြန်ဖြစ်လာပါတယ်။ Physical (ရုပ်)အားဖြင့်ပေါ့လေ။ mental (စိတ်)အားဖြင့်တော့နေမကောင်းသေးပါဘူး ။ စိတ်ဒဏ်ရာတွေ ကျန်နေဆဲပဲ။ ဒဏ်ရာတွေ ပျောက်သွားခဲ့ရင်လည်း အမာရွတ်တော့ ကျန်နေရစ်မှာပေါ့လို့တွေးမိတယ် ။ မထူးပါဘူးလေ ။ ကိုယ်ပေါ်မှာလည်း နွန်ဖြူပွင့် အမှတ်တရ Tattoo (ဆေးမင်) တစ်ခုထိုးထားသေးတာပဲ ။ အဲဒီဆေးမင်ဟာ ဓလပ်ဖြူကိုပါ ကိုယ်စားပြုတယ်။ သူတို့က တစ်နေ့တည်း တစ်ရက်တည်းမွေးတာကိုး။ ဒီတော့ အဲဒီဆေးမင်ဟာ ဒီအဖြစ်အပျက်တစ်ခုလုံးကို ကိုယ်စားပြုပါတယ်။

ဒဏ်ရာနဲ့ အမှတ်တရတွေ ကျန်နေရစ်ပေမဲ့လည်း ဘဝထဲမှာတော့ သူတို့မရှိတော့ဘူး။ အခုဆိုရင် နွန်ဖြူပွင့်နဲ့ ကိုကိုဇော်လည်း အေးဆေးဖြစ်နေ





လောက်ပြီ။ ကိုကိုဇော်က ကျွန်တော့်ကိုလာတောင်းပန်တဲ့နေ့ကပဲ နွန်ဖြူပွင့်ကို နိုးပြေးသွားခဲ့တယ်။ ကျွန်တော်နဲ့ ဓလပ်ဖြူ ကြိုက်နေပါတယ်လို့ သူပြောပြီး နွန်ဖြူပွင့် ကျွန်တော့်ကို စိတ်နာသွားအောင်လုပ်ခဲ့တယ်တဲ့။ ကျွန်တော်ပြန်ကြားတာပါ။ ထားလိုက်ပါတော့။ ပြီးသွားပြီပဲ။ ဓလပ်ဖြူကိုလည်း စိတ်မဆိုးနေတော့ဘူး။ သူတို့တွေလည်း ကျွန်တော့်သူငယ်ချင်းတွေနည်းတူပဲ ။ ကျွန်တော်နေမကောင်းတဲ့အချိန်တွေတုန်းက ဝိုင်းဝန်းပူပန်ခဲ့ကြတာပဲ။

ခွင့်လွှတ်ပါတယ်။ နှစ်ယောက်လုံးကိုပေါ့ ။ ကိုကိုဇော်ဆိုတာလည်း ကိုယ့်ရည်းစားပါသွားမှာစိုးတဲ့စိတ်နဲ့ အူနှကြွဲခတ်သလို အရူးမီးဝိုင်းခဲ့ရှာတာပေါ့။

ခွင့်လွှတ်တယ်။ အားလုံးကို ခွင့်လွှတ်တယ် ။

အဲဒီအခါ ကျွန်တော့်စိတ်ဟာ အရမ်းကိုပဲ ပေါ့ပါးလို့လာတယ်။ လေဗွေငယ်လေးထဲမှာ ပါသွားတဲ့ဗာဒံရွက်ခြောက်လိုပဲ ။ ကျွန်တော်ပျော်ပါတယ်။

" MIN MA MIN BAE "

" MIN MA MIN BAE " ( ဒီပ ဆက်တာ )

" အေး ဒီပ .. ပြော .. "

" ဟော့ကောင် မနက်ဖြန် မနက်(၆)နာရီ မထိုးခင် ငါ့အိမ်အရောက်လာ ဘုန်းကြီးဆွမ်းကပ်မယ် .. ပြီးတော့ ငါ့အိမ်မှာပဲနေ .. အားလုံးကို ငါချိန်းပြီးပြီ ..ညနေ Show ကို ငါ့အိမ်ကပဲအားလုံးစုသွားမှာ .. "

ဟုတ်သားပဲ မနက်ဖြန် ဒီပမွေးနေ့။ ONE MAN SHOW ။ ကျွန်တော်တကယ်မေ့နေတာပဲ။ ကြည့်စမ်း

" ပြီးတော့ မနက်ဖြန်ကျရင် ဓိဓပါ့အိမ်ကို သူနဲ့ပေးစားမယ့်ပုဂ္ဂိုလ်က လာမြန်းမယ်တဲ့ ..တဲ့ ..အဲဒါမင်းသိပြီးပြီလား .. "

" ဟင် .. ဟုတ်လား .. ငါ့ကိုလည်းမပြောပါလား .. ငါ့ဆေးရုံက



www.burmeseclassic.com

www.burmeseclassic.com



...ခင်းကတည်းက သူနဲ့ သေချာမတွေ့သေးဘူး .. "

ငယ်ငယ်ကတည်းကပေါင်းခဲ့တဲ့သူငယ်ချင်းမို့လို့လားမသိဘူး။ တကယ်ကြီး အဖွဲ့ထဲက ပဲ့ထွက်သွားတော့မယ်ဆိုတော့ တစ်မျိုးကြီးပဲ။ အဲဒီအကြောင်း ဒီပကို ပြောလိုက်တော့ -

"ယောက်ကျားယူတော့ဘာဖြစ်လဲ .. ငါတို့အဖွဲ့ဝင်အသစ်တစ်ယောက်တိုးတာပေါ့ .. ပိုတောင်ကောင်းသေးတယ် .. ငါလည်း မကြာခင် ယူတော့မှာကွ" တဲ့။ ဘလိုင်းကြီးကပ်ကြွားသေးတယ်။ အင်းလေ .. ကိုယ်ကမှ အဖြစ်မရှိတာကိုး ..

ဒီပ ဖုန်းချပြီးတဲ့နောက် ကျွန်တော် ငေါင်စင်းစင်းကြီးဖြစ်နေတယ်။ GAME ကစားတော့လည်း Feel မလာဘူး ။ ရုပ်ရှင်လည်း ကြည့်ပြီးသားတွေချည်းပဲ။ အင်တာနက် Online ပေါ်မှာ ဇလပ်ဖြူကိုတွေ့တယ်။ မနှုတ်ဆက်မိပါဘူး။ သူကလည်း မနှုတ်ဆက်ဘူး ။ ကောင်းပါတယ်။

တဖြည်းဖြည်းနဲ့ ညဥ့်နက်လာတယ်။ ၁၀ နာရီ၊ ၁၁ နာရီ ၊ ၁၂ နာရီ။ ကျွန်တော် အိပ်မပျော်ပါဘူး ။ အိပ်ရာထဲ လှိမ့်နေတယ်။ ကျွန်တော့်နားထဲမှာ သီချင်းသံသဲ့သဲ့ကြားရသလိုပဲ ။ ဖုံးဖုံး သီချင်းတဖွင့်တာတော့ မဖြစ်နိုင်ဘူး ။ နောက်တော့မှသတိရတယ်။ ကျွန်တော့်ဖုန်းက ဧည့်ခန်းထဲမှာ ကျန်ခဲ့တာပဲ။ ဖုန်းလာနေတာ ဖြစ်မယ်။ ဒီအချိန်ကြီး ။

" MIN MA MIN BAE "

" MIN MA MIN BAE "

" ဟယ်လို . . . "

" အိခြွေ .. ငါအိအိထွန်းရယ် .. "

" အိအိထွန်းပြော .. မအိပ်သေးဘူးလား .. "

" ငါမအိပ်သေးဘူး .. ဇီဇဝါနဲ့လာအိပ်ပေးတာဟ .. မနက်ဖြန်လာ







စေ့စပ်ကြမှာကိုသူစိတ်လှုပ်ရှားလို့တဲ့ . . .. "

" အခု ဇီဇဝါကော "

" သူအိပ်သွားပြီ .. ဒီမှာ အိခြွေသေချာနားထောင်စမ်း .. အခုငါ့ဆီမှာ ဇီဇဝါ့ဒိုင်ယာယီစာအုပ်ရှိတယ် .. တချို့အကြောင်းအရာတွေက နင်သိသင့်တယ်လို့ငါထင်တယ် .. သူမအိပ်ခင်ကလည်း သူ့ခံစားချက်တွေ ငါ့ကိုရင်ဖွင့်တယ်ဟာ .. အဲဒါတွေ နင့်ကိုငါပြန်ပြောပြတာထက် သူ့စာအုပ်လေးကို နင်ဖတ်ကြည့်လိုက်တာကပိုကောင်းလိမ့်မယ် .. နင်အခုသူ့အိမ်မှာလာယူပါလား .. "

"အခု . . . လူကြီးတွေ ရှိတယ်မလား . . . . ငါလာလို့ဖြစ်ပါ့မလား .. "



www.burmeseclassic.com

www.burmeseclassic.com



"နှင်ခြံရှေ့ကိုလာခဲ့ . . ငါခြံထဲကနေစာအုပ်ပစ်ပေးလိုက်မယ် . . "

* * *

(၁၀)မိနစ်လောက်ကြာတော့ ကျွန်တော်ဇီဇဝါခြံရှေကိုရောက်နေပြီ ။ (၁၅)မိနစ်လောက်ကြာတော့ ကျွန်တော့်လက်ထဲကိုဒိုင်ယာရီစာအုပ် နီနှစ်ရောင်လေး ရောက်နေပြီ။ နာရီဝက်လောက်ကြာတော့ ကျွန်တော်အိမ်ပြန်ရောက်နေပြီ။

* * *

ဒိုင်ယာရီစာအုပ်လေးဆိုပေမယ့် ကိစ္စအားလုံးကို ရေးမှတ်တဲ့နေ့စဉ်တမ်း မဟုတ်ဘူး။ တစ်အုပ်လုံး ကျွန်တော့်အကြောင်းတွေရေးထားတဲ့ အိမ်မြှေမှတ်တမ်း စာအုပ်။ သို့မဟုတ်လည်း အိမ်မြှေ့ထံပေးစာများပေါ့လေ။

ကျွန်တော်စာအုပ်ကို တစ်ရွက်ချင်းလှန်ပြီးဖတ်ပါတယ်။

* * *

စာအုပ်ကို ဖတ်ပြီးတဲ့အခါ ကျွန်တော်ငြိမ်ကျသွားတယ်။ ငြိမ်ငြိမ်လေး။ တကယ့်ကိုငြိမ်ငြိမ်ကလေးရယ်။ ဇီဇဝါရယ် . . . . လို့လည်း ပါးစပ်ကမြည်တမ်း မိပါတယ်။

သူနဲ့ကျွန်တော်က ဟိုငယ်ငယ်ကတည်းကသူငယ်ချင်းတွေပါ။ အဲဒါ ကတ်ပိုပြီး ဘာတစ်ခုမှကျွန်တော်မမှတ်မိပေမဲ့ သူကတော့ ကျွန်တော်နဲ့ ပတ်သက်တဲ့ အရေးကြီးတဲ့နေ့တွေအားလုံးကို မှတ်မိနေခဲ့တယ်။ နောက်ပြီး . . သူကျွန်တော့်အပေါ်မှာထားတဲ့ နက်ရှိုင်းတဲ့လေးနက်မှုတွေ။

ကျွန်တော် ရည်းစားစထားတော့သူ့ရဲ့ခံစားချက်။ အနွံတာခံမှုတွေ။ ကျွန်တော်ဖြစ်ချင်တာတွေအားလုံးကို အနစ်နာခံ လိုက်လုပ်ပေးတာတွေ။ အဲဒါတွေဟာ . . သူ . . ကျွန်တော့်ကို . . . . . . . . . ။

ကျွန်တော့်ရဲ့လိုအပ်ချက်တွေကိုတတ်နိုင်သလောက် ဖြည့်ဆည်းပေးတာ။








နေမကောင်းတဲ့အချိန်တွေ ၊ ဝမ်းနည်း အားငယ်တဲ့အချိန်တွေမှာ ဂရုစိုက်တာ၊ ကျွန်တော့်ဘဝကိုစာနာတာ . . . အဲဒါတွေတစ်ခုချင်း ခေါင်းထဲမှာ ပေါ်လာတယ်။ သူ့စာအုပ်ထဲက စာပိုဒ်တွေဟာ ကျည်ဆံတွေလိုတစ်တောင့်ချင်း ကျွန်တော့်ရင်ကို ပစ်ခွင်းနေသလိုပဲ။

သူ့စာအုပ်ရဲ့ နောက်ဆုံးစာမျက်နှာကို ကျွန်တော်ပြန်လှန်ကြည့်မိတယ် . . . .

ဟိတ် . . . အိမ်မြှေ

နက်ဖြန် ငါစေ့စပ်ရတော့မယ်သိလား . . ငါ . . ပျော်ပါတယ် . .



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဖြစ်သင့်တယ်လို့ နှင့်ပါးစပ်က ပြောထားတဲ့ကိစ္စကို ငါလုပ်ရမှာ .. ငါ ကျေနပ်ပါတယ်.. နှင်မသိပါဘူးအိန္ဒြေရာ နှင့်စိတ်နဲ့ငါ့ကိုယ်ဖြစ်နေတာ တော်တော်ကြာနေပါပြီ .. အဲဒါကို နှင်မသိပါဘူး .. ငါကိုယ်တိုင်လည်း ဘယ်တုန်းကစပြီး အဲလိုဖြစ်သွားခဲ့မှန်းမသိတော့ဘူး .. ငါစပြီးသတိထားလိုက်မိတဲ့အချိန်မှာ ငါဟာ နှင့်ရဲ့ကျေးကျွန်တစ်ယောက်ဖြစ်နေခဲ့ပြီ ...နှင့်ရဲ့ နှုတ်ထွက်စကားကို အမိန့်လိုခံယူနေမိပြီ ......အခု ငါစေ့စပ်ရမဲ့လူ (ငါလက်ထပ်ရမယ့်လူ ).. အဲဒီလူကို ငါချစ်လည်း မချစ်ဘူး ..သိလည်းမသိဘူး .. မသိဘဲနဲ့ ငါယူရမှာ ..ဒါပေမဲ့ ငါကျေနပ်တယ်.. နှင်က ယူသင့်တယ်လို့ဆုံးဖြတ်ပြီးတဲ့အချိန်မှာ အကျင့်ပါနေတဲ့ငါ ချက်ချင်းပဲ ခေါင်းညိတ်လိုက်မိတယ်..

တစ်ခုပဲ ဝမ်းနည်းတာက ငါအိမ်ထောင်ကျသွားရင် အရင်လို နှင့်အနားမှာ ငါနေနိုင်တော့မှာ မဟုတ်ဘူးအိန္ဒြေ..အဲဒီအတွက်တော့ငါ့ကို ခွင့်လွှတ်ပါတော့ဟာ .. ...

နှင်မှတ်မိမလားတော့မသိဘူး .. နှင်က မောင်နှမအရင်းတွေဖြစ်ရင် သိပ်ကောင်းမှာပဲလို့ ပြောခဲ့ဖူးတယ်လေ .. နှင်ဆေးရုံတက်ရတုန်းက အရေးတကြီးသွေးသွင်းဖို့ လိုတော့ငါ့ကိုယ်ထဲက သွေးတွေထုတ်ပေးခဲ့ရတယ် .. နှင့်ကိုယ်ထဲမှာငါ့သွေးတွေလည်းပတ်စီးဆင်းနေတာဟာ ငါတို့နှစ်ယောက်တသွေးထဲတသားထဲ ဖြစ်သွားတဲ့သဘောပေါ့ ..အဲဒီတော့ငါတို့နှစ်ယောက်ကမောင်နှမပဲပေါ့ .... ဟုတ်ဖူးလား .....

မောင်နှမအရင်းတွေတောင်မှ အိမ်ထောင်ကျရင် ကွဲကွာသွားသေးတာပဲ..ငါယောက်ျားရတော့လည်းငါကနှင့်ရဲ့ အဝေးကညီမလေးပေါ့ဟာ...

စာအုပ်လေးလည်းကုန်တော့မယ် .. ဒီနေ့ညပြီးရင် ငါဒါတွေကို ဆက်မရေးတော့ဘူး ..

ကြောင်နှစ်ကောင်စာအုပ်တိုက်



အိန္ဒြေဆိုတဲ့ ငှက်ပေါက်လေးကို တိတ်တခိုးလေး မြတ်နိုးနေမိခဲ့တဲ့ စိတ်တွေကို တိတ်တဆိတ်လေးပဲရုတ်သိမ်းလိုက်ပါတော့မယ် .. စေ့စပ်ပြီးသွားတဲ့အခါ မရိုးသားတဲ့စိတ်တွေ ငါ့ဆီမှာကျန်မနေချင်ဘူး . . . .

နှင်မသိပါဘူး အိန္ဒြေရာ . . . . . .

Zေဝါ

နှင့်စိတ်နဲ့ငါ့ကိုယ်ဖြစ်နေတာ . . .

နှင့်စိတ်နဲ့ငါ့ကိုယ်ဖြစ်နေတာ . . .

နှင့်စိတ်နဲ့ငါ့ကိုယ်ဖြစ်နေတာ . . .

နှင့်ရဲ့ကျေးကျွန် ဖြစ်နေခဲ့တာ . . .

ကျွန်တော်ဇီဇဝါ့ အသံတွေကြားယောင်နေတယ် ။ ကျွန်တော်ဆုံးဖြတ်တာကို သူက ခေါင်းညိတ်တယ်တဲ့လား ။ သူမချစ်တဲ့သူကို ကျွန်တော်က ယူဆိုတာနဲ့ ယူလိုက်မယ်ပေါ့.. အဲဒီလောက်ထိကြီး ........

ဘဝတစ်လျှောက်လုံးကျွန်တော်မိုက်လာခဲ့တယ်။ တကိုယ်ကောင်းဆန်ခဲ့တယ်။ သူ့ကိုပစ်ချပြီးဟိုမိန်းခလေးနှစ်ယောက်နဲ့တောင် ရုပ်ရှင်အတူတွဲကြည့်ခဲ့သေးတယ်။ " နှင်က အလိုလိုက်လွန်းတာကိုးဟ .. ငါက အကျင့်တွေပါကုန်တာပေါ့ဇီဇဝါရယ် .. ဘယ်အရာမဆိုနှင့်ကို ဦးစားမပေးမိတော့ဘူး ထည့်မတွက်မိတော့ဘူး ..ခံစားချက် ..နှင့်ရဲ့ခံစားချက်ဆိုတာတွေကို ထည့်မတွက်မိတော့ဘူး..

နှင်အမြဲပြောနေတဲ့ " နှင်စိတ်ချမ်းသာရင်ပြီးတာပါပဲ "ဆိုတဲ့စကားကို ငါ့ရဲ့ရပိုင်ခွင့်လို့တောင်ငါထင်နေတာ ..."

ကျွန်တော်စိတ်ထဲကနေပြောနေတာမဟုတ်ဘူး ။ ပါးစပ်ထဲနေကို အသံတွေထွက်ကျနေတာပါ။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



တွေးရင်း တွေးရင်းနဲ့ ဟာစ်ခုချင်း တစ်ခုချင်း ဗီဒီယိုပြကွက်တွေလို မြင်ယောင်လာပြန်တယ်။ ကျွန်တော် ဖွတ်တချွတ်လုပ်တိုင်း သည်းခံခွင့်လွှတ်တာတွေကိုပေါ့ ..။

ကပြင်နက်တည်းမှာပဲ နောက်အရေးကြီးတဲ့အချက်တစ်ခုကို ထပ်သိလိုက်တယ်။ ဒီလို အနွံတာခံ ချစ်ခင်မှုမျိုး..ကို တခြားဘယ်ချစ်သူ ရည်းစား သူငယ်ချင်းတွေကမှ ဇီဇဝါလောက်ပေးဆပ်ပေးနိုင်မှာမဟုတ်ဘူး ..။

" ဇီဇဝါ " ... ခေါ်ကြည့်တာပါ ... ..

" နင်က ' နင်မသိပါဘူး အိမ်ရွှေရာ " လို့ပြောတယ် . ငါသိတာပေါ့ .. နင့်စာအုပ်တစ်အုပ်လုံးမှာ ငါ့ကိုချစ်တယ်လို့ တစ်လုံးမှနင် မရေးခဲ့ပေမဲ့ ငါသိတာပေါ့ ..ငါ့ကိုအကြီးမားဆုံး နားလည်မှုနဲ့ ပေးဆပ်ခြင်းတွေနဲ့ ဖြူဖြူစင်စင်ချစ်နိုင်တာ နင်.. နင်.. နင်ပဲရှိတယ်ဆိုတာကို .. အခု .. ငါသိတာပေါ့ .. "

ကျွန်တော်ကြမ်းပြင်ပေါ်ကို အရုပ်ကြိုးပြတ်ထိုင်ချလိုက်တယ် ..

" မေမေ ... ကျွန်တော် ဘာလုပ်ရမလဲဟင် ... " မရှိတဲ့အမေကို တမ်းတတယ်.. ကျွန်တော် ဇွန်ဖြူပွင့်ကို လိုက်တော့လည်း သူလိုက်ကူညီတာပဲ .. ဇလပ်ဖြူကိစ္စမှာလည်း သူပဲခေါင်းအစားခံ .. အရင်ကတည်းကလည်း ဒီလိုပဲ .. Tattoo တွေသွားထိုးတော့လည်း သူပဲအဖော်လိုက်ပေးတာ .. ငါ ..ငါ.. ဘာပဲလုပ်လုပ် သူပဲငါ့ရဲ့အဖော် ... ငါ့ကိုချစ်တဲ့ ငါ့ရဲ့အဖော် ...

သူဟာ မနက်ဖြန်မှာ ကျွန်တော့်နှုတ်မိန့်တစ်ခုနဲ့ စေ့စပ်ပါတော့မယ် ..ပြီးရင် ယောက်ကျားယူပါတော့မယ်.. ..

" ဟာ "





ကျွန်တော်မပေးနိုင်ဘူးဗျာ။ သူချစ်တာကျွန်တော်ပဲ။ အဲဒီလူမှမဟုတ်တာ။ ကျွန်တော်မပေးနိုင်တော့ဘူး ။ ကျွန်တော်ဟာ ယောက်ကျား တစ်ယောက်ပါ။ ရည်းစား(၃)ယောက်ထားခဲ့ဖူးတယ်။ အချစ်ဆုံးသူငယ်ချင်းတစ်ယောက်ရှိတယ်။ ရည်းစားတွေက စိတ်တွေပြောင်းတယ်။ အကျင့်တွေပြောင်းတယ်။ အကွက်တွေရွှေ့တယ်။ သူငယ်ချင်းကသစ္စာရှိတယ်။

" အား ... " အော်ဟစ်နေမိပြီ ..

သစ္စာရှိတဲ့၊ သူကချစ်တဲ့၊ ချစ်နေမှန်းအခုလေးတင်ကမှ ကျွန်တော်သိလိုက်ရတဲ့ သူငယ်ချင်းလေးဟာမနက်ဖြန် တပါးသူလက်ထဲသို့ .......

ဇွန်ဖြူပွင့်က နှစ်ယောက်တွဲတယ် ။ ဇလပ်ဖြူက အနိုင်နဲ့ပိုင်းတယ်။ ဇီဇဝါကစေ့စပ်တော့မယ် .. . .

ဒိမ်ရှေ့တံခါးကိုဖွင့်ပြီး ဝရံတာမှာထွက်ထိုင်နေလိုက်တယ်။ စဉ်းစားခန်းကြီးထဲမှာ မျောရတော့မှာလေ .. ဇွန်နဲ့ဇလပ်ကို ရေမှာမျှောလိုက်ပြီ ။ ဇီဇဝါ့အတွက် စဉ်းစားစမ်း အိမ်ရွှေ ..စဉ်းစားစမ်း ဇီဇဝါ့အတွက် စဉ်းစားစမ်း .. စဉ်းစားစမ်း .. ဇီဇဝါ့အတွက် .. ဇီ.. ဇ... ဝါ... အတွက် .......ပြီးတော့ အိမ်ရွှေအတွက် .......

ဟင်း .... ကျွန်တော်သေလို့ရပြီနဲ့တူတယ်နော် ....

* * *



www.burmeseclassic.com

www.burmeseclassic.com



## . ၇ .

ကံကိုဆွဲ၍
မိုးသိဒြယ်
မင်ရေကျဲ၏ မကျဲ၏။

* * *





မိုး စင်စင်လင်းသွားပြီ ။ ကျွန်တော် ဒီနေရာမှာ တစ်ညလုံးထိုင်နေခဲ့တာ။ ဝရံတာမှာပေါ့။ အမည်းရောင် ကောင်းကင်ကြီးက တဖြည်းဖြည်း အရောင်ဖျော့ပြီးဖြူလာတာကို အခိပ္ပာယ်မဲ့ ထိုင်ကြည့်နေရင်းပေါ့ ။ အခုတော့ ကောင်းကင်ဟာ ပြာစပြုလာပြီ။ ကျွန်တော်မနက်ခင်းကို သဘောကျတတ်လာတယ်။ အလင်းရောင်ဟာ ညအမှောင်လိုပါပဲ။ ခံစားမှုတစ်ခုတော့ရတယ်။ ကျွန်တော်ဟာ ထာဝရ ညကြိုက်သမားပါ .. အခုမှ အလင်းရဲ့ ရသကိုရတယ်။

ဖူးဖူးတောင်နိုးလာပြီ။ ကျွန်တော် ဇီဇဝါစာအုပ်အကြောင်းပြောပြလိုက်တယ်။ ဒီနေ့စာစုပ်ပုံကိုရောပေါ့။ ဖူးဖူးက " မဇီဇဝါသနားပါတယ် " တဲ့။ ကျွန်တော်ဆုံးဖြတ်ချက်တစ်ခုချလိုက်တယ်။ ကျွန်တော်ပျော်သွားပါတယ်။ ဖူးဖူးကိုတောင် ပြုံးပြလိုက်တယ်။ ညီမလေးကြောင်သွားတယ်.

" ငါရေချိုးလိုက်ဦးမယ် "

www.burmeseclassic.com



## ၇.

### ဂံကိုဆွဲ၍ မှုံးသီခြယ်

# မင်ရေကျဲ၏ မကျဲ၏။

* * *





မိုး စင်စင်လင်းသွားပြီ ။ ကျွန်တော် ဒီနေရာမှာ တစ်ညလုံးထိုင်နေခဲ့တာ။ ဝရံတာမှာပေါ့။ အမည်းရောင် ကောင်းကင်ကြီးက တဖြည်းဖြည်း အရောင်ဖျော့ပြီးဖြူလာတာကို အဓိပ္ပာယ်မဲ့ ထိုင်ကြည့်နေရင်းပေါ့ ။ အခုတော့ ကောင်းကင်ဟာ ပြာစပြုလာပြီ။ ကျွန်တော်မနက်ခင်းကို သဘောကျတတ်လာတယ်။ အလင်းရောင်ဟာ ညအမှောင်လိုပါပဲ။ ခံစားမှုတစ်ခုတော့ရတယ်။ ကျွန်တော်ဟာ ထာဝရ ညကြိုက်သမားပါ .. အခုမှ အလင်းရဲ့ ရသကိုရတယ်။

ဖူးဖူးတောင်နိုးလာပြီ။ ကျွန်တော် မီဇဝါ့စာအုပ်အကြောင်းပြောပြလိုက်တယ်။ ဒီနေ့စာစုပ်မှာကိုရောပေါ့။ ဖူးဖူးက “ မဇီဇဝါသနားပါတယ် ” တဲ့။ ကျွန်တော်ဆုံးဖြတ်ချက်တစ်ခုချလိုက်တယ်။ ကျွန်တော်ပျော်သွားပါတယ်။ ဖူးဖူးကိုတောင် ပြုံးပြလိုက်တယ်။ ညီမလေးကြောင်သွားတယ်.

“ ငါရေချိုးလိုက်ဦးမယ် ”

www.burmeseclassic.com



.. နင်ပြီးရင်ကားပေါ် ဒိုင်လျှိုလေး တက်လိုက်လာခဲ့ .. ''

'' ကျွတ် ...ငါ အကောခံရမလားမသိဘူး ... ပြီးရောပါ... ခဏစောင့်... ''

ကျွန်တော်ကားကို ပြန်လှည့်ထားလိုက်တယ်။ ငါးမိနစ်လောက်ပဲကြာတယ် ။ ဇီဇဝါပြန်ထွက်လာတယ် ။ အင်္ကျီလည်း မလဲလာဘူး ။

''ပြန်လာမှပဲ လဲတော့မယ် '' တဲ့။ အစဉ်အမြဲအေးချမ်းတဲ့ ဇီဇဝါ မျက်နှာမှာ စိတ်ရှုပ်နေဟန်ကအတိုင်းသား ပေါ်လွင်နေလေရဲ့။ ကျွန်တော်ကားကို ကာရိုက်ထိုးမောင်းထွက်ခဲ့တယ်။

* * *

ကားက လှစ်ကနဲပြေးတယ်။ ဇီဇဝါ ခါးပတ်ကောက်ပတ်တယ်။ ကျွန်တော် လှည့်ပြီးပြုံးလိုက်တယ်။ တက္ကသိုလ်ရိပ်သာလမ်းသစ်။ တက္ကသိုလ်ရိပ်သာရိပ်မွန်ကွန်ဒိုဝင်းထဲကွေ့လိုက်တယ်။ ကားဘရိတ်ကို ဆောင့်အုပ်လိုက်တယ်။

'' ဇီဇဝါ ... ခဏဆင်း . . ''

ကျွန်တော့်ကို အံ့သြသလိုကြည့်တယ်။ ဘာမှတော့ပြန်မပြောဘူး ။ သူ .. ဆင်းတယ်။ ကျွန်တော် သူ့လက်ကိုဆွဲပြီး တံခါးကိုတွန်းဖွင့်ဝင်ခဲ့တယ်။

'' SHE SHINES GEMS & JEWELLARY '' ဒါဟာ လက်ဝတ်ရတနာ အရောင်းပြခန်းလေးတစ်ခုပါ ။

'' နင် ဘာလုပ်မလို့လဲ အိန္ဒြေ ''

ဆိုင်ထဲမှာလူရှင်းနေပါတယ်။ အရောင်းဝန်ထမ်းတွေအားလုံး ကျွန်တော်တို့ကိုကြည့်နေတယ်။ဇီဇဝါ့လက်ကို ကျွန်တော်ဆုပ်ကိုင်ထားဆဲ ...

ကျွန်တော် သူ့ရှေ့မှာ ဒူးထောက်လိုက်တယ်။





'' ငါနင့်ကို လက်ထပ်ပါရစေ ဇီဇဝါ .. နင်နဲ့ငါ တစ်သက်လုံး အတူတူရှိလာတာ ..ဒီနေ့ ငါနင့်ကို တခြားသူလက်ထဲ ထည့်ပေးလိုက်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး ..အဲဒါကို ငါ့အနားမှာ နင်တကယ်မရှိတော့ဘူးဆိုတာ သေသေချာချာ စဉ်းစားလိုက်မိတော့မှ ငါသိလာတာ .. ရှိတုန်းကတော့ နင့်တန်ဖိုးကိုငါမသိခဲ့ဘူး .. ဒါပေမဲ့ ငါ့ဘေးနားက ရုတ်တရက်ကြီး နင်ပျောက်သွားရင် ငါရူးလိမ့်မယ်ထင်တယ် ဇီဇဝါ..ငါ့ရဲ့..ငါ့ရဲ့ကျန်နေသေးတဲ့ ဘဝသက်တမ်းတလျှောက်လုံးကို နင်မပါဘဲ ဖြတ်သန်းရမှာ ..မလွယ်ဘူး..ငါ.. နင့်ကိုလက်ထပ်ချင်ပါတယ် ဇီဇဝါ.. နင်လက်ခံမယ်မဟုတ်လားဟင် .. ''

ဇီဇဝါကျွန်တော့်ကို စိုက်ကြည့်နေတယ်။ မယုံနိုင်တဲ့မျက်ဝန်းတွေနဲ့။ နှုတ်ခမ်းလေးတွေဟသွားတယ်။ ကျွန်တော်နူးနူးညံ့ညံ့ပဲ ကြည့်နေလိုက်တယ်။

'' ဟုတ်သလား '' လို့ သူ .. တိုးတိုးလေးရေရွတ်တယ်။ ကျွန်တော်ရင်တွေလှပ်လှပ် ခုန်နေတယ်။ သူလည်း ရင်တွေ ခုန်နေမှာပါပဲ။

သူ့နှုတ်ကနေ -

'' နင်က .. ငါ့ကို ..လက်ထပ်ချင်တယ်..တကယ်ကြီး .. နင်က.. ငါ့ကို .. အဟုတ်ကြီး..လက်ထပ်ချင်တယ်.. အဲဒါဟုတ်ပါ့မလား .. ဟုတ်ပါ့မလား အိန္ဒြေရယ် .. နင်ငါ့ကိုချစ်တဲ့ပုံလည်း တစ်ခုမှကိုမပြဖူးဘဲနဲ့ .. ငါဒီနေ့စေ့စပ်တော့မယ်ဆိုမှ .. နင်က .. အိန္ဒြေဆိုတဲ့နင်က ငါ့ကိုလက်ထပ်မယ် .. အံ့ရောဟယ် ..အံ့ရော..ငါက . နင်နဲ့လက်ထပ်ရမယ်..အံ့ရော ... ''

အဆက်မပြတ်ပြောနေလေတယ်။ ဒူးထောက်နေတဲ့ ကျွန်တော့်ကိုလည်း ဆွဲထူသေးတယ်။ ကျွန်တော် တယုတယ ဆုပ်ကိုင်ထားတဲ့ သူ့လက်ကလေးကို လွှတ်ပေးလိုက်ပါတယ်။ သူကတော့စက်သေနတ်ပစ်သလို စကားတွေပြောနေတုန်းပဲ ..



www.burmeseclassic.com

www.burmeseclassic.com



"ငါ သူများလက်ထဲပါသွားတော့မယ်ဆိုတော့မှ နင်ကနမျောတာလား အိမ်ရှေ့ ..ဒါဆိုရင် နင်ကငါ့ကိုတကယ်ချစ်တာရော ဟုတ်ရဲ့လား .. ဟင် .. ဘုရားကြီးရေ .. နင်ငါ့ကိုချစ်တယ်လို့လည်း တစ်ခါမှမပြောဖူးဘဲနဲ့ .. ငါက လည်း အဖြေလည်းမပေးရသေးဘဲနဲ့ .. အဆင့်တွေကလည်း ကျော်ကုန်ပြီ .. အံ့ရောကွာ .. မားသားသိရင်လည်း ဆူလိမ့်မယ် .. မဖြစ်ပါဘူး .. မဖြစ်ပါဘူး ...မဖြစ်နိုင်ပါဘူး ....လာနောက်မနေပါနဲ့ အိမ်ရှေ့ရယ် .. ဒါ နောက်စရာမဟုတ်ဘူးဟ .. အင်း..ဟိုလေ အစ်မ..သမီးကို အဲဒီ လက်စွပ် လေးပြပါ..အဲဒါလေးပဲယူတော့မယ် ... "

ကျွန်တော် ကြည်နူးမျက်ရည်ဝိုင်းသွားတယ်။

သူ ... လက်စွပ်လေးတစ်ကွင်းကို ဝတ်ကြည့်နေတယ်။ သူရပ်နေတာ စေ့စပ်လက်စွပ်နဲ့လက်ထပ်လက်စွပ်တွေထားတဲ့ သီးသန့်ကောင်တာအရှေ့မှာ ဒါဟာ ..ကျွန်တော်တောင်းတဲ့ လက်ထပ်ခွင့်ကို လက်ခံလိုက်တဲ့ သဘောဆိုတာ လောက်တော့ ကျွန်တော်သိပါတယ်။ ကျွန်တော် ကြည်နူးမျက်ရည်ဝိုင်းသွားတယ်။

သူရွေးထားတဲ့လက်စွပ်ကို ကျွန်တော်က သူ့ရဲ့ညာဖက်လက်သူကြွယ်မှာ ဝတ်ပေးလိုက်ပြီးတော့ နောက်ထပ် ငွေဖြူမှုတ်ထားတဲ့ ရွှေလက်စွပ်ဒီဇိုင်း ရိုးရိုးလေးနှစ်ကွင်းကို ထပ်ယူလိုက်တယ်။

ပြီးတော့ သူ့လက်ကိုဆွဲပြီးတော့ အပြင်ကို ခိုင်မာတဲ့ ခြေလှမ်းကြဲတွေနဲ့ လှမ်းလျှောက်လာခဲ့တယ်။ တွဲထားတဲ့လက်မှာလည်း ယုံကြည်မှုတွေ အပြည့်နဲ့ပေါ့။

* * *

"ငါတို့ အခုဘယ်လိုလုပ်ကြမလဲ .. ခဏကြာရင် အိမ်ကိုစည့်သည်





တွေလာတော့မှာ .."

"အိမ်ကို ဖုန်းဆက်ပြီးအကျိုးအကြောင်းပြောလိုက်တော့ဟာ.. "

"ငါ မပြောရဲဘူး ... အသတ်ခံထိလိမ့်မယ် ..."

"ငါဆက်လိုက်မယ်ဟာ ... "

ကျွန်တော် အန်တီပေါက်တော့ကို ဖုန်းဆက်ပြီး ပြောပြလိုက်တယ်။ နောက်ပြီး ဇီဇဝါ့ဖုန်းနံပါတ်ပေးပြီးတော့ ဖုန်းဆက်ဖို့ရော အိမ်ကိုတစ်ခါတည်း သွားပေးဖို့ရော ပြောရတယ်။ ကျွန်တော်တို့ပြန်မလာရဲလို့ ထွက်ပြေးသွားပြီလို့။ အကြီးကြီးဒေါ်ပွကြမှာတော့ သေချာတယ်။ မတတ်နိုင်ဘူးဗျာ။တစ်ဘဝလုံးနဲ့ ဆိုင်တဲ့ကိစ္စဆိုတော့ ကိုယ်ဖြစ်ချင်တာကိုပဲ ကိုယ်ရွေးတ်လုပ်ရတော့မှာပေါ့။

" ငါတို့ ဘယ်သွားကြမှာလဲ အိမ်ရှေ့ ... "

" ဘုရားကျောင်းကို ... ... "

* * *

Revereneကို အကျိုးအကြောင်းပြောပြပြီးလျှောက်တော့ Rev - erene က သဘောတူပါတယ်။ သက်သေနှစ်ယောက် အနည်းဆုံးလို တယ်လို့ပြောတယ်။ သူငယ်ချင်းတွေဆီကို ဖုန်းဆက်ခေါ်ဖို့ဇီဇဝါ့ကိုပြောတော့ .." မဆက်ဘူး " တဲ့ " ရှက်တယ် " တဲ့ ။ ကျွန်တော်ပဲဆက်ရတာပေါ့။

နာရီဝက်အတွင်းမှာ အကုန်လုံးရောက်လာတယ်။ ကျွန်တော်တို့ နှစ်ယောက်ကို အထူးအဆန်းလို ဝိုင်းကြည့်ကြတယ်။ အိအိထွန်းကတော့ပြုံး လို့။ ကျွန်တော် ဒီပကို Happy Birthday လို့လှမ်းပြောလိုက်တယ်။

သူက

"ငါအစောကြီးထထားရတာ .. ပြန်အိပ်မလို့ဟာကို ..." တဲ့။

ကျွန်တော်သူ့ကို " အေး .. မင်းကအော်ဂင်သွားတီး "



www.burmeseclassic.com

www.burmeseclassic.com



လို့ပြောလိုက်တယ်။

* * *

စိုးစိုးနဲ့ ပင့်ကူက ကျွန်တော့် Best Man ပေါ့ ။ ဒီပက Wedding March ကိုတီးတယ်။ အိအိထွန်းက သတို့သမီးအရံ။ ဘုရားကျောင်းဝင်းထဲက စကားပန်းအဖြူပွင့်ကြီးကို ဇီဇဝါ့ကိုပန်ပေးထားကြတယ်။ သတို့သမီး ဂါဝန်ကြီး အစားပေါ့ ။ ကံကောင်းထောက်မစွာနဲ့ ဇီဇဝါရဲ့ဂါဝန်တိုတိုလေးကလည်း အဖြူရောင်ဖြစ်နေပါတယ်။ တိုတာတော့ တိုတာပေါ့လေ ။ သတို့သမီးကိုကျော်ကြီးက တွဲခေါ်လာပါတယ်။

"သတို့သမီးကို ဘယ်သူအပ်မှာလဲ"

" ကျွန်တော် အပ်ပါတယ် " လို့ ကျော်ကြီးကရင်ကော့ပြီးဖြေတယ်။

" သတို့သား Andrew .. သင်ဟာ ဤမိန်းကလေး မဇီဇဝါကို ကျန်းမာသည်ဖြစ်စေ ..နာဖျားသည်ဖြစ်စေ .. ဆင်းရဲသည်ဖြစ်စေ .. ချမ်းသာသည်ဖြစ်စေ .. ထာဝရချစ်ခင်စုံမက်၍ ပေါင်းဖက်လက်ထပ်ယူပါမည်လော .. "

"လက်ထပ်ယူပါမယ်.."

ဇီဇဝါ့ကိုလည်း အဲဒီအတိုင်းပဲမေးတယ်။ သူလည်း ရဲရဲဝံ့ဝံ့ လက်ထပ်ပါမယ့်အကြောင်းဖြေတယ်။

" သက်သေထားဖို့ ပါပါသလား "

ကျွန်တော်အောင်းဘီအိတ်ကပ်ထဲက လက်စွပ်လေးနှစ်ကွင်းကို ထုတ်ပေးလိုက်ပါတယ်။ Reverene က လက်စွပ်တစ်ကွင်းစီကို ဆုတောင်းပေးပြီးတဲ့နောက် ကျွန်တော်က ဇီဇဝါ့ဘယ်ဘက်လက်သူကြွယ်မှာ လက်စွပ်ကိုဝတ်ပေး







www.burmeseclassic.com



လိုက်တယ်။ ခီဇဝါကလည်းကျွန်တော့် ဘယ်ဘက်လက်သူကြွယ်မှာ လက်စွပ် ပြန်စွပ်ပေးတယ်။ဆုတောင်းစကားတွေနဲ့အတူ လက်ထပ်ပြီးတဲ့နောက်မှာ Reverene က..

"သတို့သမီးကို နမ်းနိုင်ပါတယ်.. " တဲ့..။

ရင်ဘတ်ထဲက လိပ်ပြာတွေအတောင်ပံခတ်တယ်။ ကျွန်တော့်မျက်ဝန်း တွေကတော့ တည်ငြိမ်နေပါလိမ့်မယ်။ ခီဇဝါ့လက်ဖျားတွေ အေးစက်လို့။ သူခေါင်းကိုငုံ့ထားတယ်။သူ့ ရင်ခုန်သံကိုတောင်ကျွန်တော် ကြားနေမိသလားပဲ ... ။

" ခီဇဝါ "

သူမော့ကြည့်တယ်။ အောက်နှုတ်ခမ်းလေးတွေ တုန်နေတယ်။ ကျွန်တော်နဲ့ မျက်နှာချင်းသိပ်နီးနေလို့ မြင်ရတာပါ။

" ငါ..နင့်ကို..ချစ်တယ် . . "

ဒါကျွန်တော့်ဘဝရဲ့ နောက်ဆုံး ရည်းစားစကားပဲ ဖြစ်ပါတယ်။ နောက်ကို ဘယ်သူ့ကိုမှ ကျွန်တော်ပြောတော့မှာမဟုတ်တဲ့ နောက်ဆုံးစကားပေါ့။

သူပြုံးတယ်။ ဒါပေမဲ့ မျက်လုံးတွေက အရည်ကြည်တွေလဲ့နေတယ်။ မျက်ရည်ဥလေးတစ်လုံးသူ့ပါးပြင်ကို လိမ့်ဆင်းလာတယ်။ သူအရမ်းပြုံးနေ ပါတယ်။

" ငါ..ငါလည်း နင့်ကိုချစ်တယ်အိန္ဒြေ .... "

ကျွန်တော် သူ့ကို ဖွဖွလေး နမ်းလိုက်ပါတယ်။

" ယနေ့မှစ၍ ဤသတို့သား သတို့သမီးမှ ဤလင်ဤမယား၊ ဓနီးမောင်နှံ ၊ လင်မယားဓနီးမောင်နှံမှ သားသမီးတို့၏ ဖခင် မိခင်များအဖြစ် အသက်ထက်ဆုံး ပေါင်းသင်းနိုင်ကြစေ"





ကျွန်တော်တို့ စာချုပ်မှာ လက်မှတ်ထိုးလိုက်ကြတယ်။ ကျွန်တော်တို့ရဲ့ သူငယ်ချင်းတွေကသက်သေလက်မှတ်ထိုးကြတယ်။ Reverene က စာချုပ် ကို လိပ်ပြီး ဖဲကြိုးနီနဲ့စည်းနှောင်ရင်းက -

" ဒါဟာ ကြိုးချည်နေတာမဟုတ်ဘူး " တဲ့ " ထုံးဖွဲ့တာ " တဲ့။ ကျွန်တော်တို့ လက်ထပ်ပြီးလို့ လမ်းလျှောက်လာတော့ ဒီပက Church Organ ကိုတီးပေးပြန်တယ်။

ကျော်ကြီးရယ် ပင့်ကူရယ်က ဗလာစာအုပ်တွေကိုဖြဲထားတဲ့ စက္ကူစ တွေနဲ့ ကျွန်တော်တို့ခေါင်းပေါ်ကိုကြဲတယ်။ ဒါဟာ အခမ်းနားဆုံးဆိုတဲ့ မင်္ဂလာပွဲတွေထက်သာပါတယ်။

* * *

" ထုံးစံအရတော့ မင်းငါတို့ကိုတစ်ခုခုလိုက်ကျွေးရမှာပေါ့ " မိုးစိုးက ပြောတယ်။ ဒီပက

" ငါ..ပွဲရှိသေးတယ်လေ..အိမ်ပြန်မယ်..ညကျဆုံကြတာပေါ့" တဲ့။

" စားစရာတွေဝယ်ပြီး ငါ့အိမ်ကသွားစောင့်နေ .. ငါနဲ့ ခီဇဝါနဲ့ ကျောက်မြောင်းမှာ ကိုဖိုးဇော်ကို ဝင်ခေါ်ပြီးလာခဲ့မယ် .. "

ကျွန်တော် အရေးတကြီးလုပ်စရာတစ်ခု ကျန်နေသေးတယ်လေ။ ကိုဖိုးဇော်ဆိုတာ ဆေးမင်ထိုးတဲ့ ဆရာကြီးပေါ့ ။ ကျွန်တော့် ကိုယ်ပေါ်မှာ ခီဇဝါ့ရဲ့ ရာသီခွင်ပုံ ဆေးမင်ကြောင်ထိုးရပါမယ်။ တစ်ခုတော့ရှိတယ်။

" ခီဇဝါ "

" ... ... "

" ငါ့ကျောပေါ်က အရုပ်တွေကို နင်သိတယ်နော် ..အရုပ်တွေရဲ့ ရာဇဝင်ကိုလည်း နင်သိတယ် နော် .. အခု ငါ့ကိုယ်ပေါ်မှာ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



Tattoo တစ်ခု ငါထိုးမယ် ·· နင့်ရဲ့ရာသီခွင်ပုံပေါ့ ··တစ်ခုတော့ရှိတယ် ·· အဲဒီပုံကို ငါနောက်ကျောမှာ မထိုးဘူး ··ငါ့ရဲ့ နှလုံးသားနဲ့ အနီးဆုံးဖြစ်တဲ့ ဘယ်ဘက်ရင်ဘတ်ပေါ်မှာ ငါထိုးမယ် ··· ''

ဇီဇဝါ ကျွန်တော့်ကို တင်းကြပ်စွာ ဖက်ထားလေရဲ့ ။ ဘယ်တော့မှ မလွှတ်ပေးတော့ဘူးဆိုတဲ့အထာမျိုးနဲ့ ။ ကျွန်တော်လည်း သူ့ထက်မလျော့တဲ့ စွမ်းအင်တွေနဲ့ သူ့ကိုပြန်ဖက်ထားလိုက်တယ်။ အဲဒီခဏမှာပဲ ကျွန်တော်တို့ရဲ့ ပါးစပ်က ခဏခဏပြောပြောနေတဲ့ ' အချစ် ' ဆိုတဲ့ အဲဒီဟာကြီးကို ကျွန်တော် နားလည်လိုက်ပါတယ်။

* * *



BURMESE CLASSIC .com



နိဂုံး

သံသရာရဲ့ Recycle သဘောတရား အရဆိုရင်
Z ပြီးရင် A ပြန်စရမှာပေါ့ ···
A ဆိုတဲ့ Andrew က Z ဆိုတဲ့ဇီဇဝါကို
ဒီတာမျက်နှာပေါ်က ထွက်ခွာခွင့်မပေးတော့ ···

**A + Z**



www.burmeseclassic.com

www.burmeseclassic.com



ဒီပရဲ့ Stage Show မှာပေါ့ ။ ကျွန်တော်တို့ပျော်ရွှင်စွာ ကခုန်ကြတယ်။ ဒီပကလည်း စန္ဒာကိုစင်ပေါ်မှာပဲ လက်ထပ်ခွင့်တောင်းတယ်။ သူ့ပရိတ်သတ်တွေက ကောင်းချီးပေးပါတယ်။ ဇီဇဝါ့အိမ်ကလည်း ပထမတော့ စိတ်ဆိုးတာပေါ့။ မျက်နှာပျက်ရတယ် ဘာညာနဲ့ ပြောတယ်တဲ့ ။ နောက်တော့လည်း ခွင့်လွှတ်သွားမှာပါ။ ဒီကောင်က သားမှတ်မှတ် မယား မှတ်မှတ်ပေါင်းမှာပါလို့ အသားယူပြီး ပြောလိုက်ချင်တယ်။

ကျွန်တော်တို့အားလုံး ပျော်နေကြပါတယ်။

ဘဝမှာ

သူချစ်တစ်ယောက်

ကိုယ်ချစ်တစ်ယောက်

နောက်ပြီး

သူငယ်ချင်းတစ်ယောက်ရှိတယ်ဆိုပါတော့ ။

ခင်ဗျားဆိုရင် ဘယ်သူ့ကိုရွေးမလဲ .. .. ..





ကိုယ့်အတွက် အစစ်အမှန်ဆိုတာ ကိုယ်ကတကယ်တစ်သက်လုံး မြတ်မြတ်နိုးနိုး ချစ်နိုင်တဲ့သူရယ်၊ ကိုယ့်ကို အနွံအတာခံ စာနာနားလည်နိုင်တဲ့ သူရယ် ထပ်တူကျသွားတဲ့အခါမှာ ဖြစ်ပေါ်လာတာပဲ ဖြစ်လိမ့်မယ်။

ကိုယ့်ရင်ထဲကလွှင့်တဲ့ Signal တွေကို သူဖမ်းယူရရှိသွားပြီး သူ့ရင်ထဲက DATA တွေကိုကိုယ် Download လုပ်ပြီးသွားတဲ့အခါ အချစ်တစ်ခုဖြစ် လာတယ်နဲ့တူပါရဲ့။

ကျွန်တော့်ရဲ့ အစစ်အမှန်ကို ကျွန်တော်ရှာဖွေတွေ့ရှိခဲ့တယ်လို့ အမှန်ယုံ ကြည်ပါတယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com



- နောက်ဆက်တွဲ -

ငါးနှစ်ခန့်အကြာမှာပေါ့။ လက်မောင်းပေါ်မှာ ဆေးမင်နှစ်ခုထပ်ထိုးလိုက်မိတယ်။ စုတ်ချက်တွေကတကယ်ကြီး နက်ရှိုင်းလှတယ်။ကျွန်တော်နဲ့ ဓိဇဝါရဲ့ သမီးကလေးနှစ်ယောက်ပုံဖြစ်ပါတယ်။ ဓိဇဝါ့ကိုတော့ ``ဒါတကယ်နောက်ဆုံးပုံပဲ '' လို့ပြောလိုက်တယ်။ ဒါပေမဲ့ အဖိုးကြီးဖြစ်လို့မြေးကလေးတွေရရင်တော့ မပြောတတ်ဘူး ..

စိုင်းစိုင်းခမ်းလှိုင်

21 July 07

8:08 PM.

BURMESE CLASSIC .com



www.burmeseclassic.com